ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့ မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာ ဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)

၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ စနေနေ့။ Saturday, 9 January 2021 ၁၀၂၅၂

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၁)သို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇန်နဝါရီ ၈

အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ(၁/၂၀၂၁) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကားပြောကြားသည်။

**ဆွေးနွေး**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗဟိုကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ခရီးသွားလုပ်ငန်းဆိုင်ရာ တတ်သိပညာရှင်များ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❐



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ


လူငယ်အများ သွေးသန့်စင်၊ အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင်

စာမျက်နှာ » ၆

မြန်မာနိုင်ငံ၏ စီးပွားရေးဝန်းကျင် ခိုင်မာအားကောင်းလာစေရေးကို ထပ်မံပံ့ပိုးပေးမည့် OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မူဝါဒ ဒုတိယအကြိမ် လေ့လာသုံးသပ်ချက်(၂၀၂၀)

စာမျက်နှာ » ၁၀

အမေရိကန် လွှတ်တော်စီးနင်းမှုဖြစ်စဉ်အပြီး အစိုးရအဖွဲ့ဝင်များ ရာထူးမှနုတ်ထွက်

စာမျက်နှာ » ၁၂

ဗီဇပြောင်းပိုင်းရပ်စ်ကြောင့် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များ တိုးမြှင့်ချမှတ်ရန် ဥရောပနိုင်ငံများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း

စာမျက်နှာ » ၁၃


## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဇန်နဝါရီ ၈

| | | |
|---|---|---|
| ဟားခါး | ၃ | ဒီဂရီစင်တီဂရိတ် |
| ဟဲဟိုး | ၇ | ဒီဂရီစင်တီဂရိတ် |
| မိုင်းယန်း | ၇ | ဒီဂရီစင်တီဂရိတ် |
| လားရှိုး | ၈ | ဒီဂရီစင်တီဂရိတ် |
| ကျောက်မဲ | ၈ | ဒီဂရီစင်တီဂရိတ် |
| နမ့်စန် | ၈ | ဒီဂရီစင်တီဂရိတ် |
| ပင်လောင်း | ၈ | ဒီဂရီစင်တီဂရိတ် |
| မင်းတပ် | ၈ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၈ | ဒီဂရီစင်တီဂရိတ် |

**မြန်မာနိုင်ငံသူ ၊ နိုင်ငံသားများအားလုံး COVID-19 ကပ်ရောဂါဘေးမှ အမြန်ဆုံးလွတ်ကင်းပါစေကြောင်း ဆုတောင်းမေတ္တာပို့ သအပ်ပါသည်...**

ထွန်းရွှေဝါတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး

## ကြေးမုံ

# ဗီဇပြောင်းဗိုင်းရပ်စ်ကို သတိပြုတားဆီး

ကမ္ဘာပေါ်၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေဆဲကာလတွင် ယခုအခါ ကိုရိုနာဗိုင်းရပ်စ် ဗီဇပြောင်းမျိုးသစ်နှစ်မျိုးကို ထပ်မံတွေ့ရှိလာသည်။ ယမန်နှစ်ဒီဇင်ဘာလ ဒုတိယပတ်က ဗြိတိန်တွင် အလွန်ကူးစက်မြန်သည့် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ပိုးသစ်ကို တွေ့ရှိပြီးနောက် တောင်အာဖရိကတွင်လည်း အလွန်ကူးစက်မြန်သည့် ဗီဇပြောင်းဗိုင်းရပ်စ်ပိုးသစ်တစ်မျိုးကို ထပ်မံတွေ့ရှိခဲ့ပြန်သည်။

ယခုအခါ ဂျပန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၃၃ နိုင်ငံ၌ ရောဂါပိုးသစ်ကူးစက်ပျံ့နှံ့နေပြီး မြန်မာနိုင်ငံနှင့် ထိစပ်သည့် အိမ်နီးချင်းနိုင်ငံများသို့လည်း ကူးစက်လာနေပြီဟု သိရသည်။ ထို့ကြောင့် ပြည်တွင်း၌ ဗိုင်းရပ်စ်ပိုးသစ်ကူးစက်မှုမရှိစေရေး ဒေသန္တရအစိုးရများက တင်းတင်းကျပ်ကျပ် ကာကွယ်တားဆီးဆောင်ရွက်နေသည်။ အထူးအားဖြင့် ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြည်ပနိုင်ငံများမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ရောဂါပိုးတွေ့သူများကို အထူးဂရုစိုက်၍ ကြပ်မတ်ကုသမှုပေးနေပြီး အိမ်နီးချင်းနိုင်ငံများမှ ခိုးဝင်လာမှုမရှိစေရေး ရှာဖွေစစ်ဆေးကာ ဗိုင်းရပ်စ်ပိုးသစ် ပြည်တွင်းသို့ ရောက်မလာအောင် တားဆီးနေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဗီဇပြောင်းဗိုင်းရပ်စ်ပိုးသစ်နှစ်မျိုး ကူးစက်ခံရသူများအား လေ့လာခဲ့ရာတွင် ကူးစက်သည့် ဗိုင်းရပ်စ်အမျိုးအစား ကွဲပြားသော်လည်း အလွန်ကူးစက်မြန်မှုနှင့် ရောဂါလက္ခဏာများအားလုံး တူညီနေသည်ဟု ဆိုသည်။ ဗီဇပြောင်းဗိုင်းရပ်စ်ပိုးသစ်မှာ ကူးစက်မှုနှုန်း အလွန်မြန်ခြင်းသာ ထူးခြားနေသည်။ ယခုအခါ ကာကွယ်ဆေးများ စတင်ဖြန့်ဖြူးနေပြီး နိုင်ငံအချို့တွင် ဆေးစတင်ထိုးနှံမှုများ ပြုလုပ်နေပြီဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့်လည်း ကာကွယ်ဆေးဝယ်ယူရန် စီမံဆောင်ရွက်ထားပြီး ယခုနှစ်အတွင်း ပြည်သူများအား ဦးစားပေးအဆင့်အတန်းအလိုက် ထိုးနှံပေးမည်ဖြစ်သည်။

ယခုအခါ ကမ္ဘာတစ်ဝန်း ဖြန့်ချိထိုးနှံပေးနေပြီဖြစ်သော ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် ဗိုင်းရပ်စ်ပိုးသစ်အပေါ် သက်ရောက်မှုရှိသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။ ကူးစက်မြန် ဗိုင်းရပ်စ်ပိုးသစ် နိုင်ငံများ၌ ပျံ့နှံ့မှုဖြစ်နေချိန်တွင် ပြည်ပမှ နိုင်ငံအတွင်း ဝင်ရောက်နေသူများရှိနေ၍ အထူးသတိထား ကာကွယ်တားဆီးကြရမည်ဖြစ်သည်။ ယခုအခါ နိုင်ငံများတွင် ပျံ့နှံ့လျက်ရှိပြီး အလွန်ကူးစက်မှုမြန်သည့် မျိုးဗီဇပြောင်းလဲမှုရှိသော SARS-CoV-2 ရှိသူတစ်ဦးဦး ဝင်ရောက်ခြင်းကို မတားဆီးနိုင်ပါက မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုများ အလျင်အမြန် ပြန်လည်များပြားလာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုလျော့ကျလာနေချိန်တွင် ကူးစက်မြန်ဗိုင်းရပ်စ်ပိုးသစ်အန္တရာယ်ရှိလာသောကြောင့် လုံးဝ(လုံးဝ) ပေါ့ဆ၍မရသောအချိန်ဖြစ်သည်ကိုလည်း သတိပြုရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူများတွင် ရောဂါလက္ခဏာမပြဘဲ ရပ်တည်နေသူများမှာ ရာခိုင်နှုန်း ၆၀ မှ ၈၀ အထိရှိနေပြီး ရောဂါအခံရှိသူများနှင့် သက်ကြီးရွယ်အိုများ ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးမှုမှာ ၈၀ ရာခိုင်နှုန်းအထိ ရှိနေခြင်းတို့ကြောင့် အလွန်ကူးစက်မြန်သည့် ဗိုင်းရပ်စ်ပိုးသစ် မြန်မာပြည်သို့ရောက်ရှိမလာအောင် ဝိုင်းဝန်းကာကွယ်တားဆီးကြရမည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါသည် လောလောဆယ်တွင် ကမ္ဘာပေါ်မှ လုံးဝပျောက်ကွယ်သွားမည့် အနေအထားမရှိဘဲ အချိန်ကာလကြာမြင့်စွာရှိနေဦးမည်ဖြစ်ပြီး ကူးစက်မှုပမာဏ အနည်း/အများ၊ ရောဂါပြင်းထန်မှု အပြင်း / အပျော့သာ ကွာခြားမှုရှိမည်ဖြစ်ရာ ကိုဗစ်နှင့်အတူ ကာကွယ်တားဆီးခြင်းဖြင့် နေနိုင်ရန် ရရှိထားသော အရှိန်အဟုန်ကိုမလျှော့ဘဲ ဆက်လက်အရှိန်မြှင့်ဆောက်ရွက်ကြရမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကာကွယ်ရေးနည်းလမ်းများကို တိတိကျကျလိုက်နာကြမှသာလျှင် ရောဂါကူးစက်ပျံ့နှံ့မှု နှေးကွေးသွားပြီး လက်ခံနိုင်သော အဆင့်တစ်ခုသို့ ရောက်မှသာ ပြည်သူများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေးလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်မည်ဟူသောအချက်ကို သတိချပ်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါသည် ရောဂါပိုးရှိသူတစ်ဦးမှ ပြည်သူအများသို့ကူးစက်နိုင်သည့်အတွက် ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းလာနေသည့်အချိန်တွင် ကူးစက်မြန်ဗိုင်းရပ်စ်ပိုးသစ် မြန်မာပြည်အတွင်း ရောက်ရှိမလာစေရန် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးစည်းကမ်းများကို ပြည်သူတိုင်း အလေးထားလိုက်နာပြီး ပတ်ဝန်းကျင်တွင် ရောဂါအန္တရာယ်နှင့် မသင်္ကာဖွယ်ရာများတွေ့ရှိရပါက သတင်းပေးပို့ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း အင်းစိန်ဗဟိုအကျဉ်းထောင်နှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မီးသတ်စခန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၈**


ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းသည် ယမန်နေ့ နံနက် ၈ နာရီခွဲတွင် တာဝန်ရှိသူများနှင့်အတူ အင်းစိန်ဗဟိုအကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့ရာ အကျဉ်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်း၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဇော်၊ အကျဉ်းထောင် တာဝန်ခံအရာရှိနှင့် အကျဉ်းထောင် တာဝန်ရှိသူများက အကျဉ်းထောင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် အကျဉ်းထောင်အတွင်းနှင့် အပြင်၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကာကွယ်၊ ထိန်းချုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုများကို Power Point ဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗဟိုကင်းပေါ်သို့ တက်ရောက်၍ အကျဉ်းထောင်တွင်း အဆောက်အအုံများ ကြည့်ရှုခြင်း၊ အကျဉ်းထောင်တွင်း ဝင်ရောက်၍ ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် အမှုစစ်ဆေးနေမှုအခြေအနေနှင့် ကျသစ်၊ ချုပ်သစ်များအား Quarantine ထားရှိသည့် အိပ်ဆောင်များအား ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများကို တွေ့ဆုံမှာကြားသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းသည် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်ရှိ Command and Control Center တွင် မီးဘေးနှင့် အခြားသော သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက လျင်မြန်စွာ ထိန်းချုပ်ကွပ်ကဲတုံ့ပြန်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်ထားရှိသည့် အဆင့်မြင့်နည်းပညာရပ်များ၊ အထောက်အကူပြုနည်းစနစ်များနှင့် အထပ်မြင့် အဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများနှင့် အခြားသော လုပ်ငန်းများအတွက် မီးဘေးလုံခြုံရေး စစ်ဆေးအကြံပြုချက်များနှင့် မီးဘေးလုံခြုံရေး စစ်ဆေးထောက်ခံချက်များ ရယူလျှောက်ထားဆောင်ရွက်ရာတွင် အွန်လိုင်းစနစ်မှ ထုတ်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင်ရှိ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်မီးသတ်စခန်းသို့ ရောက်ရှိပြီး မီးသတ်စခန်းတွင် ထားရှိသည့် မီးသတ်ယာဉ်/စက် ပစ္စည်းကိရိယာများကို ကြည့်ရှုစစ်ဆေး၍ တပ်ဖွဲ့ဝင်များ၏ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးစွမ်းရည် သရုပ်ပြသမှုတို့ကို ကြည့်ရှုအားပေးသည်။

ယင်းနောက် တပ်ဖွဲ့ဝင်များကို ခွန်အားဖြည့်ရိက္ခာများ ပေးအပ်ကာ မီးသတ်စခန်းအတွင်းရှိ တပ်ဖွဲ့ဝင် နေအိမ် လိုင်းခန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၈-၁-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၈၀၀ | ၉,၈၀၀ | ၁,၀၁၄ | ၉,၈၃၀,၈၀၀ |
| MTSH | ၃,၇၅၀ | ၃,၇၀၀ | ၂,၀၁၂ | ၇,၅၂၈,၁၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၂ | ၁၆,၂၀၀ |
| FPB | ၂၂,၅၀၀ | ၂၂,၅၀၀ | ၁ | ၂၂,၅၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၉၀ | ၂၅၂,၀၀၀ |
| EFR | ၃,၆၀၀ | ၃,၆၅၀ | ၄၃၀ | ၁,၅၄၉,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၈

ရန်ကုန်(ရွှေဈေး) ၁၃၃၀၅၀၀ မန္တလေး(ရွှေဈေး) ၁၃၃၀၅၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၂၀/၆၈၀ ကျပ် | ၆၈၀/၆၉၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၆၁၀/၆၆၅ ကျပ် | ၆၆၅/၆၇၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၀၅/၇၄၀ ကျပ် | ၇၈၀/၈၀၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၅၈၅/၆၂၅ ကျပ် | ၆၅၅/၆၆၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၅၇၅/၅၈၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၅/၅၉၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၅၇၀/၅၇၅ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၂၈.၅ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၂၄.၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၅.၃၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၁၈၈ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၉.၄၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၀၉၇ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၃၂.၃ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၂.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၇၈.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁.၆၆ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးဝမ်းစိုး၊ ဒေါ်မေလှဲ့သင်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်ချောစုလှိုင်နှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီ (၁/၂၀၂၁) အစည်းအဝေးတွင် ပြောကြားသည့် အဖွင့်အမှာစကား

(၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၈ ရက်)

ဒီနေ့ကျင်းပတဲ့ အစည်းအဝေးကို တက်ရောက်လာတဲ့ ဧည့်သည်တော်တွေအားလုံးကို ကျန်းမာ၊ ချမ်းသာကြပါစေလို့ ဆုတောင်းမေတ္တာပို့ရင်းနဲ့ နှုတ်ခွန်းဆက်ပါတယ်။

မြန်မာနိုင်ငံရဲ့ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီတဲ့ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းမှာ COVID–19 သက်ရောက်မှုတွေ ကုစားရေးကိုပါ ထည့်သွင်းထားတဲ့ မြန်မာ့စီးပွားရေးနာလန်ထူရေးနဲ့ ပြုပြင်ပြောင်းလဲရေးစီမံချက်ကို မကြာခင် ထုတ်ပြန်သွားဖို့ရှိပါတယ်။ ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီတို့ရဲ့ အကြံပြုချက်တွေနဲ့အတူ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက လုပ်ငန်းအသင်းအဖွဲ့တွေနဲ့ပူးပေါင်းပြီး ခရီးသွားကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံကို ရေးဆွဲခဲ့ပါတယ်။ ကာလတို၊ ကာလလတ်၊ ကာလရှည် မဟာဗျူဟာရည်မှန်းချက်တွေ ပါဝင်ရေးဆွဲထားတဲ့ ဒီလမ်းပြမြေပုံကို COVID–19 ကာလ မြန်မာ့စီးပွားရေးလုပ်ငန်း ပြန်လည်ကုစားရေးအစီအစဉ်နဲ့ ချိတ်ဆက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ပြန်လည်ရှင်သန်ရေးလုပ်ငန်းစဉ်မှာ အရေးအကြီးဆုံးကိစ္စကတော့ ခရီးသွားတွေနဲ့ ဝန်ဆောင်မှုပေးတဲ့ ဝန်ထမ်းတွေ ဘေးကင်းလုံခြုံရေးပဲဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနတွေက ထုတ်ပြန်ထားတဲ့ COVID–19 ကပ်ရောဂါ ထိန်းသိမ်းကာကွယ်ရေး လမ်းညွှန်ချက်တွေနဲ့ ပေါင်းစည်းပြီး COVID–19 ရောဂါ ကင်းစင်ရေးဆိုင်ရာ အမျိုးသားခရီးသွားလုပ်ငန်းလမ်းညွှန်ကို လက်စွဲအဖြစ် ထုတ်ပြန်ဖို့ ဆောင်ရွက်နေပါတယ်။

လုံခြုံစိတ်ချရတဲ့ မြန်မာ့ခရီးသွားအမှတ်တံဆိပ်အတွက် "စွဲမက်ဖွယ်ရာ ပြည်မြန်မာ"၊ ကျန်းမာရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေး လုပ်ထုံးလုပ်နည်း၊ လုပ်ငန်းစဉ်တွေကိုလည်း အတည်ပြုထားပြီးဖြစ်ပါတယ်။ ဒီလုပ်ထုံးလုပ်နည်းတွေကို လက်တွေ့အကောင်အထည်ဖော်တဲ့အခါမှာ ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ အသိအမှတ်ပြုအမှတ်တံဆိပ် ရရှိရေးအတွက် သက်သက်သာမဟုတ်ဘဲ အလေ့အထတစ်ရပ်လို စနစ်တကျ လိုက်နာဆောင်ရွက်နိုင်တဲ့အထိ လေ့ကျင့်သွားကြရမှာ ဖြစ်ပါတယ်။ အခါအားလျော်စွာ စစ်ဆေးတာတွေ၊ ကြပ်မတ်တာတွေ လုပ်ဆောင်သွားဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ ကောက်ရိုးမီးလိုမျိုး တစ်ခဏတာ မဟုတ်ဘဲ စနစ်တစ်ခုအဖြစ် အမြဲတမ်းတည်ရှိနေအောင် သက်ဆိုင်ရာဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်သွားကြဖို့လည်း တိုက်တွန်းလိုပါတယ်။



အခုအချိန်မှာ ဒီလုပ်ထုံးလုပ်နည်းတွေနဲ့အညီ အပျော်စီးလေယာဉ်ခရီးစဉ်တွေ၊ မြစ်တွင်းရေယာဉ်ခရီးစဉ်တွေ စတင်ပြီး ဆောင်ရွက်နေပြီဖြစ်ပါတယ်။ ဆက်လက်ပြီးလည်း ကမ်းခြေဒေသတွေကို စည်းမျဉ်းစည်းကမ်းနဲ့အညီ ပြန်လည်ဖွင့်လှစ်နိုင်ဖို့ စီမံချက်တွေလည်း ရေးဆွဲနေပါတယ်။ ခရီးသွားလုပ်ငန်းဟာ ကမ္ဘာနဲ့ချီပြီး အခက်အခဲတွေ တွေ့ကြုံနေရပါတယ်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာစေဖို့ဆိုရင် ကျွန်မတို့ရဲ့ ရှေးအစဉ်အလာတွေ၊ တိုင်းရင်းသားယဉ်ကျေးမှုတွေအပြင် ပြည်သူတွေရဲ့ နေ့စဉ်လူမှုဘဝတွေကိုပါ ဖော်ကျူးပြသနိုင်တဲ့ လူထုအခြေခံခရီးသွားလုပ်ငန်းတွေကို ဆက်ပြီး အားပေးမြှင့်တင်သွားကြစေချင်ပါတယ်။

ဒါ့အပြင် ကျေးလက်ဒေသရဲ့ အငွေ့အသက်တွေ၊ ဒေသတစ်ခုစီရဲ့ ထူးခြားမှုတွေ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေကို ခရီးသွားတွေ စိတ်ပါဝင်စားအောင် စီစဉ်ဆောင်ရွက်နိုင်ဖို့ လိုပါတယ်။ ကျေးလက်ဒေသတွေမှာ သန့်ရှင်းမှု၊ လုံခြုံမှု၊ ကျန်းမာရေးနဲ့ညီညွတ်မှု၊ ဈေးနှုန်းသင့်တင့်မှု၊ ရှေးရိုးလည်းမပျက်ဘဲ တီထွင်ဆန်းသစ်မှုတွေပေါ်ထွက်လာစေမယ့် အသေးစားလုပ်ငန်းလေးတွေ၊ ဒေသခံစားသောက်ဖွယ်ရာတွေ၊ တည်းခိုခန်းလေးတွေ၊ ဟိုတယ်လေးတွေ ထွန်းကားလာအောင်လည်း အားထုတ်ကြရမှာဖြစ်ပါတယ်။

လုံခြုံစိတ်ချရပြီး နှစ်လိုဖွယ်ရာကောင်းတဲ့ ခရီးသွားဒေသတစ်ခု ဖြစ်လာဖို့ဆိုရင် ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေ၊ ဝန်ကြီးဌာနတွေ၊ ပုဂ္ဂလိကအသင်းအဖွဲ့တွေ၊ ဒေသခံပြည်သူတွေ အားလုံးပူးပေါင်းပြီး ကြိုးပမ်းကြရမှာဖြစ်ပါတယ်။ ဒေသအလိုက် ရှိရင်းစွဲအားသာချက်တွေကို အကောင်းဆုံးဖြစ်အောင် ဖော်ထုတ်ပြီး ဆွဲဆောင်နိုင်ဖို့အတွက် အတွေးသစ်၊ အမြင်သစ်၊ စိတ်ကူးအသစ်တွေနဲ့ ဆောင်ရွက်သွားကြဖို့ လိုအပ်မှာဖြစ်ပါတယ်။ ခရီးသွားဈေးကွက် မြှင့်တင်ကြရာမှာလည်း ခေတ်နဲ့အညီ ကမ္ဘာလုံးဆိုင်ရာ ဒစ်ဂျစ်တယ်ပလက်ဖောင်းတွေကို ထိုးဖောက်နိုင်ကြဖို့လည်း လိုပါတယ်။ တီထွင်ဆန်းသစ်မှု၊ နည်းပညာနဲ့ ဈေးကွက်မြှင့်တင်မှုတွေကို ဟန်ချက်ညီညီပေါင်းစပ်ပြီး ဆောင်ရွက်သွားကြနိုင်မှ ခရီးသွားလုပ်ငန်းဈေးကွက်မှာ တိုးနိုင်မှာဖြစ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ ခရီးသွားလုပ်ငန်းနဲ့ ပြည်ထောင်စုရဲ့အကျိုးပဲ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ ပြည်ထောင်စုနိုင်ငံဖြစ်ပါတယ်။ တိုင်းရင်းသားလူမျိုးပေါင်းစုံနဲ့ တည်ထောင်ထားတဲ့နိုင်ငံဖြစ်တဲ့အတွက် ဘာလုပ်ငန်းပဲလုပ်လုပ်၊ ပြည်ထောင်စုအကျိုးကို နှလုံးသွင်းဆောင်ရွက်ကြဖို့ လိုပါတယ်။ ခရီးသွားလုပ်ငန်းကို မြှင့်တင်ကြရာမှာလည်း နေရာဒေသတစ်ခုတည်းကို ကွက်ကွက်လေးမကြည့်ဘဲ ပြည်ထောင်စုကြီးတစ်ခုလုံး ဆက်စပ်အကျိုးဖြစ်ထွန်းစေမယ့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြဖို့ကိစ္စဟာ အင်မတန်မှ အရေးကြီးပါတယ်။ ခရီးသွားတွေအတွက် ခရီးစဉ်လမ်းကြောင်းတွေကို စိတ်ဝင်စားစရာကောင်းအောင် ဒေသတစ်ခုနဲ့တစ်ခု ချိတ်ဆက်စဉ်းစားဖော်ဆောင်ခြင်းနဲ့ ခရီးသွားလုပ်ငန်းကြောင့် တိုင်းရင်းသားပြည်သူတွေအကြား ပိုပြီးနီးစပ်၊ ပိုပြီးညီညွတ်လာနိုင်စေမှာဖြစ်ပါတယ်။

စိန်ခေါ်မှုတွေ အများကြီးရင်ဆိုင်နေရတဲ့ မြန်မာ့ခရီးသွားလုပ်ငန်းတွေ အမြန်ဆုံး ပြန်လည်ရှင်သန်ပြီး ဘေးကင်းလုံခြုံစွာ ပြန်လည်လည်ပတ်နိုင်ဖို့ အားလုံးက ညီညီညွတ်ညွတ်နဲ့ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြဖို့ အလေးအနက် တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။ ကျန်းမာ၊ ချမ်းသာကြပါစေ။

❖ **လုံခြုံစိတ်ချရပြီး နှစ်လိုဖွယ်ရာကောင်းတဲ့ ခရီးသွားဒေသတစ်ခု ဖြစ်လာဖို့ဆိုရင် ပြည်ထောင်စုနဲ့ တိုင်းဒေသကြီး/ပြည်နယ်အစိုးရတွေ၊ ဝန်ကြီးဌာနတွေ၊ ပုဂ္ဂလိကအသင်းအဖွဲ့တွေ၊ ဒေသခံပြည်သူတွေ အားလုံးပူးပေါင်းပြီး ကြိုးပမ်းကြရမှာဖြစ်။**

❖ **ဒေသအလိုက် ရှိရင်းစွဲအားသာချက်တွေကို အကောင်းဆုံးဖြစ်အောင် ဖော်ထုတ်ပြီး ဆွဲဆောင်နိုင်ဖို့အတွက် အတွေးသစ်၊ အမြင်သစ်၊ စိတ်ကူးအသစ်တွေနဲ့ ဆောင်ရွက်သွားကြဖို့ လိုအပ်။**

## COVID-19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေထူထောင်ထားရှိမှုနှင့်ပတ်သက်၍ အသိပေးကြေညာချက်

၁။ Coronavirus Disease 2019 (COVID –19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသည် COVID–19 ကာကွယ်ဆေးများ ဝယ်ယူရရှိနိုင်ရေးအတွက် COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေစီမံခန့်ခွဲမှု ဆပ်ကော်မတီကို (၃၀–၁၂–၂၀၂၀) ရက်နေ့တွင် ဖွဲ့စည်းထားပြီးဖြစ်ပါသည်။ ၎င်းဆပ်ကော်မတီမှ COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund)ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်ပါသည် –

(က) **COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012)။** ၎င်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေ၊ ကျပ် ၃၃၈ ဘီလီယံခန့်နှင့်ညီမျှသော အမေရိကန်ဒေါ်လာ သန်း ၂၅၀ ကို စတင်ထည့်သွင်းပေးထားမည်ဖြစ်ပါသည်။

(ခ) **COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ(မြန်မာကျပ်ငွေစာရင်း အမှတ် OA 013733)။** ၎င်းစာရင်းတွင် နိုင်ငံတော်မှ မတည်ရန်ပုံငွေကျပ် သန်း ၁,၀၀၀ ကို စတင်ထည့်သွင်းထားပါသည်။

၂။ သို့ဖြစ်ပါ၍ ကာကွယ်ဆေးဝယ်ယူရေးအတွက် ပြည်တွင်း/ပြည်ပမှ ပါဝင်လှူဒါန်းလိုကြသော ပြည်သူများ၊ အဖွဲ့အစည်းများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)ရှိ COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေး ရန်ပုံငွေ (နိုင်ငံခြားငွေစာရင်းအမှတ် EDC 600012)သို့ မည်သည့် နိုင်ငံခြားငွေ အမျိုးအစားကိုမဆို ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေ (မြန်မာကျပ်ငွေစာရင်းအမှတ် OA 013733) သို့ မြန်မာကျပ်ငွေဖြင့် ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၃။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ပါသည် –

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ် | ၀၆၇ ၃၄၃၀၁၅၆ |
| ငွေတိုက်ဦးစီးဌာန | ၀၆၇ ၃၄၃၀၁၅၈ |

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

❒ ရှေ့ဖုံးမှ

အစည်းအဝေး(၁/၂၀၂၁)သို့ ပေးပို့သည့် အမှာစကား ဗီဒီယိုကို ပြသသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပြောကြားသည့် အမှာစကားကို စာမျက်နှာ(၃) တွင် ဖော်ပြထားပါသည်။)**

ထို့နောက် ဒုတိယသမ္မတက အမှာစကား ပြောကြားရာတွင် ၂၀၂၁ ခုနှစ်တွင် စတင်ကျင်းပသည့် ယနေ့အစည်းအဝေး၏ ရည်ရွယ်ချက်မှာ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို တင်ပြရန်နှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးကြရန် ဖြစ်ပါကြောင်း၊ မကြာမီ နိုင်ငံတကာ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအတွက် ပြင်ဆင် ဆောင်ရွက်ထားကြရမည့်ကိစ္စရပ်များကိုလည်း ဆွေးနွေးကြမည် ဖြစ်ပါကြောင်း။

**ထိခိုက်ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရ**

COVID-19 ရောဂါကူးစက်ပျံ့နှံ့မှုသည် မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံး၏ လူမှုစီးပွားရေးကဏ္ဍအားလုံးကို သက်ရောက်မှုရှိခဲ့ပြီး ခရီးသွားလုပ်ငန်းကဏ္ဍအပေါ် အပြင်းထန်ဆုံး အကျိုးသက်ရောက်မှုဖြစ်ပေါ်ခဲ့သည်ဟု သိရှိရပါကြောင်း၊ ခရီးသွားလုပ်ငန်းကို မှီခိုနေသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ထိခိုက်ဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ရပြီး ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ စာရင်းဇယားများအရ ခရီးသွားလုပ်ငန်းနှင့် တိုက်ရိုက်ပတ်သက်သည့် အလုပ်အကိုင် သန်း (၁၀၀)ခန့် ဆုံးရှုံးနေသည်ဟု သိရှိရပါကြောင်း၊ အမျိုးသမီးများနှင့် လူငယ်အများစု လုပ်ကိုင်နေသော အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းအပေါ် အဓိကထိခိုက်နေပြီး စီးပွားရေး အခြေအနေ၊ လူမှုရေးနှင့် ကျန်းမာရေးအခြေအနေများကိုသာမက ယဉ်ကျေးမှုကဏ္ဍမှ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်မှုများနှင့် လူမှုအသိုင်းအဝိုင်းများအပေါ်၌ပါ ဖိအားပေးမှုနှင့် ရေရှည်အကျိုးထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရှင်းလင်းတင်ပြစဉ်။

မြန်မာနိုင်ငံ၌ COVID-19 ရောဂါ စတင်ရောက်ရှိလာချိန်တွင် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုနှင့်အညီ အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီသည် COVID-19 စီးပွားရေးထိခိုက်မှု သက်သာရေးစီမံချက်(CERP)၏ နောက်ဆက်တွဲအဖြစ် အဆင့်(၃)ဆင့်ပါဝင်သည့် COVID-19 မြန်မာ့ခရီးသွားလုပ်ငန်းထိခိုက်မှု သက်သာရေးစီမံချက် (၂၀၂၀)ကို ရေးဆွဲအတည်ပြုချက်ရယူ၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါကြောင်း။

ပထမအဆင့်ဖြစ်သည့် Survival တွင် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၏ လိုင်စင်ကြေးများကို တစ်နှစ်တာ ကင်းလွတ်ခွင့်ပြုပေးခဲ့ရာ ဟိုတယ်နှင့် တည်းခိုခန်းများ သက်သာခွင့် ငွေကျပ်သန်း ၅၀၀ ကျော်၊ ခရီးလှည့်လည်ရေးလုပ်ငန်းများ သက်သာခွင့် ငွေကျပ်သန်း ၄၅၀ နီးပါးနှင့် ဧည့်လမ်းညွှန်များ သက်သာခွင့် ငွေကျပ် သန်း ၁၀၀ နီးပါး ရရှိစေခဲ့ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများက ပေးဆောင်ရန်ရှိသည့် အခွန်အခများကို (၆)လ ရွှေ့ဆိုင်းပေးခဲ့ပါကြောင်း၊ FDI ဟိုတယ်များ၏ ငှားရမ်းခ ၅၀ ရာခိုင်နှုန်းကို (၉)လအထိ လျှော့ချပေးခဲ့ရာ အမေရိကန်ဒေါ်လာ ၆ သန်းနီးပါး သက်သာခွင့်ရရှိခဲ့ပြီး နိုင်ငံပိုင်ဟိုတယ်များအနေဖြင့် ငွေကျပ်သန်း ၁၈၀၀ နီးပါး သက်သာခွင့်ရရှိစေခဲ့ပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများအတွက် တစ်နှစ်ချေးငွေ ၁ ရာခိုင်နှုန်းအတိုးဖြင့် ငွေကျပ်သန်း ၂၁၀၀၀ ကျော် ရရှိရေး ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ခရီးသွားလုပ်ငန်းများ ရပ်တန့်သွားရမှုကြောင့် အလုပ်လက်မဲ့ဖြစ်ရသည့် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းများမှ ဝန်ထမ်းများနှင့် ဆက်စပ်လုပ်ငန်းများမှ အခြေခံပြည်သူများ ဝင်ငွေရရှိစေရန် ခရီးသွားလုပ်ငန်းအခြေခံနှင့် အဆင့်မြင့် cash for training သင်တန်းများ ဖွင့်လှစ်ခဲ့ပြီး တက်ရောက်သူ ၃၀၀၀ နီးပါးကို သင်တန်း ၁ ရက်လျှင် ငွေကျပ် ၄၈၀၀၊ နည်းပြအဖြစ် ဆောင်ရွက်ပေးသော ဧည့်လမ်းညွှန်များနှင့် ဝါရင့် ဟိုတယ်နှင့် ခရီးသွားဝန်ထမ်း ၁၂၀၀ နီးပါးကို ငွေကျပ်တစ်သောင်း ချီးမြှင့်ပေးခဲ့ပါကြောင်း၊ Cash for training အတွက် ငွေကျပ် သန်း ၂၃၀ အသုံးပြုပေးခဲ့ပါကြောင်း။

ဒုတိယအဆင့် Reopening တွင် ပြည်တွင်းခရီးသွားများနှင့် လုပ်ငန်းပြန်လည် စတင်ရာ၌ ခရီးသွားများနှင့် ဝန်ဆောင်မှုပေးမည့် ဝန်ထမ်းများ ဘေးကင်းလုံခြုံစေရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့က ထုတ်ပြန်ထားသော COVID-19 ကပ်ရောဂါ ထိန်းသိမ်းကာကွယ်ရေး လမ်းညွှန်မှုများကို စုပေါင်းထုတ်ပြန်ထားသည့် COVID-19 ရောဂါကင်းဝေးရေးဆိုင်ရာ အမျိုးသားခရီးသွားလုပ်ငန်းလမ်းညွှန်ကို လက်စွဲအဖြစ်ထုတ်ပြန်၍ သင်တန်းများပေးခြင်း၊ လိုက်နာစိစစ်မှုဆောင်ရွက်၍ လုပ်ငန်းပြန်လည်စတင်ခွင့်ပေးခြင်းတို့ကို ဒေသန္တရအာဏာပိုင်များ၊ ဆက်စပ်ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်တွင်း၌ လုံခြုံစိတ်ချစွာ ခရီးသွားနိုင်သော destination များအကြောင်းကို social media မှတစ်ဆင့် ပြည်တွင်းခရီးသွားများ သိရှိအောင် digital marketing ဖြင့် လုပ်ဆောင်ခဲ့ပါကြောင်း။

တတိယအဆင့် Relaunching ဆောင်ရွက်နိုင်ရန် နိုင်ငံတကာခရီးသွားများ မြန်မာနိုင်ငံကို safe tourism destination အဖြစ် ယုံကြည်စိတ်ချလာစေရန် ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီ အသိအမှတ်ပြုတံဆိပ်ရရှိရေးကို ဦးတည်သည့် Enchanting Myanmar Health & Safety Protocol ကို COVID-19 ကာကွယ်၊



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီအစည်းအဝေး(၁/၂၀၂၁)တွင် အမှာစကားပြောကြားစဉ်။

ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီသို့ ရေးဆွဲတင်ပြ အတည်ပြုချက်ရယူပြီးဖြစ်ပါကြောင်း၊ ယင်း protocol နှင့် အညီ ဘေးကင်းလုံခြုံစွာ ခရီးသွားနိုင်ကြောင်းကို အများပြည်သူ သိမြင်လက်ခံလာရန် non-landing sightseeing flight နှင့် river cruise များကို ယခင်လကစ၍ Public Relation Campaign အဖြစ် ဆောင်ရွက်ခဲ့ပါကြောင်း၊ caravan tour နှင့် day trip flight to ငပလီနှင့် ပုဂံကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**စတင်ပို့ချပေးနေ**

ယင်း protocol နှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရန်၊ သင်တန်းပေးရန်နှင့် လုပ်ငန်းလုပ်ဆောင်မှုကိုစစ်ဆေးရန် လိုအပ်သော ကျွမ်းကျင်သူများမွေးထုတ်ရေး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်မှုများနှင့်အညီ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ cash for training သင်တန်းများ စတင်ပို့ချပေးနေပါကြောင်း၊ သင်တန်းဆရာ ၃၀၀ နှင့် ဆင့်ပွားသင်တန်းတက်ရောက်သူ ၁၀၀၀ ကျော်ကို ငွေကျပ်သန်း ၁၄၀ အသုံးပြုသင်ကြားပို့ချသွားမည် ဖြစ်ပါကြောင်း၊ တစ်ဖက်တွင် International flight များ စတင်ပျံသန်းရေး နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့ ပူးပေါင်းညှိနှိုင်းမှုများ လုပ်ဆောင်နေပါကြောင်း၊ Business traveller များနှင့်စတင်၍ package tour များကို COVID-19 ရောဂါကူးစက်မှု ထိန်းသိမ်းနိုင်သည့် နည်းလမ်းများဖြင့် မိတ်ဖက်နိုင်ငံများအကြား travel bubble များအဖြစ် စတင်ဆောင်ရွက်နိုင်ရန် ပြင်ဆင်နေပါကြောင်း။

COVID-19 ကူးစက်ရောဂါ၏ ရိုက်ခတ်မှုကြောင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် စီးပွားရေးဆိုင်ရာ သက်ရောက်မှုများ ဖြစ်ပေါ်ရသည်မှာ မှန်ကန်သော်လည်း တစ်ဖက်တွင် ခရီးသွားများအတွက် ကျန်းမာရေးဆိုင်ရာလုံခြုံမှုရှိပြီး တာဝန်ယူမှုရှိသော ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ရေး၊ ခရီးသွားလုပ်ငန်းအနေဖြင့် သဘာဝသယံဇာတများနှင့် ဂေဟစနစ်အပေါ် သက်ရောက်မှုကို လျှော့ချပြီး ခရီးသွားလုပ်ငန်းမှ ရရှိသောအကျိုးအမြတ်များကို မျှတစွာ ခွဲဝေသုံးစွဲနိုင်အောင် စီမံခန့်ခွဲရေး အခွင့်အလမ်းများကိုလည်း ဖြစ်ပေါ်စေပါကြောင်း၊ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး ရည်မှန်းချက်များ (Sustainable Development Goals)နှင့်အညီ သဘာဝအရင်းအမြစ်များအပေါ် မှီခိုနေရသည့် အခြေအနေမှ လွတ်မြောက်ရေးနှင့် ပိုမိုဒဏ်ခံနိုင်ပြီး အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းကို အကျိုးရှိစွာ အသုံးချနိုင်မည့် အနာဂတ်သို့ ရောက်ရှိစေရေး ခရီးသွားလုပ်ငန်းနယ်ပယ်မှ Stakeholders များအကြား စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

တစ်ကမ္ဘာလုံးရှိ ခရီးသွားလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဦးဆောင်မှုပေးနေသော အဖွဲ့အစည်းဖြစ်သည့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်သည် ခရီးသွားလုပ်ငန်း ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် (၃)ရပ်အဖြစ် စီးပွားရေးလုပ်ငန်းများကို ထောက်ပံ့ပေးခြင်း၊ အလုပ်အကိုင်များ ဖန်တီးပေးခြင်းဖြင့် လူမှုစီးပွားရေးဆိုင်ရာ သက်ရောက်မှုများကို လျှော့ချရေးဆောင်ရွက်ရန်၊ ခရီးသွားလုပ်ငန်းကို လုံခြုံစိတ်ချစွာ ပြန်လည်စတင်ရေးနှင့် ကုစားမှုပေးရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်ရန်နှင့် ခရီးသွားများအတွက် လုံခြုံစိတ်ချမှုပေးနိုင်သော နိုင်ငံတကာစံနှုန်းများ ရေးဆွဲခြင်းဖြင့် ခရီးသွားလာသူများ၏ယုံကြည်မှုကို ပြန်လည်တည်ဆောက်ပေးရန်တို့ကို ချမှတ်ခဲ့ပါကြောင်း။

**အထောက်အပံ့ပေးသွားရန် ရည်ရွယ်**

ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေး အစီအစဉ်များ ကြီးကြပ်ဆောင်ရွက်ရန် နိုင်ငံတကာအစိုးရများနှင့် ပုဂ္ဂလိက Stakeholder များပါဝင်သည့် ကမ္ဘာလုံးဆိုင်ရာ ခရီးသွားလုပ်ငန်း အကျပ်အတည်းဆိုင်ရာကော်မတီ (Global Tourism Crisis Committee)ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ဖွဲ့စည်းဆောင်ရွက်နေပါကြောင်း၊ ယင်းကော်မတီက ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် လမ်းညွှန်မှုများပေးနိုင်ရန်၊ အနာဂတ်တွင် ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံအုတ်မြစ်များ တည်ဆောက်နိုင်ရန်၊ လူသားများ သာယာဝပြောစေရေးအတွက် စီးပွားရေးအခြေအနေများ ပြန်လည်ကောင်းမွန်လာရန်၊ တာဝန်သိခရီးသွားလုပ်ငန်း ဖော်ဆောင်ရန်၊ ခရီးသွားလုပ်ငန်း ဂေဟစနစ်များနှင့် ဆက်စပ်နေမှုအခြေအနေများကို ပြန်လည်ဆန်းစစ်ရန်နှင့် လူမှုစီးပွား ပြန်လည်ထူထောင်ရေး အစီအစဉ်များကို ဖော်ဆောင်ရေးအတွက် အထောက်အပံ့ပေးသွားရန် ရည်ရွယ်ပါကြောင်း။

Global Tourism Crisis Committee က ကိုဗစ်-၁၉ ကြောင့် ခရီးသွားလုပ်ငန်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် လမ်းညွှန်မှုများ ပြုလုပ်နိုင်ရန်နှင့် အနာဂတ်တွင် ခံနိုင်ရည်ရှိပြီး ရေရှည်တည်တံ့ခိုင်မြဲ၍ ဖွံ့ဖြိုးတိုးတက်စေမည့် အခြေခံအုတ်မြစ်များ တည်ဆောက်နိုင်ရန် UNWTO Priorities for Global Tourism Recovery နှင့် UNWTO Global Guidelines to Restart Tourism ကို ရေးဆွဲချမှတ်ခဲ့ပါကြောင်း။

ကိုဗစ်-၁၉ ကပ်ရောဂါကာလအလွန် ဒေသတွင်းစီးပွားရေး ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်တွင် ခရီးသွားလုပ်ငန်းကဏ္ဍသည် အဓိကကျသောကဏ္ဍဖြစ်သည့်အားလျော်စွာ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒေသတွင်း ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေးနှင့်

**စာမျက်နှာ ၅ သို့ »»**

»»» စာမျက်နှာ ၄ မှ
အဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရေးအတွက် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၂ ရက်တွင် ဗီယက်နမ်နိုင်ငံက ဥက္ကဋ္ဌအဖြစ် ဦးဆောင်ကျင်းပခဲ့သည့် (၃၇) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် "ဒစ်ဂျစ်တယ် ခရီးသွားလုပ်ငန်းဆိုင်ရာ အာဆီယံကြေညာချက်"ကို ထုတ်ပြန်ခဲ့ပါကြောင်း။

အဆိုပါကြေညာချက်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ခရီးသွားလုပ်ငန်း အခွင့်အလမ်းများရရှိရန်၊ အာဆီယံခရီးသွားလုပ်ငန်းကဏ္ဍတွင် လုံခြုံစိတ်ချစွာ လည်ပတ်နိုင်ရန်၊ ကျန်းမာရေးနှင့်ညီညွတ်သော စံသတ်မှတ်ချက်နှင့် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုကောင်းများ ထောက်ပံ့ပေးနိုင်ရန်၊ အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ရှိရင်းစွဲခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်မှုများ ခိုင်မာစေရန်နှင့် နည်းပညာ တီထွင်ဆန်းသစ်မှုအစရှိသည့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုများ ဖော်ဆောင်ရန် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ASEAN နိုင်ငံများ၏ ခရီးသွားလုပ်ငန်းအပေါ် COVID-19 အကျိုးသက်ရောက်မှုများ လျော့ပါးစေရေးအတွက် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် ASEAN Comprehensive Recovery Framework (ACRF)ကိုလည်း ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

### အတည်ပြုချက်ရယူပြီးဖြစ်

မြန်မာနိုင်ငံအနေဖြင့် ခရီးသွားကဏ္ဍ ပြန်လည်ဦးမော့လာရေး ဆောင်ရွက်မှုလုပ်ငန်းစဉ်များကို အထောက်အကူပြုမည့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံ (၂၀၂၁-၂၀၂၅)ကို ကျန်းမာရေး၊ ဘေးကင်းလုံခြုံရေး၊ အဖွဲ့ဝင် နိုင်ငံများအချင်းချင်း သတင်းအချက်အလက်များ ဖလှယ်ရေး၊ ဧည့်ဝန်ဆောင်မှုလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူများအတွက် အင်တာနက်မှတစ်ဆင့် လေ့လာသင်ယူနိုင်ရေး ဖော်ဆောင်ပေးခြင်း၊ ဒစ်ဂျစ်တယ်စနစ်ဖြင့် ခေတ်မီဆန်းသစ်သော ခရီးသွားလုပ်ငန်း ဂေဟစနစ်တည်ဆောက်ခြင်းတို့ကို ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ခရီးသွားလုပ်ငန်းပြန်လည်စတင်နိုင်ရေး လမ်းညွှန်ချက်များ၊ ကိုဗစ်-၁၉ အကျိုးသက်ရောက်မှုများ လျော့ပါးစေရေးအတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများအချင်းချင်း ပူးပေါင်းဆောင်ရွက်ရန် ASEAN Comprehensive Recovery Framework လမ်းညွှန်မှုများနှင့်အညီ ရေးဆွဲပြုစု၍ COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ အတည်ပြုချက်ရယူပြီးဖြစ်ပါကြောင်း။

ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ခရီးသွားများ၏ ရွေးချယ်မှုသည် ယခင်နှင့်မတူ ပြောင်းလဲသွားပြီး လူပြည့်ကျပ်သော မြို့ပြဘဝခရီးသွားထက် Physical Distancing ဖြင့် နေထိုင်သွားလာခြင်းနှင့် Nature Tourism, Ethnic Tourism, Environmental Tourism


ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို ရှင်းလင်းတင်ပြစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင် ရှင်းလင်းတင်ပြစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ရှင်းလင်းတင်ပြစဉ်။


ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ရှင်းလင်းတင်ပြစဉ်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ရှင်းလင်းတင်ပြစဉ်။

ကဲ့သို့ လူစည်ကားသော နေရာမဟုတ်သည့် နေရာများကို သွားလာရန်ပိုမိုလိုလား လာကြလိမ့်မည်ဟု ခန့်မှန်းထားသည့်အတွက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီများ၊ ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်း မဟာဗျူဟာလမ်းပြမြေပုံများကို ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ မိမိတို့ဒေသအလိုက်၊ ဇုန်အလိုက် ရေးဆွဲတင်ပြသွားကြရန် လိုအပ်ပါကြောင်း။

### ပူးပေါင်းအကောင်အထည်ဖော်

ကိုဗစ် - ၁၉ အလွန်ကာလတွင် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍ၏ ပြောင်းလဲမှုဖြစ်စဉ်များအတွက် ခရီးသွားများ၏ လိုအပ်ချက်များနှင့်ကိုက်ညီစေပြီး လိုက်လျောညီထွေဖြစ်အောင် ရေရှည်တည်တံ့၍ ခံနိုင်ရည်ရှိသော ခရီးသွားလုပ်ငန်းများ ဖြစ်ပေါ်လာစေရေးအတွက် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်ဝန်ကြီးဌာနများ၊ ခရီးသွားလုပ်ငန်းကော်မတီများ၊ ပုဂ္ဂလိကခရီးသွားလုပ်ငန်း အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ခရီးစဉ်ဒေသ စီမံခန့်ခွဲမှုအဖွဲ့များက ခရီးသွားလုပ်ငန်းကဏ္ဍ ပြန်လည်ထူထောင်ရေး မဟာဗျူဟာလမ်းပြမြေပုံတွင် ရေးဆွဲထားရှိသည့် မဟာဗျူဟာနှင့် လုပ်ဆောင်ချက်များအတိုင်း ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က ဗဟိုကော်မတီ၏ဆုံးဖြတ်ချက်များအပေါ် ခရီးသွားလုပ်ငန်းကော်မတီ၏ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗဟိုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးတင်လတ်က ကိုဗစ်ကာလ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများအပေါ် သက်ရောက်မှုများ၊ ဟိုတယ်လုပ်ငန်းများနှင့် ခရီးသွားလုပ်ငန်းများ၏ လတ်တလော အခြေအနေများကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဗဟိုကော်မတီတွဲဖက်အတွင်းရေးမှူး ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ကျော်က ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၀) ဆုံးဖြတ်ချက်များ မှတ်တမ်းတင်ပေးနိုင်ရေး၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပြင်ဆင်ဖွဲ့စည်းနိုင်ရေး၊ Myanmar Tourism Strategic Recovery Roadmap (MTSRR) (၂၀၂၁-၂၀၂၅) ကို အတည်ပြုပေးနိုင်ရေးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်များတွင် မိမိဒေသလိုအပ်ချက်အပေါ်ထင်ဟပ်၍ လိုက်နာဆောင်ရွက်ရန် ကိစ္စကို အတည်ပြုနိုင်ရေး၊ Enchanting Myanmar Health and Safety Protocol အစီအစဉ်အရ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အတည်ပြုနိုင်ရေးနှင့် အားကစားခရီးသွားလုပ်ငန်းကော်မတီနှင့် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီတို့အား ပြင်ဆင်ဖွဲ့စည်းခြင်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

### စက်ခလုတ်နှိပ်

ထို့နောက် ဒုတိယသမ္မတက Myanmar Tourism Strategic Recovery Roadmap (MTSRR) (၂၀၂၁-၂၀၂၅) နှင့် Enchanting Myanmar Health and Safety Protocol တို့အား စက်ခလုတ်နှိပ်၍ Online Official Launching ပြုလုပ်ပေးသည်။

ယင်းနောက် ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးစိုးဝင်း၊ ဦးသောင်းထွန်း၊ ဦးကျော်တင်၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာသန်းမြင့်နှင့် ဒေါက်တာမြင့်ထွေး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးတင်မြင့်နှင့် ဗိုလ်ချုပ်စိုးတင့်နိုင်တို့က ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘဏ္ဍာရေးစည်းမျဉ်းဥပဒေများနှင့်အညီ ဆက်လက်ပူးပေါင်းကူညီဆောင်ရွက်သွားမည့် အစီအမံများ၊ ကိုဗစ်-၁၉ ကြောင့် စီးပွားရေးထိခိုက်ခံရသည့် လုပ်ငန်းများအပေါ် ပြန်လည်ကုစားရေးအစီအစဉ်ဆောင်ရွက်နေမှုများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ အကြံပြုချက်များ၊ အဆိုပြုချက်များနှင့် အသိပညာပေးခြင်းဆိုင်ရာများ၊ သာသနာရေး၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်း နေရာများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ညွှန်ကြားချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းဆိုင်ရာများ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍရှိ ကျွမ်းကျင်လုပ်သားဆိုင်ရာများ၊ ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၂၀) ဆုံးဖြတ်ချက်များအပေါ် ဌာနအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများ၊ လူထုအခြေပြုခရီးသွားလုပ်ငန်းများဖော်ဆောင်ရေး၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးနှင့် ခရီးသွားများ လိုက်နာဆောင်ရွက်သင့်သည့် ကိစ္စရပ်များ၊ ပြည်ပခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးနှင့် စပ်လျဉ်းသည့် ပြည်ပနိုင်ငံများ၏ ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

### ရှင်းလင်းဆွေးနွေးတင်ပြ

ယင်းနောက် ဗဟိုကော်မတီဝင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ (၁/၂၀၂၀) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုများ၊ အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ ဗဟိုကော်မတီဝင် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များ၊ ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကိုလည်းကောင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အမျိုးသားခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံခြားဘဏ် ဘဏ်ခွဲ သုံးခုအား ထပ်မံဖွင့်လှစ်ခွင့်ပြု

**နေပြည်တော် ဇန်နဝါရီ ၈**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ်လုပ်ငန်းကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ၂၀၁၄ ခုနှစ်မှစ၍ နိုင်ငံခြားဘဏ် ဘဏ်ခွဲများကို ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ပထမအကြိမ်နှင့် ဒုတိယအကြိမ် နိုင်ငံခြားဘဏ် ရွေးချယ်ရေးလုပ်ငန်းစဉ်အရ နိုင်ငံခြားဘဏ် ဘဏ်ခွဲ ၁၃ ခုကို ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ဖြစ်သည်။

ဆက်လက်၍ တတိယအကြိမ် နိုင်ငံခြားဘဏ် ရွေးချယ်ရေးအစီအစဉ်အရ တရုတ်နိုင်ငံ (ထိုင်ဝမ်) မှ Mega International Commercial Bank Co., Ltd. အား ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင်လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံမှ The Korea Development Bank နှင့် တရုတ်နိုင်ငံ (ထိုင်ဝမ်)မှ Cathay United Bank Co., Ltd. တို့အား ဇန်နဝါရီ ၆ ရက်တွင်လည်းကောင်း နိုင်ငံခြားဘဏ် ဘဏ်ခွဲလိုင်စင်များကို ထုတ်ပေးခဲ့သည်။

နိုင်ငံခြားဘဏ် ဘဏ်ခွဲများအနေဖြင့် ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်း၏ လက်ကားဘဏ်လုပ်ငန်းကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ပြည်တွင်း ပြည်ပစီးပွားရေးလုပ်ငန်းများ (Corporates) သို့ မည်သည့်ချေးငွေပံ့ပိုးမှု (Any Financing) ကိုမဆို ဖြည့်ဆည်းပေးနိုင်မည့်အပြင် အခြားဘဏ်လုပ်ငန်းဝန်ဆောင်မှုများ (Other Banking Services)ကိုလည်း ဆောင်ရွက်ပေးနိုင်မည်ဖြစ်သည်။

ယခုအခါ ပြည်တွင်း၌ နိုင်ငံခြားဘဏ် ဘဏ်ခွဲ ၁၆ ခု ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ရာ ပြည်တွင်း စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း ချေးငွေအရင်းအမြစ်များကို ရရှိလာမည်ဖြစ်ပြီး ပို့ကုန်လုပ်ငန်းများကိုလည်း ငွေကြေးအရင်းအမြစ်များ ပံ့ပိုးပေးနိုင်မည်ဖြစ်သောကြောင့် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် ပိုမိုအားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇန်နဝါရီ ၈**

တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရွာနှုန်း(၆၀) ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ **မိုး/ဇလ**

# လူငယ်အများသွေးသန့်စင်၊ အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင်

ဦးကြည်ဝင်း(ရာပြည့်သချာ)

**ကိုဗစ်ရောဂါဆိုးကြီးကြောင့် သွေးလှူဘဏ်တွေမှာ သွေးလှူရှင်ဦးရေလျော့ကျနေတာကို တတ်စွမ်းသမျှဖြည့်စွမ်းနိုင်စေဖို့ မျိုးဆက်သစ်သွေးလှူရှင်တွေ တိုးပွားလာစေရေးကို ရည်ရွယ်ပြီး ဒီဆောင်းပါးကို ရေးရခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် လေးလတစ်ခါ တစ်နှစ်သုံးကြိမ် ပုံမှန်သွေးလှူနေဆဲဖြစ်သလို အသက်တွေကလည်း ၆၀ ကျော်နေပြီး သွေးလှူကြိမ်တွေလည်း ရာကျော်နေပြီဖြစ်တဲ့ စေတနာရှင် 100 Plus Blood Donor တွေကို ဂုဏ်ပြုပြီး ဒီဆောင်းပါးရေးရခြင်းပါ။**

## သွေးသွင်းကုသမှုသမိုင်းကြောင်း

၁၅ ရာစုခန့်ကစပြီး ခရစ်ယာန်ဘုန်းတော်ကြီးတွေ ဦးဆောင်ကာ သွေးသွင်းကုသဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ကြပါဘူး။ တိရစ္ဆာန်နဲ့ တိရစ္ဆာန်ချင်း၊ တိရစ္ဆာန်နဲ့ လူ၊ လူနဲ့လူချင်း သွေးသွင်းကုသဖို့ ကြိုးစားခဲ့ပေမယ့် မအောင်မြင်ခဲ့ပါဘူး။ တစ်ခါတလေ သွေးသွင်းခံမယ့်ဝေဒနာရှင်ရော သွေးပေးလှူသူပါ အသက်ဆုံးရှုံးရပါတယ်။ ရှေးဟောင်းကျမ်းစာတွေအရ အနောက်ပိုင်းက လူတွေဟာ ခန္ဓာကိုယ်အတွင်းမှာ သွေးလှည့်ပတ်မှု ရှိနေတာ ယေဘုယျသဘောသိကြပေမယ့် အသေးစိတ်တော့ မသိခဲ့ကြပါဘူး။ ၁၆၁၆ ခုနှစ်ရောက်မှ William Harvey ဆိုသူ အင်္ဂလိပ်လူမျိုးဆရာဝန်က Blood Circulation ကို စတင်ဖော်ထုတ်နိုင်ခဲ့ပါတယ်။ Harvey ကို ၁-၄-၁၅၇၈ ရက်နေ့မှာ အင်္ဂလန်နိုင်ငံ Folkstone မြို့မှာ မွေးဖွားခဲ့ပါတယ်။ Cambridge တက္ကသိုလ် Caius College မှာ ဦးစွာတက်ပြီးနောက် အီတလီနိုင်ငံကို ပြောင်းရွှေ့ဆေးပညာသင်ကြားပြီး ပါရဂူဘွဲ့ရခဲ့ပါတယ်။ ၁၆၀၂ ခုနှစ်မှာ အင်္ဂလန်နိုင်ငံကို ပြန်လာပါတယ်။ ၁၆၀၇ ခုနှစ်မှာ "သမားတော်တက္ကသိုလ် အဖွဲ့ဝင်"တစ်ဦး ဖြစ်လာပြီး စိန့်ဗာသောလမြူဆေးရုံမှာ သမားတော်အဖြစ် ခန့်အပ်ခံရပါတယ်။ ၁၆၁၆ ခုနှစ်မှာတော့ Blood Circulation ကို ထုတ်ဖော်တွေ့ရှိကြောင်း တင်ပြပေမယ့် အခြားပညာရှင်တွေက လက်မခံတဲ့အပြင် သရော်လှောင်ပြောင်ခြင်းပင် ခံခဲ့ရပါတယ်။ ဒါပေမယ့် Harvey နာမည်ထင်ရှားကျော်ကြားလာပြီး ပထမ James ဘုရင်နဲ့ ပထမ Charles ဘုရင်ရဲ့ ဘုရင့်သမားတော်အဖြစ် ဆောင်ရွက်ခဲ့ရပါတယ်။ အသက် ၇၉ နှစ်အရွယ် ၃-၆-၁၆၅၇ ရက်နေ့မှာ ဇာတိ Folkstone မှာ ကွယ်လွန်ခဲ့ပါတယ်။ Harvey က ဒီတွေ့ရှိချက်ကို ထုတ်ဖော်တင်ပြခဲ့ပြီး ၄၅ နှစ်အကြာ ၁၆၆၁ ခုနှစ်ရောက်မှ အီတလီလူမျိုး Marcello Malphigis ဆိုသူက အဏုကြည့်မှန်ပြောင်းသုံးပြီး Harvey ရဲ့ Blood Circulation ထုတ်ဖော်ချက်မှန်ကြောင်း သက်သေပြနိုင်ပါတော့တယ်။

၁၈ ရာစုထဲမှာတော့ Atlantic ဒေသ Philadephia မြို့က "The father if modern surgery" လို့ လူသိများတဲ့ Phylen Sygn Physick ဆိုတဲ့ သမားတော်ကြီးက လူတစ်ဦးရဲ့သွေးကို တခြားလူတစ်ဦးဆီ သွေးသွင်းကုသ အောင်မြင်ခဲ့ပေမယ့် ဒီအောင်မြင်မှုကို စာနဲ့ ပေနဲ့ မှတ်တမ်းတင်ထားတာတော့မရှိခဲ့ပါဘူး။ ၁၈၈၁ ခုနှစ်မှာတော့ အင်္ဂလိပ်လူမျိုး သားဖွားနှင့် မီးယပ်ပါရဂူ Dr.James Blundell က လူလူချင်း သွေးသွင်းကုသတာ အောင်မြင်မှု စရခဲ့ကြောင်း မှတ်တမ်းရှိခဲ့ပါတယ်။

အဲဒီအချိန်ကစပြီး နှစ် ၂၀ အကြာ ၁၉၀၁ ခုနှစ်မှာတော့ Austrian – American ပညာရှင် Karl Landsteiner က လူတွေမှာ သွေးအုပ်စု A၊ B၊ O ရှိကြောင်း စတင်ဖော်ထုတ်နိုင်ပြီး ဒီတွေ့ရှိချက်ကြောင့် Karl လည်း ဇီဝကမ္မဗေဒဆိုင်ရာ နိုဗယ်လ်ဆု ချီးမြှင့်ခြင်း ခံရသလို သွေးအုပ်စုမတူရင် သွေးသွင်းကုသလို့ မရနိုင်ကြောင်း ဆေးပညာရှင်တွေ သဘောပေါက်သွားကြကာ ကမ္ဘာမှာသွေးသွင်းကုသမှုစနစ်ကြီး အောင်မြင်စွာ စတင်အကောင်အထည်ဖော်နိုင်ပါတော့တယ်။ Karl ရဲ့မွေးနေ့ June ၁၄ ရက်နေ့ကိုလည်း ကမ္ဘာ့သွေးလှူရှင်များနေ့ (World Blood Donor Day) အဖြစ် WHO က ၂၀၀၄ ခုနှစ်မှာ စတင်သတ်မှတ်ပေးပြီး ကမ္ဘာနှင့်အဝှမ်း ၂၀၀၅ ခုနှစ်ကစပြီး ကမ္ဘာ့သွေးလှူရှင်များနေ့တွေကို ကျင်းပရာမှာ မြန်မာနိုင်ငံမှာလည်း နှစ်စဉ် ဇွန်လ ၁၄ ရက်နေ့ရောက်တိုင်း ရန်ကုန်မြို့နဲ့ တိုင်းဒေသကြီးနဲ့ ပြည်နယ်က မြို့ကြီးတွေမှာ အလှည့်ကျ နှစ်စဉ်ကျင်းပခဲ့ပါတယ်။ နှစ်စဉ်လည်း သွေးလှူခြင်းနဲ့ ပတ်သက်တဲ့ဆောင်ပုဒ်တွေ WHO က ထုတ်ပြန်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်အတွက် ဆောင်ပုဒ်ကတော့ "Give blood and make the world a healthier place" (ကမ္ဘာကြီး ပိုမိုကျန်းမာစေဖို့ သွေးလှူကြပါစို့) ဖြစ်ပါတယ်။

## သွေးလှူဘဏ်များ

သွေးသွင်းကုသတဲ့စနစ်အောင်မြင်ပြီဆိုတော့ သွေးလိုအပ်ချက်ဖြည့်ဆည်းဖို့ သွေးလှူဘဏ်တွေ လိုအပ်လာပါတယ်။ အင်္ဂလန်မှ Dr. Percy Oliver က ၁၉၂၁ ခုနှစ်မှာလည်းကောင်း၊ ရုရှားမှ ပါမောက္ခ Sergie Yuden က ၁၉၃၁ ခုနှစ်မှာလည်းကောင်း၊ ၁၉၃၇ ခုနှစ်ရောက်မှ အမေရိကန်နိုင်ငံ ချီကာဂိုမှာလည်းကောင်း သွေးလှူဘဏ် စဖွင့်နိုင်ခဲ့ပါတယ်။ နယူးယောက်ဘက်မှာတော့ လူမည်း ခွဲစိတ်ဆရာဝန် Dr.Charles Drew (၁၉၀၄-၁၉၅၀) က မိမိကိုယ်တိုင် သွေးလှူပေးချင်လို့ ၁၉၄၀ ပြည့်နှစ်မှာ သွေးလှူဘဏ် စထူထောင်ပေမယ့် ကိုယ်တိုင်က လူမည်းဖြစ်နေတဲ့အတွက် ကွယ်လွန်ချိန်အထိ သွေးလှူခွင့် မရခဲ့ရှာပါဘူး။

ကျွန်တော်တို့မြန်မာနိုင်ငံမှာတော့ ဒုတိယကမ္ဘာစစ်အတွင်း သွေးသိုလှောင်ဖို့ရည်ရွယ်ပြီး ၁၉၃၉ ခုနှစ်မှာ သွေးလှူဘဏ်စထူထောင်ပါတယ်။ ၁၉၄၅ ခုနှစ်မှာတော့ ရန်ကုန်ဆေးရုံကြီး ရင်ခွဲရုံအပေါ်ထပ်မှာ ရန်ကုန်ဆေးရုံကြီး သွေးလှူဘဏ်ကို စတင်ထူထောင်ခဲ့ပြီး သွေးလှူရှင်တွေကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ သွေးလှူရှင်က မတောင်းဆိုသည်ဖြစ်စေ ငွေကြေးထောက်ပံ့ပါတယ်။ တော်လှန်ရေးကောင်စီ အစိုးရတက်ခါစ ၁၉၆၂ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့မှာ ရန်ကုန်ဆေးရုံကြီး သွေးလှူဘဏ်ကို ဗဟိုသွေးလှူဘဏ်လို့ အမည်ပြောင်းပြီး အဲဒီနေ့မှာပဲ အမျိုးသားသွေးလှူဘဏ် ကော်မတီကို စတင်ဖွဲ့စည်းကာ သွေးလှူရှင်တွေကို ငွေကြေးထောက်ပံ့တာ ရပ်စဲလိုက်ပါတယ်။ ဒီဇင်ဘာလ ၁၄ ရက်နေ့ကိုလည်း "သွေးလှူရှင်များနေ့" အဖြစ် သတ်မှတ်ပြီး ၁၉၇၇ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့မှာ ပထမဆုံးအကြိမ် သွေးလှူရှင်များနေ့အခမ်းအနားကို ဆရာဝန်များအသင်းတိုက်မှာ စတင်ကျင်းပခဲ့ရာ ဒီနှစ်ဆိုရင် (၄၄) ကြိမ်မြောက် ဖြစ်သွားပါပြီ။ ကမ္ဘာ့သွေးလှူရှင်များနေ့ထက် ၂၇ နှစ်စောပြီး ကျွန်တော်တို့နိုင်ငံမှာ သွေးလှူရှင်များနေ့ကို ကျင်းပနိုင်တာဟာ အထူးဂုဏ်ယူဖွယ်ဖြစ်ပါတယ်။ ကျင်းပစမှာ သွေးလှူရှင် နည်းသေးတာကြောင့် (၂၅) ကြိမ်သွေးလှူပြီးရင် ဂုဏ်ပြုပွဲကို တက်ခွင့်ရပါတယ်။

မြန်မာနိုင်ငံမှာ ၁၉၆၀ ပြည့်နှစ်ကျော်ကာလက သွေးလှူဖို့ စိတ်ဝင်စားတဲ့လူ သိပ်နည်းတာကြောင့် သွေးလှူရှင်တိုးပွားရေး ရည်ရွယ်ပြီး စက်ရုံ၊ အလုပ်ရုံတွေကို သွားပြီး အသံဩဇာအင်မတန်ပြည့်ဝလှတဲ့ မြန်မာ့အသံက ညွှန်ကြားရေးမှူး ဦးကျော်ညိန်း (ဆရာမာတလိ) ဦးဆောင်တဲ့အဖွဲ့သားတွေက သွေးလှူရှင်တိုးပွားရေး စည်းရုံးဟောပြောကြပါတယ်။ မင်းသားကြီး ဝင်းဦးကလည်း သွေးလှူနေပုံကို ရုပ်ရှင်ရိုက်ပြပြီး ပြုံးပြုံးကြီးနဲ့ သူ့လို သွေးလှူကြဖို့ တိုက်တွန်းပြောဆိုနေပုံကို ရုပ်ရှင်ရုံတွေမှာ ဇာတ်ကားကြီးမပြခင် ကြိုပြတဲ့မော်ကွန်းရုပ်ရှင်သတင်းကားမှာ ထည့်သွင်းပြသပြီး စည်းရုံးခဲ့ပါတယ်။ ဒဂုံမြို့နယ် ပဒုမ္မာလမ်းက ဒေါ်ဒေါ်အုန်းကလည်း သွေးလှူရှင်တိုးပွားရေး ရည်စူးပြီး ၁၉၈၇ ခုနှစ်ဝန်းကျင်အထိ အကြိမ် (၅၀) ပြည့် သွေးလှူရှင်တိုင်းကို တစ်ကျပ်သားရွှေဆွဲကြိုးတစ်ကုံးစီ လှူဒါန်းခဲ့ပါတယ်။

### မျိုးဆက်သစ်တို့သွေးလှူကြပါစို့

အသက် ၁၈ နှစ်ကနေ ၅၅ နှစ်အထိ ဗုဒ္ဓဘာသာဝင်ဖြစ်စေ၊ အခြားဘာသာကိုးကွယ်သူများဖြစ်စေ သွေးလှူနိုင်ပါတယ်။ ဒါကြောင့်လည်း ခရစ်ယာန်ဘာသာဝင်အများစုနေထိုင်တဲ့ ဥရောပကနိုင်ငံတွေမှာ သွေးလိုရင် ဝေဒနာရှင်က မရှာရဘဲ ဆေးရုံတွေက အလုံအလောက်ပေးနိုင်ပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာလည်း ဟိန္ဒူ၊ ခရစ်ယာန်၊ အစ္စလာမ်ဘာသာဝင်တွေ သွေးလှူခဲ့၊ သွေးလှူနေကြဆဲပါ။ ဥပမာ ၃-၇-၂၀၁၀ ရက်နေ့က ဘုရင့်နောင်ဈေးကြီးရဲ့ (၁၁) ကြိမ်မြောက်သွေးလှူပွဲမှာ ကျွန်တော်သွေးသွားလှူတော့ စုစုပေါင်း လူ ၂၀၀ ကျော် သွေးလှူကြရာမှာ ၁၀၀ ကျော်က အစ္စလာမ်ဘာသာဝင်တွေပါ။

သွေးဟာအစားထိုးမရတဲ့ ဆေးတစ်ပါးဖြစ်ပါတယ်။ ဓာတ်ခွဲခန်းမှာ ဖန်တီးလို့မရတဲ့ ပစ္စည်းပါ။ သွေးတုရယ်လို့ အခုအထိ မထွင်နိုင်သေးပါ။ မိမိခန္ဓာကိုယ်ထဲမှာရှိတဲ့ သွေးငါးလီတာကျော်ကနေ တစ်ကြိမ်သွေးလှူရင် ၄၅၀ စီစီသာ ထုတ်ယူတာကြောင့် မိမိကျန်းမာရေးအတွက် ဘာမှမထိခိုက်သလို သဘာဝတရားရဲ့ထူးခြားတဲ့စီမံမှုကြောင့် အဲဒီထုတ်ထားတဲ့သွေးဟာလည်း ရက်ပိုင်းအတွင်း ပြန်ပြည့်ပါတယ်။ ဘာဆေးမှ သောက်ဖို့မလိုပါဘူး။ တစ်ကြိမ်သွေးလှူတိုင်း မိမိသွေးကို သွေးနီဥ၊ သွေးဥဖြူ၊ သွေးရည်ကြည်ရယ်လို့ အုပ်စုသုံးစုခွဲပြီး လူနာသုံးဦးအထိ ပေးလှူနိုင်ပါတယ်။ ဒါကြောင့်လည်း ပြီးခဲ့တဲ့ ၂၀၁၉ ခုနှစ်က အမျိုးသားသွေးလှူဘဏ်မှာ သွေးလှူရှင် ၁၀၅၀၉၁ ဦးကနေ လူနာ ၁၉၄၅၀၈ ဦးကို သွေးသွင်းကုသပေးနိုင်ခဲ့ပါတယ်။ သွေးလှူရှင်ထက် သွေးအလှူခံတဲ့လူနာက ကိုးသောင်းနီးပါးပိုနေပါတယ်။

အဲဒီ ၂၀၁၉ ခုနှစ်မှာပဲ အသက် ၅၀ ကျော် သွေးလှူရှင်က ၂၆၂၃ ဦးရှိပါတယ်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာလက ကျင်းပခဲ့တဲ့ (၄၃) ကြိမ်မြောက်သွေးလှူရှင်များနေ့မှာ အသက် ၇၀ ကျော် အမျိုးသားကြီးခုနစ်ဦးက အကြိမ် ၁၄၀ ကျော် သွေးလှူရှင်များအနေနဲ့ တက်ရောက်ဂုဏ်ပြုခံခဲ့ပါတယ်။ သွေးလှူဖို့ မဝံ့မရဲဖြစ်နေတဲ့ မျိုးဆက်သစ်တွေ အားကျစေဖို့ ကျွန်တော်ကိုယ်တွေ့နဲ့ယှဉ်ပြီး တင်ပြလိုပါတယ်။ ကျွန်တော် ပုသိမ်ကောလိပ် သချာဌာနမှာ နည်းပြဆရာလုပ်နေတုန်း ၅-၁၁-၁၉၆၉ ရက် (ကျွန်တော့်အသက် ၂၁ နှစ် ခုနစ်လမှာ) နေ့ကစပြီး ပုသိမ်မြို့ တိုင်းဆေးရုံကြီးကနေ သွေးစလှူပြီး နောက်ပိုင်းလည်း လေးလတစ်ကြိမ် တစ်နှစ်သုံးခါ ပုံမှန်သွေးလှူခဲ့ရာမှာ အသက်၇၁ နှစ် ခုနစ် လပြည့်တဲ့ ၁၉-၁၁-၂၀၁၉ ရက်နေ့မှာ (၁၄၇) ကြိမ်မြောက် သွေးလှူနိုင်ခဲ့ပါတယ်။ အဲဒီအချိန်မှာ သွေးလှူသက်တမ်းနှစ် (၅၀) ပြည့်ပြီမို့ သွေးလှူအကြိမ်ပေါင်း (၁၅၀) ဖြစ်သင့်ပါ တယ်။ သုံးကြိမ်လျော့နေတာက ၁၉၈၁ ခုနှစ်နဲ့ ၁၉၈၂ ခုနှစ် တွေမှာ ကျေးဇူးတော်ရှင် ချမ်းမြေ့ရိပ်သာဆရာတော်ကြီးရဲ့ အာရှ၊ ဥရောပ၊ အမေရိက ကမ္ဘာ့သာသနာပြုခရီးစဉ်မှာ ကပ္ပိယအဖြစ် လိုက်ပါကုသိုလ်ပြုခွင့်ရပြီး ရက်ရှည်ကြီး ခရီးထွက်ရတာကြောင့် ပုံမှန်သွေးလှူဖို့ပျက်ကွက်ကာသုံးကြိမ်လျော့နေတာပါ။ ဒါပေမယ့် သွေးလှူကတ်မပါဘဲ Urgent လူနာလေးဦးကို သွေးလှူပေးခဲ့ရတာကြောင့် ကျွန်တော်သွေးလှူသက် နှစ် ၅၀ အတွင်းမှာ (၁၅၁) ကြိမ်သွေးလှူပြီး ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ဧပြီလဆန်းက သတင်းစာတွေမှာ သွေးလှူရှင် ၃၅ ရာခိုင်နှုန်း ကျဆင်းနေတယ်လို့ ဖတ်မိပြီး Stay At Home ကာလဖြစ်ပေမယ့် ၆-၄-၂၀၂၀ ရက်နေ့ ကျွန်တော့်အသက် ၇၃ နှစ်အဝင်မှာ (၁၅၂) ကြိမ်မြောက် အောင်မြင်စွာသွေးလှူနိုင်ခဲ့ပါတယ်။ ထပ်ပြီးလည်း ရန်ကုန်တက္ကသိုလ်ရဲ့ ကျောင်းသားဟောင်း၊ ဆရာဟောင်းတစ်ယောက်အနေနဲ့ အမိတက္ကသိုလ်ကြီး ရာပြည့်သဘင် (CENTENARY) ကို ဂုဏ်ပြုတဲ့အနေနဲ့ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၂ ရက် ဗုဒ္ဓဟူးနေ့က (၁၅၃) ကြိမ်မြောက် သွေးလှူခဲ့ပါတယ်။ ကျွန်တော့်လိုပဲ ကျွန်တော်နဲ့ သွေးလှူဘက် အသက် ၇၀ ကျော် မိတ်ဆွေကြီးတွေလည်း သွေးအကြိမ်ကြိမ်လှူပေမယ့် ကျန်းမာရေးကောင်းမွန်စွာဖြင့် သွေးဆက်လက်လှူနေကြဆဲ၊ လူမှုရေးကိစ္စတွေလည်း ဆောင်ရွက်နေဆဲပါ။

ဒါကြောင့် ကိုဗစ်ကပ်ဆိုးကာလ သွေးလှူဘဏ်အသီးသီးမှာ သွေးလှူရှင်တွေ အထူးလိုအပ်နေချိန် ကျောင်းမတက်ရဘဲ အိမ်မှာနေနေရတဲ့အချိန်ကို အကျိုးရှိရှိအသုံးချတဲ့အနေနဲ့ အသက် ၁၈ နှစ်ပြည့်ပြီးတဲ့ လူငယ်တိုင်း သွေးလှူကြဖို့ အထူးတိုက်တွန်းလိုပါတယ်။ လူငယ်တွေရဲ့သွေးဟာ အသက်အရွယ်အရပင် ကျန်းမာရေးကောင်းသူတွေဖြစ်လို့ ကူးစက်နိုင်တဲ့ ရောဂါပိုးတွေ ကင်းစင်နိုင်ခြေ ပိုများပါတယ်။ ဒီလူငယ်လေးတွေသာ ပုံမှန်သွေးလှူရှင်ဖြစ်သွားရင် နိုင်ငံတော်ရဲ့ ကျန်းမာရေးအတွက် အင်အားကြီးတစ်ရပ် ဖြစ်လာမှာပါ။ ၁၈ နှစ်ပြည့်တဲ့နှစ်မှာပဲ သွေးစလှူမယ့် မျိုးဆက်သစ်ကလေးတစ်ဦးဟာ လေးလတစ်ကြိမ် တစ်နှစ်သုံးခါ ပုံမှန်သွေးလှူသွားရင် နောင်ကိုးနှစ်အကြာမှာ မိမိအသက်လည်း ၂၇ နှစ်ပြည့်သလို သွေးလှူအကြိမ်လည်း ၂၇ ကြိမ်ဖြစ်နေမှာကို အံ့ဩဝမ်းသာပီတိ ဖြစ်နေပါလိမ့်မယ်။ လွန်ခဲ့တဲ့ ၁၀ နှစ် ၂၀၁၀ ပြည့်နှစ်က ကမ္ဘာ့သွေးလှူရှင်များနေ့ရဲ့ဆောင်ပုဒ် "New blood for the world" ကို ကျန်းမာရေးဝန်ကြီးဌာနက ဘာသာပြန်ထားတဲ့ "လူငယ်အများ သွေးသန့်စင် အသက်ကယ်ကြစို့ ကမ္ဘာတစ်ခွင်" ကို ကြိုက်နှစ်သက်လွန်းလို့ ကျွန်တော့်ဆောင်းပါးခေါင်းစဉ်အဖြစ် တပ်ထားတာပါ။ ဘယ်သွေးလှူဘဏ်မှာမဆို Volunteer အနေနဲ့ သွေးလှူရှင် ကိုယ့်သွေးကို လက်ခံမယ့်ဝေဒနာရှင်ဘယ်သူဆိုတာ မသိသလို ဒီလှူဒါန်းမှုအတွက် ဘာမျှော်လင့်ချက်မှမထား (Don't expect anything in return) တဲ့ စိတ်နဲ့ လှူဒါန်းတာကြောင့် အင်မတန်ဖြူစင်တဲ့ ကုသိုလ်ပြုခြင်းပါ။ ဒါကြောင့် မိမိရဲ့ဖြူစင်တဲ့စိတ်ထားလှလှလေးနဲ့ မိမိရဲ့သန့်စင်လှတဲ့ သွေးနီနီလေးကို ရဲရဲဝံ့ဝံ့ ပုံမှန်သွေးလှူပေးကြဖို့မျိုးဆက်သစ် သွေးလှူရှင်တွေကို ကြိုဆိုဖိတ်ခေါ်လိုက်ရပါတယ်။ ။

**ကျမ်းကိုး-**

**(၁) မြန်မာ့စွယ်စုံကျမ်းအတွဲ(၁၃)**

**(၂) မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၀**

**(၃) ၂၀၀၆ မေလမှ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ ကြေးမုံ၊ မြန်မာ့အလင်း၊ စံတော်ချိန်၊ The Myanmar Times သတင်းစာများနှင့် အလင်းတန်းနှင့် ပေါ်ပြူလာဂျာနယ်မှ စာရေးသူ ၁၅ ဦး၏ ဆောင်းပါးများ**

**"After Performing Meritorious Deeds,We Have To Share Our Merits By Ringing The Bell"**

**ကိုဗစ်ကပ်ဆိုးကာလ သွေးလှူဘဏ်အသီးသီးမှာ သွေးလှူရှင်တွေ အထူးလိုအပ်နေချိန် ကျောင်းမတက်ရဘဲ အိမ်မှာနေနေရတဲ့အချိန်ကို အကျိုးရှိရှိအသုံးချတဲ့အနေနဲ့ အသက် ၁၈ နှစ်ပြည့်ပြီးတဲ့လူငယ်တိုင်း သွေးလှူကြဖို့ အထူးတိုက်တွန်းလိုပါတယ်။ လူငယ်တွေရဲ့သွေးဟာ အသက်အရွယ်အရပင် ကျန်းမာရေးကောင်းသူတွေဖြစ်လို့ ကူးစက်နိုင်တဲ့ရောဂါပိုးတွေ ကင်းစင်နိုင်ခြေ ပိုများပါတယ်။ ဒီလူငယ်လေးတွေသာ ပုံမှန်သွေးလှူရှင်ဖြစ်သွားရင် နိုင်ငံတော်ရဲ့ကျန်းမာရေးအတွက် အင်အားကြီးတစ်ရပ် ဖြစ်လာမှာပါ။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံခေါင်းဆောင်များမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့

**၂၀၂၁ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့ခေါင်းဆောင်များနှင့် နိုင်ငံ့အကြီးအကဲများက နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ကြသည်။**

## စပိန်နိုင်ငံ

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်ထံသို့ စပိန်နိုင်ငံ ဆဋ္ဌမမြောက်ဘုရင် ဖီလစ်ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း စပိန်အစိုးရ၊ စပိန်ပြည်သူပြည်သားများနှင့်အတူ ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ငြိမ်းချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

အဆွေတော်အား မိမိအနေဖြင့် အစဉ်ချစ်ကြည်အလေးထားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ကာတာနိုင်ငံ

နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံသို့ ကာတာနိုင်ငံ ဘုရင် တာမန် ဘင် ဟာမဒ် အယ်လ်-သာနီထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ပိုမိုဖွံ့ဖြိုးတိုးတက်ပါစေကြောင်း ကာတာပြည်သူပြည်သားများကိုယ်စား မိမိမှ ရင်းနှီးချစ်ကြည်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## မွန်ဂိုလီးယားနိုင်ငံ

နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံသို့ မွန်ဂိုလီးယားသမ္မတ ကော့ထ်မက်ဒင် ဘတ်ချောလ်ဂါထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော် သမ္မတနှင့် ခင်မင်ရင်းနှီးဖွယ် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

ဒီမိုကရေစီ၏တန်ဖိုးကို အခြေခံမျှဝေ၍ မွန်ဂိုလီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာလာစေရန် အဆွေတော်နှင့်နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိပါသည်။

အခါအခွင့်ကြုံခိုက် အဆွေတော် ကျန်းမာချမ်းသာစေရန်နှင့် မြန်မာပြည်သူပြည်သားများ တိုးတက်သာယာဝပြောစေရန် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ

နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံသို့ အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ သမ္မတ ဟန်ဆန် ရိုဟာနီထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူပြည်သားများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့သည် လွန်ခဲ့သည့် နှစ်များကပင် ရေရှည်တည်တံ့သည့် ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးသည့် ပူးပေါင်းဆောင်ရွက်မှုများကို ဖော်ဆောင်နိုင်ခဲ့ပါသည်။ နှစ်နိုင်ငံအကြား ကဏ္ဍစုံအကျိုးစီးပွားတိုးတက်ရေးအတွက် ပိုမိုခိုင်မာသည့် ဆက်ဆံရေးကို တိုးချဲ့သွားနိုင်မည်ဟု အလေးထားမျှော်လင့်ပါသည်။

အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ကျက်သရေအပေါင်းနှင့်ပြည့်စုံ၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ကာတာနိုင်ငံ

နိုင်ငံတော်သမ္မတဦးဝင်းမြင့်ထံသို့ ကာတာနိုင်ငံ ဒုတိယဘုရင် အဗ္ဗဒူလာ ဘင် ဟာမဒ် အယ်လ်-သာနီ ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ အဆွေတော် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူပြည်သားများ ဆက်လက်၍ ဖွံ့ဖြိုးတိုးတက်ပါစေကြောင်း မိမိမှ ရင်းနှီးချစ်ကြည်စွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ကာတာနိုင်ငံ

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံသို့ ကာတာနိုင်ငံ ဝန်ကြီးချုပ်နှင့် ပြည်ထဲရေးဝန်ကြီး ခါလက် ဘင် ခါလီဖာ ဘင် အက်ဘ်ဒူလာဇီ အယ်လ်- သာနီ ထံမှ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အဆွေတော် ကျန်းမာချမ်းသာပါစေကြောင်း၊ မြန်မာပြည်သူပြည်သားများအနေဖြင့်လည်း ပိုမိုဖွံ့ဖြိုးတိုးတက်၍ သာယာဝပြောကြပါစေကြောင်း ကာတာအစိုးရနှင့် ပြည်သူများကိုယ်စား မိမိမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။



# အမျိုးသားဇာတ်ရုံ(ရန်ကုန်) အကြီးစားပြုပြင်မွမ်းမံနေမှုနှင့် စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အကြီးစားမွမ်းမံပြင်ဆင်နေမှုနှင့် စပ်လျဉ်းသည့် လုပ်ငန်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒုတိယဝန်ကြီး ဦးကြည်မင်း၊ အမြဲတမ်းအတွင်းဝန်/ တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing Construction Engineering Group Co.,Ltd. မှ အင်ဂျင်နီယာများ၊ အနုပညာဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမျိုးသားဇာတ်ရုံ(ရန်ကုန်)ကို ၂၀၁၉ ခုနှစ် ဩဂုတ် ၁၀ ရက်မှစ၍ ပြန်လည်ပြုပြင်မွမ်းမံခဲ့ပြီး ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိသဖြင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၁ ရက်အထိ လုပ်ငန်း၏ ၅၂ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း၊ ၁၉၈၅ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ လီရှန်နင့် မြန်မာနိုင်ငံသို့ လာရောက်စဉ် မေတ္တာလက်ဆောင်အဖြစ် ပေးအပ်ခဲ့ပြီး ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလတွင် အပြီးတည်ဆောက်ပေးခဲ့၍ နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်ကြောင်း၊ ယခုအခါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အကူအညီဖြင့် အမျိုးသားဇာတ်ရုံ၏ ပင်မအဆောက်အအုံ ကြံ့ခိုင်မှု၊ ခေတ်မီအသံစနစ်နှင့် မီးအလင်းအမှောင်စနစ်၊ LED စနစ်၊ 4K ရုပ်ရှင်ပြစက်စနစ်၊ လေအေးပေးစနစ်၊ မီးငြိမ်းသတ်ရေးစနစ်၊ လုံခြုံရေးစနစ်များအား အဆင့်မြှင့်တင်ထားသော နိုင်ငံတကာအဆင့်မီ ဇာတ်ရုံတစ်ရုံ ဖြစ်လာမည်ဖြစ်ကြောင်း၊ ယခုလို နိုင်ငံတကာအဆင့်မီ ဇာတ်ရုံတစ်ရုံအဖြစ် ကူညီဆောင်ရွက်ပေးကြသည့် အတွက် မြန်မာနိုင်ငံအစိုးရနှင့်တကွ မြန်မာနိုင်ငံသားများ၏ကိုယ်စား တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ချစ်ကြည်ရင်းနှီးစွာ ကျေးဇူးတင်ရှိကြောင်း၊ အထူးအားဖြင့် ကမ္ဘာနှင့်အဝှမ်း ရင်ဆိုင်နေရသည့် Coronavirus Disease 2019 (COVID-19) အချိန်ကာလအတွင်းတွင် ဆောင်ရွက်ဆဲလုပ်ငန်းများ ရပ်တန့်မသွားစေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့်အညီ လုပ်အားရှင်များကို စခန်းသွင်း၍ လုပ်ငန်းအရှိန်အဟုန်မပျက် ဆောင်ရွက်နေကြသည်ကိုလည်း အထူးပင် ဝမ်းမြောက်မိပါကြောင်း ဂုဏ်ပြုစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးကြည်မင်းက နိုင်ငံတိုင်းနိုင်ငံတိုင်း၌ နိုင်ငံကိုယ်စားပြုအထိမ်းအမှတ် အဆောက်အအုံများရှိကြောင်း၊ မြန်မာနိုင်ငံ၌လည်း National ဟု သတ်မှတ်သည့် အမျိုးသားအဆင့် အဆောက်အအုံများရှိပြီး အမျိုးသားဇာတ်ရုံသည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၉ ရက်တွင် အမျိုးသားဇာတ်ရုံ (ရန်ကုန်) ပြုပြင်မွမ်းမံရေး စာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုရေးရာများသာမက ကျန်းမာရေးဆိုင်ရာကိစ္စရပ်များတွင်လည်း အမြဲပူးပေါင်းဆောင်ရွက်သည့်အတွက် မြန်မာနိုင်ငံ နိုင်ငံသူ၊ နိုင်ငံသားများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်/ တာဝန်ခံ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းအုံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ Beijing Construction Engineering Group Co.,Ltd.မှ တာဝန်ရှိသူတို့က အမျိုးသားဇာတ်ရုံ (ရန်ကုန်) အကြီးစား ပြုပြင်မွမ်းမံနေမှုများနှင့်စပ်လျဉ်း၍ PowerPoint ဖြင့် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက Beijing Construction Engineering Group Co.,Ltd. ၏ လိုအပ်သည့် အကူအညီများ ဆက်လက် ကူညီပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် နှစ်ကုန်ပိုင်း၌ ပြုလုပ်မည့် အမျိုးသားဇာတ်ရုံအသစ် ဖွင့်လှစ်ပွဲအခမ်းအနားတွင် ပျော်ရွှင်ကျန်းမာစွာဖြင့် ပြန်လည်တွေ့ဆုံရန် မျှော်လင့်ကြောင်းနှင့် နှစ်သစ်မင်္ဂလာအခါသမယတွင် Beijing Construction Engineering Group Co.,Ltd. မှ အင်ဂျင်နီယာများအားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာရှိကြစေရန် ဆုတောင်းမေတ္တာ ပို့သပါကြောင်း ပြောကြားသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | **အမည်** | **ဝန်ထမ်းအဖွဲ့ အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးမြင့်ဇော် | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သင်္ဘောကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |
| (ခ) | ဦးငွေအောင် | ဦးဆောင်ညွှန်ကြားရေးမှူး<br>ပြည်တွင်းရေကြောင်းပို့ဆောင်ရေး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ချိုကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

# အိမ်မဲမြို့နယ်သမဝါယမအသင်းစုက ရေထွက်ကုန်ပစ္စည်းများ ကူညီရောင်းချဖြန့်ဖြူးဆောင်ရွက်ပေးလျက်ရှိ

**အိမ်မဲ ဇန်နဝါရီ ၈**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် ကိုဗစ်-၁၉ ကာလအတွင်း ရေထွက်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချမှု အခက်အခဲများကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်သမဝါယမအသင်းစုက ရောရွှေညောင်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းသားပိုင် ငါးကန်မှ ငါးခေါင်းပွ၊ ငါးမြစ်ချင်းနှင့် ငါးကြင်းများကို ဝယ်ယူ၍ ရေသိုးညောင်ဝိုင်းကျေးရွာရှိ တောင်သူအားမာန် စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းနှင့် အေးချမ်းသာယာမွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်း၊ ကန်ကြီးဒေါင့်ကုန်းကျေးရွာရှိ ကံကြီးမောင် စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းနှင့် ရတနာအောင်မွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်း၊ ပါရမီဒေါင့်ကျေးရွာရှိ ရွှေပါရမီစိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးမွေးမြူရေးနှင့် အထွေထွေသမဝါယမအသင်း၊ ကညွတ်ကွင်းကျေးရွာရှိ ရွှေကညင်စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်းများနှင့် ချိတ်ဆက်၍ ငါးတစ်ပိဿာလျှင် ငွေကျပ် ၃၆၀၀ နှုန်းဖြင့် သမဝါယမအသင်းသားများထံ ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်း (မူကြမ်း)နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ



**နေပြည်တော် ဇန်နဝါရီ ၈**

ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်း(မူကြမ်း)နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် Virtual Meeting အဖြစ် ကျင်းပသည်။

ဆွေးနွေးပွဲသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ ဦးစိုးအောင်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် ပညာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ယနေ့ ညှိနှိုင်းဆွေးနွေးပွဲသည် ရခိုင်ပြည်နယ်အတွက် အထူးအရေးပါပြီး အလိုအပ်ဆုံးဖြစ်နေသည့် အရာများထဲမှ တစ်ခုဖြစ်ပါကြောင်း၊ ရခိုင်ပြည်နယ်တွင် ကာလကြာရှည်စွာ ဖွံ့ဖြိုးမှုဆိုင်ရာ အကျပ်အတည်း၊ လူ့အခွင့်အရေးအကျပ်အတည်း၊ လုံခြုံရေးအကျပ်အတည်းဆိုသည့် အကျပ်အတည်း သုံးခု ကြုံတွေ့နေရပါကြောင်း၊ ယင်းအကျပ်အတည်းများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများစွာထဲမှ ဒေသအတွင်း နေထိုင်သူအားလုံး၏ အသိဉာဏ်ပညာ ဝေဖန်ပိုင်းခြားနိုင်မှု၊ မှန်ကန်စွာ သုံးသပ်နိုင်မှု၊ ကြောင်းကျိုးဆင်ခြင်နိုင်မှု မြင့်မားတိုးတက်ရေးသည် အဓိကကျပါကြောင်း၊ ထိုအရာများ မြင့်မားတိုးတက်နိုင်ရန် ပညာတတ်များရန်၊ ပညာရည်တိုးတက်မှုနှုန်းမြင့်မားရန် လိုအပ်ပါကြောင်း၊ ပညာရည်မြင့်မားမှ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်လာပြီး အလုပ်အကိုင်အခွင့်အလမ်းများ၊ စီးပွားရေးကဏ္ဍများ၊ ကြောင်းကျိုးဆင်ခြင်နိုင်မှုများ မြင့်တက်လာကာ လူမှုစီးပွားဘဝများ ပြောင်းလဲလာပြီး တွေ့ကြုံနေရသည့် အကျပ်အတည်းများကို လျော့နည်းလာစေမည်ဖြစ်ပါကြောင်း၊ ယနေ့ပြုလုပ်သည့် ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်း (မူကြမ်း)သည် ထူးခြားသော အပြောင်းအလဲတစ်ခုကို ဖော်ဆောင်နိုင်လိမ့်မည်ဟု ယုံကြည်မိပါကြောင်း။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် မစ္စတာ ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက် ၈၈ ချက်ကို အကောင်အထည်ဖော်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများက ရခိုင်ပြည်နယ် အစိုးရနှင့် နီးကပ်စွာညှိနှိုင်း ပူးပေါင်းပြီး အကြံပြုချက်ပါလုပ်ငန်းများကို ကဏ္ဍများအလိုက် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်နေကြသည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း၊ အကြံပြုချက်များတွင် ပညာရေးဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံပြုချက် ငါးချက်ရှိသည့်အနက် အကြံပြုချက် အမှတ်စဉ်(၃၄)တွင် ပါသော အစိုးရသည် ရခိုင်ပြည်နယ်၏ ပညာရေးကဏ္ဍ အထူးမြင့်မားတိုးတက်စေရန် စီမံချက်တစ်ရပ်ကို ပြည်နယ်အတွင်း နေထိုင်သူအားလုံး တူညီသော ပညာသင်ကြားခွင့်ရရှိရေး၊ ပညာရေးဂုဏ်မြင့်မားရေး၊ စာသင်ကျောင်းများနှင့် သင်ထောက်ကူပစ္စည်းများ တိုးတက်ကောင်းမွန်လာစေရေးစသည့် အချက်များကိုအခြေခံပြီး ဘက်ပေါင်းစုံ ထည့်သွင်းစဉ်းစားကာ စီမံချက်တစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်က တိုက်တွန်းထားသည်များရှိပါကြောင်း။

ပညာရေးသည် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခြင်းဆိုသည့် အတားအဆီးတံခါးကို ဖွင့်နိုင်မည့်သော့ဖြစ်ပါကြောင်း၊ လူတိုင်းလက်လှမ်းမီပြီး ဖွံ့ဖြိုးမှုနောက်ကျခြင်း တံခါးမှနေ လူတိုင်းဖွင့်ထွက်နိုင်ရန်လိုပါကြောင်း၊ ပညာရည်မြင့်မားလာခြင်းကြောင့် ပြဿနာအပေါ် ချဉ်းကပ်မှုပုံစံများလည်း ပြောင်းသွားနိုင်ပြီး ဖြေရှင်းဆောင်ရွက်နည်း အမျိုးမျိုးတို့မှတစ်ဆင့် ပဋိပက္ခများကို ရှောင်ရှားနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြရင်းဖြင့် ထာဝရငြိမ်းချမ်းရေးလမ်းစပေါ်ကို ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း။

ယနေ့ ဆွေးနွေးမည့် ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်း (Comprehensive Education Plan for Rakhine State – CEPR) (မူကြမ်း) သည် ကိုဖီအာနန်၏အကြံပြုချက်နှင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင် (The Independent Commission of Enquiry – ICOE) ၏ အကြံပြုချက်များတွင် ပါဝင်သည့် ပညာရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးမှု ချိတ်ဆက်နေရေးအတွက် အထူးအလေးထား အကောင်အထည်ဖော်ရန် လိုအပ်သည့် သဘောတရားများကို အခြေခံထားသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ အာဆီယံလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးရုံး (AHA Centre)တို့ ပူးပေါင်းပြီး ပြန်လည်လက်ခံရေးကိစ္စရပ်များနှင့်ပတ်သက်ပြီး ဖော်ထုတ်ထားသော ကနဦးလေ့လာဆန်းစစ်ချက်အစီရင်ခံစာ (Preliminary Needs Assessment –PNA) တွင်လည်း ထိုအချက်ကို အထူးပြုဖော်ပြထားပါကြောင်း၊ ရခိုင်ပြည်နယ်တွင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရန် ပညာရေးက အဓိကအကြောင်းအချက်ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်းက အရေးကြီးပါကြောင်း။

ရခိုင်ဒေသတွင် နေထိုင်သူများ ပညာရည်မြင့်မားလာပြီဆိုပါက နိုင်ငံသားဖြစ်မှု ဆိုင်ရာကိစ္စရပ်နှင့် စီးပွားရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များအတွက် ကြီးမားသော အထောက်အကူဖြစ်စေပြီး လွတ်လပ်စွာသွားလာခွင့်နှင့် လူမှုသဟဇာတဖြစ်ရေးတို့ကို ဆက်လက်တိုးတက်စေမည်ဖြစ်ပါကြောင်း၊ လူမှုသဟဇာတဖြစ်မှုတိုးတက်လာပြီဆိုလျှင် လုံခြုံရေးကဏ္ဍများ၊ ကျန်းမာရေးကဏ္ဍများပါ တိုးတက်လာပြီး ရခိုင်ပြည်နယ်၏ ကြုံတွေ့နေရသော အကျပ်အတည်းများ တဖြည်းဖြည်းလျော့ပါးလာကာ ဒေသ၏ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ဟုန်ထိုး ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်း (မူကြမ်း)အကြောင်းကို အလွှာအသီးသီးက သိရှိနားလည်ထောက်ခံရေး၊ ကိုဗစ်-၁၉ ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ နောက်ဆုံးအခြေအနေများနှင့်အညီ ရှေ့ဆက်ဆောင်ရွက်နိုင်ရေးတို့ကိုလည်း ကြိုးပမ်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့်လိုအပ်သော ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်ရန် အသင့်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ရခိုင်ပြည်နယ်တွင် မစ္စတာ ကိုဖီအာနန် ဦးဆောင်သော အကြံပေးအဖွဲ့၏ အစီရင်ခံစာအရ ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသောပညာရေးစီမံကိန်း (မူကြမ်း)ကို ပြုစုလျက်ရှိပါကြောင်း၊ အဆိုပါစီမံကိန်း(မူကြမ်း)တွင် အဓိကဆောင်ရွက်မည့် နယ်ပယ်ငါးခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်ရှိပါကြောင်း၊ အဆိုပါဆောင်ရွက်မည့် နယ်ပယ်ငါးခုမှာ ကျန်းမာ၊ လုံခြုံ၊ ဘေးကင်း၍ အရည်အသွေး ကောင်းမွန်သောပညာရေး၊ မည်သည့်ခွဲခြားမှုမျှမရှိဘဲ လူတိုင်းအကျုံးဝင် အတူတကွသင်ယူနိုင်သော ပညာရေး၊ နည်းပညာနှင့် သက်မွေးပညာသင်တန်း (TVET) နှင့် တစ်သက်တာလေ့လာသင်ယူမှုအပါအဝင် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့်ကျွမ်းကျင်မှုကို အလေးထားသောပညာရေးနှင့် အဆင့်မြင့်ပညာရေးအတွက် အခွင့်အလမ်းများရရှိရေး၊ ဆရာ၊ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများ၏ စွမ်းဆောင်ရည်ကို ဖွံ့ဖြိုးတိုးတက်စေခြင်းအားဖြင့် လေ့လာသင်ယူမှုကို ဖြစ်ထွန်းစေရေးတို့ ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်အတွက် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)အရ ပညာရေးကဏ္ဍတွင် လိုအပ်ချက်များကို ဖြည့်ဆည်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ရခိုင်ပြည်နယ်အတွင်း လူမှုသဟဇာတဖြစ်မှုကို ပိုမိုအားကောင်းစေရေးအတွက် အတူသင်စီမံချက်ကို အတူတကွ ကျောင်းသွားခြင်း၊ အတူစာဖတ်ခြင်း (Reading Together)၊ အတူတကွကစားခြင်း၊ ကျောင်းတွင်းရေနှင့်သန့်ရှင်းရေးကဏ္ဍကို အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ဆရာ၊ ဆရာမများကို အတူတကွ ထောက်ပံ့ပေးခြင်းစသော အဓိကအစီအစဉ် ငါးရပ်ဖြင့် ဆောင်ရွက်အကောင်အထည်ဖော်လျက်ရှိပါကြောင်း၊ ယနေ့အစည်းအဝေးတွင် ရခိုင်ပြည်နယ်အတွင်း အခြေခံပညာ၊ အဆင့်မြင့်ပညာနှင့် နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ အသီးသီးတွင် ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို စိစစ်အကဲဖြတ်ပြီး ထောက်ပံ့ပေးနိုင်ရေးအတွက် ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသောပညာရေးစီမံကိန်း(မူကြမ်း)နှင့် ချိတ်ဆက်ကာ ဖြည့်ဆည်းဆောင်ရွက်ပေးမည့်အစီအစဉ်များကို ညှိနှိုင်းဆွေးနွေး အကြံပြုကြစေလိုပါကြောင်း၊ ဆက်လက်၍လည်း ရခိုင်ပြည်နယ်အကြံပေးအဖွဲ့၏ အစီရင်ခံစာ၏ အကြံပြုချက်နှင့်အညီ ကျန်းမာ၊ လုံခြုံ၊ ဘေးကင်း၍ အရည်အသွေးရှိသည့် ပညာရေးကို ဦးတည်အကောင်အထည်ဖော်နိုင်ရေးအတွက် ပူးပေါင်းညှိနှိုင်းဆွေးနွေးအကြံပြုချက်များရယူပြီး ဆောင်ရွက်သွားလိုပါကြောင်း၊ မိမိတို့ ဝန်ကြီးဌာနများအနေဖြင့် လိုအပ်သည်များကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အခြေခံပညာဦးစီးဌာန၊ နည်းပညာ၊ သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်များက ကဏ္ဍအလိုက် လိုအပ်ချက် စစ်ဆေးအကဲဖြတ်ချက်များနှင့် ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်း (မူကြမ်း)နှင့် ဆက်စပ်ပံ့ပိုးဆောင်ရွက် အကောင်အထည်ဖော်မည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသူများက မေးမြန်းဆွေးနွေး အကြံပြုခြင်းများဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးတို့က နိဂုံးချုပ်စကားများ ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



မလေးရှားနိုင်ငံမှပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**နေပြည်တော် ဇန်နဝါရီ ၈**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် မလေးရှားနိုင်ငံတွင် ပြစ်ဒဏ်ကျခံပြီးဖြစ်သည့် အကြောင်းအမျိုးမျိုးကြောင့် ထိန်းသိမ်းခံထားရသည့် မြန်မာနိုင်ငံသား ၁၄၂ ဦးအား ကွာလာလမ်ပူမြို့ရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထို့ပြင် စင်ကာပူနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၄၆ ဦးအား စင်ကာပူနိုင်ငံရှိ မြန်မာသံရုံးမှ စီစဉ်သည့် မြန်မာအမျိုးသားလေကြောင်း(MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

အလားတူ ကိုရီးယားသမ္မတနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာသင်္ဘောသား ၁၂၅ ဦးအား ဆိုးလ်မြို့ရှိ မြန်မာသံရုံးနှင့်မြန်မာသင်္ဘောသားများ၊ ဝန်ထမ်းများအလှည့်ကျပြောင်းလဲခြင်းကော်မတီ (CCSC) တို့က ပူးပေါင်းစီစဉ်သည့် မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း(MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေး၊ သီးသန့်စီစဉ်ပေးသည့်နေရာ / သတ်မှတ်ဟိုတယ်များ၌ အသွားအလာကန့်သတ်မှု ၁၄ ရက်နှင့် နေအိမ်တွင် အသွားအလာကန့်သတ်မှု ခုနစ်ရက် နေထိုင်စေရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများနှင့် သင်္ဘောသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများ၊ သင်္ဘောကုမ္ပဏီများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် ရေရှားပါးလာမှုကို ဖြေရှင်းနိုင်ရန် ရေရရှိရေးဆောင်ရွက်နေသည့် လုပ်ငန်းများဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၈**

ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကြောင့် ကြုံတွေ့လာရသည့် ရေရှားပါးလာမှုကို ဖြေရှင်းနိုင်ရန် ရေရရှိရေးဆောင်ရွက်နေသော လုပ်ငန်းများနှင့် ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။



**တက်ရောက်**

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရုံးချုပ်နှင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ တာဝန်ခံအင်ဂျင်နီယာများအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရများထံ တင်ပြလမ်းညွှန်မှုခံယူပြီး ရေအရင်းအမြစ်များရှာဖွေထိန်းသိမ်း၊ စနစ်တကျသုံးစွဲနိုင်ရေးတို့အတွက် စည်းကမ်းနည်းလမ်းကျသည့်ဦးဆောင်မှုများ ပေးသွားခြင်းဖြင့် လုပ်ငန်းခွင်အကျိုးရှိ ထိရောက်စွာဆောင်ရွက်ပြီး ဆည်မြောင်းကဏ္ဍ တိုးတက်စေရေးကို ကြိုးပမ်းအားထုတ်ကြစေလိုကြောင်း၊ ဖြစ်ပေါ်လာနိုင်သည့် ရေရှားပါးမှုပြဿနာအခက်အခဲကို ဖြေရှင်းနိုင်ရေးအတွက် မြေအောက်ရေရရှိ ထိန်းသိမ်းမှု၊ ကျေးလက်သောက်သုံးရေ ရရှိရေးလုပ်ငန်းများ၊ သောက်သုံးရေနှင့် စိုက်ပျိုးရေဖူလုံစွာ ရရှိနိုင်ရေးတို့အတွက် ရေအရင်းအမြစ်ရရှိမည့် နည်းလမ်းများ ရှာဖွေဖော်ထုတ်ခြင်းနှင့် ရှိပြီးသားရေအရင်းအမြစ်များကို မပျောက်ပျက်အောင် အကျိုးရှိထိရောက်စွာနှင့် အလေအလွင့် နည်းပါးစွာ သုံးစွဲနိုင်ရေးလုပ်ငန်းများကို တိကျခိုင်မာသည့် စီမံချက်များ ရေးဆွဲချမှတ် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်ကြောင်း။

**ရေဝင်ရောက်မှု လျော့နည်းကျဆင်းလျက်ရှိ**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့် စားနပ်ရိက္ခာဖူလုံရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာတွင် နွေစပါး၊ မိုးစပါး၊ အခြားသီးနှံ၊ သောက်သုံးရေနှင့် ဒေသဖွံ့ဖြိုးရေးတို့အတွက် ရေသုံးစွဲနိုင်ရန် ရေလှောင်တမံ၊ ရေလွှဲဆည်၊ ကန်၊ ရေတံခါးနှင့် မြစ်ရေတင်လုပ်ငန်းများက အကျိုးပြု ပေးဝေလျက်ရှိကြောင်း၊ ယခုအခါ ကမ္ဘာနှင့်တစ်ဝန်း ဖြစ်ပေါ်နေသော ရာသီဥတုပြောင်းလဲမှု ဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံတွင်လည်း မိုးရွာသွန်းမှု ပုံစံပြောင်းလဲပြီး ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှုလျော့နည်းကျဆင်းလျက်ရှိနေကြောင်း၊ ထို့ကြောင့် ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှုနည်းပါး၍ သိုလှောင်ရေ ကျဆင်းလာခြင်းကြောင့် ရေသွင်း စိုက်ပျိုးဧကၤသောက်သုံးရေများ လျော့နည်းခြင်းမဖြစ်ပေါ်စေရန် ရေတို၊ ရေရှည်ဆောင်ရွက်ရန် လုပ်ငန်းများနှင့် တည်ဆောက်ပြီးတမံများ၏ ဘေးကင်းလုံခြုံမှုလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဦးစားပေးလုပ်ငန်းများ ချမှတ်ဆောင်ရွက်ရန် ယနေ့အစည်းအဝေးကို ကျင်းပခြင်းဖြစ်၍ သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ဆွေးနွေးဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဗိုလ်ဗိုလ်ကျော်က ရေသွင်းစိုက်ပျိုးဧက တိုးတက်ရေးအတွက် ဆောင်ရွက်နေသည့် ရေရရှိရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မိုးရေခံနည်းပညာ (Rain Water Harvesting)ကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြု၍ ရေသိုလှောင်ထားရှိခြင်း၊ ချောင်းပိတ်၊ မြောင်းပိတ်၊ ယာယီတမံငယ်များ ပိတ်၍ ရေပေးဝေခြင်း၊ ရေခေါ်မြောင်း၊ ရေပေးမြောင်းများ တူးဖော်စေခြင်း တည်ဆောက်ဆဲ ဆည်ရေသောက်စနစ်များ ပြီးစီးအောင် တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး ကာလကြာမြင့်သည့် ရေသောက်စနစ်များ အဆင့်မြှင့်တင်ခြင်း စသည့် လတ်တလောအကျိုးပြုလုပ်ငန်းများကိုလည်းကောင်း၊ မြေအောက်ရေဖြည့်တင်းခြင်း(Ground Water Recharge) နည်းပညာကို ဖြစ်နိုင်ခြေရှိသောနေရာများ ရွေးချယ်ဆောင်ရွက်ခြင်း၊ ရေစီးရေလာကောင်းမွန်သည့် နေရာများတွင် ရေလွှဲဆည်၊ ကန်၊ ရေတံခါးနှင့်ရေလှောင်တမံငယ်များ တည်ဆောက်ခြင်း၊ မြစ်ရေတင်စခန်းသစ်များ တည်ဆောက်ခြင်းစသည့် နှစ်တို(ကာလတို) ဆောင်ရွက်သင့်သည့်လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ကာလတို၊ ကာလလတ် လုပ်ငန်းစဉ်များနှင့်အတူ တည်ဆောက်ထားရှိပြီးဖြစ်သည့် ရေလှောင်တမံများသို့ ရေကူးဖြည့်တင်းပေးနိုင်သည့် ရေကူးရေလှောင်တမံများ တည်ဆောက်ခြင်းနှင့် ရေကူး၊ ရေသွယ်မြောင်းများ ဆောက်လုပ်ခြင်း၊ Dam Series များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နှစ်ရှည်ဆောင်ရွက်ရန်လိုအပ်သည့် ရေလှောင်တမံ စီမံကိန်းများအတွက် စူးစမ်းလေ့လာမှုများ ဆောင်ရွက်ခြင်း၊ ဖြစ်နိုင်စွမ်းရှိသည့် ရေလှောင်တမံများကို စိစစ်ရွေးချယ်ပြီး ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းစသည့် နှစ်ရှည်ဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းများ ထည့်သွင်းဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း၊ တည်ဆောက်ပြီးတမံများ၏ ဘေးကင်းလုံခြုံမှုလုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ရန် လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှုနှိုင်းယှဉ်ချက်

| စဉ် | အပြည်ပြည်ဆိုင်ရာလေဆိပ်များနှင့် နယ်စပ်ဝင်/ထွက်ပေါက်များ | ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ | | ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ | | မှတ်ချက် |
|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | ကမ္ဘာလှည့် | လုပ်ငန်း | |
| ၁ | ရန်ကုန်လေဆိပ်/ရေဆိပ် | ၇၄၇၄၁ | ၁၅၅၉၈ | ၀ | ၉၄၈ | |
| ၂ | မန္တလေးလေဆိပ် | ၄၂၀၄၆ | ၃၆၈၈ | ၀ | ၂ | |
| ၃ | နေပြည်တော်လေဆိပ် | ၁၁၅၅ | ၂၈၈ | ၀ | ၀ | |
| ၄ | မြိတ်လေဆိပ် | ၀ | ၀ | ၀ | ၀ | |
| ၅ | တာချီလိတ် | ၄၁၃၂ | ၉၁ | ၀ | ၀ | |
| ၆ | မြဝတီ | ၂၃၂၀ | ၅၁၅၆ | ၀ | ၀ | |
| ၇ | ကော့သောင်း | ၃၀၃၃ | ၆၁ | ၀ | ၀ | |
| ၈ | ထီးခီး | ၇၇ | ၃၃ | ၀ | ၀ | |
| ၉ | တမူး | ၄၄၃ | ၅၂ | ၀ | ၀ | |
| ၁၀ | ရိခေါဒါရ် | ၃ | ၀ | ၀ | ၀ | |
| | စုစုပေါင်း | ၁၂၇၉၅၀ | ၂၄၉၆၇ | ၀ | ၉၅၀ | |

မှတ်ချက်။ ၃၀-၃-၂၀၂၀ ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း COVID-19 နှင့်ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့် နိုင်ငံခြားသားများဖြစ်ပါသည်။

## အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ ရေဆိပ်နှင့် နယ်စပ်ဝင်/ထွက်ပေါက်များမှ နိုင်ငံခြားသားများ ဝင်ရောက်မှု နှိုင်းယှဉ်ချက်

| စဉ် | လအမည် | ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် | | | ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ် | | |
|---|---|---|---|---|---|---|---|
| | | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း | ကမ္ဘာလှည့် | လုပ်ငန်း | စုစုပေါင်း |
| ၁ | အောက်တိုဘာ | ၉၁၈၃၆ | ၂၇၅၉၀ | ၁၁၉၄၂၆ | ၃ | ၄၄၀ | ၄၄၃ |
| ၂ | နိုဝင်ဘာ | ၁၁၅၈၉၈ | ၂၇၄၈၈ | ၁၄၃၃၈၆ | ၀ | ၅၆၃ | ၅၆၃ |
| ၃ | ဒီဇင်ဘာ | ၁၂၇၉၅၀ | ၂၄၉၆၇ | ၁၅၂၉၁၇ | ၀ | ၉၅၀ | ၉၅၀ |
| ၄ | ဇန်နဝါရီ | ၁၂၃၆၂၂ | ၂၆၀၃၂ | ၁၄၉၆၅၄ | | | ၀ |
| ၅ | ဖေဖော်ဝါရီ | ၄၆၈၇၉ | ၂၁၉၄၈ | ၆၈၈၂၇ | | | ၀ |
| ၆ | မတ် | ၁၄၄၇၉ | ၂၁၉၇၉ | ၃၆၄၅၈ | | | ၀ |
| ၇ | ဧပြီ | ၀ | ၆၁ | ၆၁ | | | ၀ |
| ၈ | မေ | ၀ | ၁၀၂ | ၁၀၂ | | | ၀ |
| ၉ | ဇွန် | ၁ | ၂၇၈ | ၂၇၉ | | | ၀ |
| ၁၀ | ဇူလိုင် | ၀ | ၄၂၆ | ၄၂၆ | | | ၀ |
| ၁၁ | ဩဂုတ် | ၀ | ၁၁၇၅ | ၁၁၇၅ | | | ၀ |
| ၁၂ | စက်တင်ဘာ | ၀ | ၃၄၅ | ၃၄၅ | | | ၀ |
| | စုစုပေါင်း | ၅၂၀၆၆၅ | ၁၅၂၃၉၁ | ၆၇၃၀၅၆ | ၃ | ၁၉၅၃ | ၁၉၅၆ |

မှတ်ချက်။ ၃၀-၃-၂၀၂၀ ရက်နေ့မှစ၍ ပြည်ပလေယာဉ်ဆိုက်ရောက်မှု ယာယီရပ်ဆိုင်းထားသော်လည်း COVID-19 နှင့်ပတ်သက်သော အထူးလေယာဉ်များမှ ဝင်ရောက်သည့် နိုင်ငံခြားသားများဖြစ်ပါသည်။

**❖ ဝန်းသိုမြို့နယ်မှ**

ထိုသို့ ဆောင်ရွက်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး မြို့နယ်အဆင့် ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများပူးပေါင်း၍ စော်ဘွားကြီး ကြေးရုပ်တုလမ်းဆုံ၊ မြို့မစည်ပင်ဈေးနှင့် မြို့ဝင်၊ မြို့ထွက် ကျန်းမာရေးစစ်ဆေးရေး ဂိတ်နှစ်ခုတို့တွင် နှာခေါင်းစည်းများ ဝေငှပေးခြင်း၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ကိုပြုလုပ်၍ မိမိကိုယ်ကို ရောဂါကာကွယ်နိုင်စေရေးအတွက် အပြင်ထွက်သည့်အခါတိုင်း နှာခေါင်းစည်းတပ်ဆင်သွားလာကြရန်၊ လူစုလူဝေးနေရာများသို့ မလိုအပ်ဘဲသွားလာခြင်းမပြုကြရန်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ နေထိုင်သွားကြရန် အသိပညာပေးပြောကြားခဲ့သည်။

မြို့နယ်( ပြန်/ ဆက်)

## အမျိုးသမီးများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အပ်ချုပ်စက်သင်တန်း ဖွင့်လှစ်

**ရေတာရှည် ဇန်နဝါရီ ၈**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သော အမျိုးသမီးများ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ဆွာမင်းလမ်းကျေးရွာ အမက(၂) မူလွန်၌ ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်လင်းခိုင်နှင့် မြို့နယ်တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာကြည်လင် တို့က အမှာစကားများပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ညွှန့်က သင်ထောက်ကူပစ္စည်းများ ပေးအပ်သည်။

တစ်လကြာဖွင့်လှစ်မည့် အဆိုပါသင်တန်းသို့ ဆွာမင်းလမ်း၊ ဆီဆုံကုန်းနှင့် တံတားကြီးကျေးရွာများမှ သင်တန်းသူ ၂၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)



# မြန်မာနိုင်ငံ၏ စီးပွားရေးဝန်းကျင် ခိုင်မာအားကောင်းလာစေရေးကို ထပ်မံပံ့ပိုးပေးမည့် OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒ ဒုတိယအကြိမ် လေ့လာသုံးသပ်ချက် (၂၀၂၀)

မောင်သစ္စာ (ရန်ကုန်)

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနနှင့် OECD တို့ ပူးပေါင်း၍ နော်ဝေနိုင်ငံနှင့် ဆွစ်ဇာလန်နိုင်ငံအစိုးရတို့၏ အကူအညီဖြင့် ဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မူဝါဒလေ့လာသုံးသပ်ချက် အစီရင်ခံစာကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် “High-Level Event on Promoting Responsible Investment in Myanmar” အစီအစဉ်၌ တရားဝင်ထုတ်ပြန်ခဲ့သည်။

**ပထမအကြိမ် OECD ၏**
**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မူဝါဒလေ့လာသုံးသပ်ချက်**

၂၀၁၂- ၂၀၁၄ ခုနှစ်တွင် ပြုလုပ်ခဲ့သည့် ပထမအကြိမ် OECD Investment Policy Reviews တွင် အဓိကဆန်းစစ်ခဲ့သည့် မူဝါဒနယ်ပယ်များမှာ ရင်းနှီးမြှုပ်နှံမှု၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး၊ ကုန်သွယ်ရေး၊ ပြိုင်ဆိုင်နိုင်မှု၊ အခွန်၊ ကော်ပိုရိတ် စီမံခန့်ခွဲမှု၊ တာဝန်ယူမှုရှိသောစီးပွားရေး လုပ်ငန်းဆောင်ရွက်ချက်၊ လူသားအရင်းအမြစ်၊ အခြေခံအဆောက်အအုံနှင့် ဘဏ္ဍာရေးလုပ်ငန်းကဏ္ဍနှင့် အစိုးရစီမံအုပ်ချုပ်မှုတို့ ဖြစ်သည်။

၂၀၁၄ ခုနှစ် မတ်လ ၁ ရက်နေ့တွင် ပထမအကြိမ် OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မူဝါဒလေ့လာသုံးသပ်ချက်ကို တရားဝင်ထုတ်ပြန်ခဲ့သည်။

ပထမအကြိမ် OECD ၏ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မူဝါဒလေ့လာသုံးသပ်ချက်တွင် ပါဝင်သည့် အဓိကအကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) Public Governance တိုးတက်ရေးနှင့်စပ်လျဉ်းပြီး တရားရေးဝန်ထမ်းများကို စွမ်းဆောင်ရည်မြှင့်တင်ရေး၊ ခေတ်နှင့်မလျော်ညီသည့် ဥပဒေများကို အစားထိုးပြင်ဆင်ရေး၊ ဝန်ကြီးဌာနများ၏ အခန်းကဏ္ဍများ ရှင်းရှင်းလင်းလင်းရှိရေး၊ လုပ်ငန်းတူသည့် ဝန်ကြီးဌာနများ ပေါင်းစည်းရေးနှင့်ဝန်ကြီးဌာနများအကြား ပူးတွဲဆောင်ရွက်မှု တိုးတက်ရေး၊ ဥပဒေစည်းမျဉ်းများ ပြဋ္ဌာန်းသည့်အခါ တရားမျှတမှုရှိပြီး ထိရောက်စေရန်အတွက် မပြဋ္ဌာန်းမီ၊ ရေးဆွဲဆဲနှင့် ရေးဆွဲပြီးကာလများတွင် Public Consultation များပြုလုပ်ရေးတို့ကို ဆောင်ရွက်ရန်။

(၂) ရင်းနှီးမြှုပ်နှံမှု ခွင့်ပြုပေးမှုလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီးလည်း လုပ်ငန်းစဉ် ရှင်းလင်းလွယ်ကူရန်၊ Scope ကျဉ်းအောင် ဆောင်ရွက်ရန်၊ ပွင့်လင်းမြင်သာမှု ပိုမိုရှိရန်၊ ခွင့်ပြုမိန့်နှင့်အညီ ရင်းနှီးမြှုပ်နှံသူများ လိုက်နာဆောင်ရွက်မှု ရှိ မရှိ ကြီးကြပ်ရန်၊ အတိတ်နှင့် ပစ္စုပ္ပန် နှစ်ရပ်လုံးကို သက်ရောက်မှုရှိသည့် ကြေညာချက်ထုတ်ပြန်သည့်စနစ် ကျင့်သုံးရန်။

(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို ခွဲခြားဆက်ဆံမှု လျော့နည်းစေရေးအတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို ပေါင်းစည်းရန်၊ ဖက်စပ်လုပ်ကိုင်ဆောင်ရွက်မှုနှင့် စပ်လျဉ်းသည့် ရည်ရွယ်ချက်များကို ရှင်းရှင်းလင်းလင်းဖြစ်အောင် ဆောင်ရွက်ရန်၊ ကန့်သတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်ပြီး ကာလအလိုက် သုံးသပ်ရန်။

ပထမအကြိမ် OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုမူဝါဒ လေ့လာသုံးသပ်ချက်တွင်ပါဝင်သည့် အကြံပြုချက်များအပေါ် အခြေခံ၍ ယခင်က မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှုဥပဒေတို့ကို ပယ်ဖျက်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများကိုလည်းကောင်း၊ နှစ်ပေါင်းရာကျော်ကြာမြင့်နေသည့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအဖြစ်လည်းကောင်း ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့သည်။ ၎င်းမှတစ်ဆင့် ကမ္ဘာ့ဘဏ်၏ Ease of Doing Business Ranking နှင့် ပတ်သက်ပြီး ရလဒ်အဆင့်ကို မြင့်မားအောင် တွန်းအားပေးနိုင်ခဲ့သည့် Myanmar Companies Online (MyCO) စနစ်ကိုလည်း ဆောင်ရွက်နိုင်ခဲ့သည်။

ပထမအကြိမ် သုံးသပ်ချက်ဆောင်ရွက်ချက်၌ OECD FDI Regulatory Restrictiveness Index အရ စစ်တမ်းကောက်ယူထားသော နိုင်ငံ ၇၀ ခန့်အနက် မြန်မာနိုင်ငံသည် ကန့်သတ်မှုအများဆုံးနိုင်ငံအဖြစ် ရှိခဲ့သည်။ ယခု ဒုတိယအကြိမ် သုံးသပ်ချက်၌ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့် ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုအမျိုးမျိုးတို့ကြောင့် OECD FDI Regulatory Restrictiveness Index (၂၀၁၉) အရ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ပွင့်လင်းမြင်သာမှုအရှိဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာပြီး OECD အဖွဲ့ဝင်နိုင်ငံမဟုတ်သောနိုင်ငံများ၏ လုပ်ဆောင်ချက်နှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ကြောင်း တွေ့ရှိရသည်။ **“ငါးနှစ်တာကာလအတွင်း ထိုသို့ ပြဋ္ဌာန်းထားမှုများကို ဖြေလျှော့ပေးခြင်းသည် တစ်ခါမျှမကြုံစဖူးဖြစ်ကြောင်း၊ နိုင်ငံရေးပဋိပက္ခများကို ကျေနပ်ဖွယ်ဖြေရှင်းဆောင်ရွက်၍ အခြားသော အဓိကစီးပွားရေးအခြေအနေမျိုး ယိုယွင်းမှုမရှိပါက ယင်းအခြေအနေသည် အချိန်ကြာလာသည်နှင့်အမျှ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုစီးဝင်မှုအပေါ် သိသာသော အကျိုးသက်ရောက်မှု ရှိလာနိုင်ကြောင်း”** OECD က သုံးသပ်ခဲ့သည်။

**ပထမအကြိမ် သုံးသပ်ချက်ဆောင်ရွက်ချက်၌ OECD FDI Regulatory Restrictiveness Index အရ စစ်တမ်းကောက်ယူထားသော နိုင်ငံ ၇၀ ခန့်အနက် မြန်မာနိုင်ငံသည် ကန့်သတ်မှုအများဆုံးနိုင်ငံအဖြစ်ရှိခဲ့သည်။ ယခု ဒုတိယအကြိမ်သုံးသပ်ချက်၌ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် နည်းဥပဒေများ၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေနှင့် ကဏ္ဍအလိုက် ပြုပြင်ပြောင်းလဲမှုအမျိုးမျိုးတို့ကြောင့် OECD FDI Regulatory Restrictiveness Index (၂၀၁၉) အရ မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ပွင့်လင်းမြင်သာမှုအရှိဆုံး နိုင်ငံတစ်နိုင်ငံဖြစ်လာပြီး OECD အဖွဲ့ဝင်နိုင်ငံမဟုတ်သော နိုင်ငံများ၏ လုပ်ဆောင်ချက်နှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်ကြောင်း တွေ့ရှိ။**

**ဒုတိယအကြိမ် OECD ၏**
**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု မူဝါဒလေ့လာသုံးသပ်ချက်**

ဒုတိယအကြိမ် OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မူဝါဒလေ့လာသုံးသပ်မှုဆောင်ရွက်ရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကပင် OECD ဘက်ကို အဆိုပြုခဲ့ခြင်း ဖြစ်သည်။ OECD ဘက်က ဆွစ်ဇာလန်နှင့် နော်ဝေနိုင်ငံအစိုးရတို့၏ ဘဏ္ဍာငွေထောက်ပံ့မှုရရှိအောင် ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ဒုတိယအကြိမ် OECD ၏ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမူဝါဒဆိုင်ရာ ကနဦးညှိနှိုင်းအစည်းအဝေးကို ပြုလုပ်ခဲ့သည်။

ပထမအကြိမ် Task Force အစည်းအဝေးကို ၂၀၁၉ ခုနှစ် မတ်လ ၁၉ ရက်နေ့တွင် ကျင်းပခဲ့ပြီး ပထမမူကြမ်းနှင့် စပ်လျဉ်းသည့် ဒုတိယအကြိမ် Task Force အစည်းအဝေးကို ၂၀၁၉ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ကျင်းပခဲ့သည်။ Responsible Business Conduct အခန်းအတွက် Task Force Consultation and Dialogue on Responsible Business Conduct ကို ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ OECD ၏ ဒုတိယအကြိမ် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမူဝါဒ သုံးသပ်ချက်နှင့်စပ်လျဉ်းသည့် Virtual Meeting ကို ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၂၄ ရက်နေ့တွင် OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မူဝါဒသုံးသပ်ချက် (၂၀၂၀) ကို ထုတ်ပြန်နိုင်ခဲ့သည်။

OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မူဝါဒသုံးသပ်ချက် (၂၀၂၀) မှာ အောက်ဖော်ပြပါကဏ္ဍများ ပါဝင်ပြီး တစ်ခန်းချင်းအလိုက် လုပ်ဆောင်သင့်သည့် မူဝါဒအကြံပြုချက်များ ပါဝင်ခဲ့သည် -

(၁) ရင်းနှီးမြှုပ်နှံမှုမူဝါဒ (Investment Policy)၊

(၂) ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး (Investment Promotion and Facilitation)၊

(၃) တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်မှုကို မြှင့်တင်ခြင်းနှင့် လုပ်သာကိုင်သာရှိအောင် ဆောင်ရွက်ခြင်း (Promoting and Enabling Responsible Business Conduct)၊

(၄) အခြေခံအဆောက်အအုံ ချိတ်ဆက်မှု (Infrastructure Connectivity)၊

(၅) အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မူဘောင် (Investment Framework for Green Growth)၊

(၆) စီးပွားရေးဇုန်များကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း (Making the Most of Economic Zones)၊

(၇) အာမခံချက်ရှိပြီး ရှင်းလင်းကောင်းမွန်သော မြေအသုံးချခွင့်ကို မြှင့်တင်ဆောင်ရွက်ခြင်း (Fostering Secure and Well-defined Land Rights)။

OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မူဝါဒသုံးသပ်ချက် (၂၀၂၀) တွင် ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့်ပတ်သက်ပြီး ကုန်ထုတ်လုပ်မှုကဏ္ဍများတွင်ရှိသည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကန့်အသတ်များ၏ Costs and Benefits ကို သုံးသပ်ရန်၊ စီးပွားရေးကဏ္ဍတစ်ရပ်လုံး၏ အဓိကဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည့် ဘဏ္ဍာရေး၊ ဆောက်လုပ်ရေးနှင့် ဖြန့်ဖြူးရေး ဝန်ဆောင်မှုများကဲ့သို့သော ဝန်ဆောင်မှုလုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပါဝင်မှုအပေါ် ကန့်သတ်ချက်များ၏ ကုန်ကျစရိတ်များကို သုံးသပ်ရန်၊ ထိရောက်လွတ်လပ်သော တရားစီရင်ရေးဖြစ်စေရန် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပြီး Legal Certainty ဖြစ်အောင် ဆောင်ရွက်ရန်၊ ရင်းနှီးမြှုပ်နှံမှုစာချုပ် အဟောင်းများကို ပြန်လည်သုံးသပ်ပြီး ပြန်လည်စေ့စပ်ညှိနှိုင်းဆောင်ရွက်မှုများပြုလုပ်ရန်နှင့် ရင်းနှီးမြှုပ်နှံမှုစာချုပ်များနှင့်စပ်လျဉ်း၍ stakeholder များအကြား Awareness မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် မလိုလားအပ်သည့်ကိစ္စရပ်များ မဖြစ်အောင် စီမံဆောင်ရွက်ရန် အကြံပြုထားသည်။

**ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးနှင့် လွယ်ကူချောမွေ့စေရေး**တို့နှင့်ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှု လွယ်ကူချောမွေ့ရေး တိုးတက်စေရန် ဆောင်ရွက်ရုံသာမက ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးလုပ်ငန်းများ အားကောင်းလာစေရေး ဆောင်ရွက်ရန်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ တစ်နေရာတည်း၌ တစုတစည်းတည်း အလုံးစုံဝန်ဆောင်မှုပေးသည့် လုပ်ငန်းစဉ်ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် “Digital Solutions” ကို အသုံးပြု ဆောင်ရွက်ရန်၊ တည်ရှိဆဲ Company Database ကို အသုံးပြုရန်၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း အဆင့်သတ်မှတ်ချက်များ တိုးတက်ရေးအတွက် ကြိုးစားအားထုတ်မှုများ ပြုလုပ်ရာတွင် ထိပ်ဆုံးအဆင့်ရှိသည့် Distance to Frontier ကို စဉ်းစားရန်၊ စည်းမျဉ်း စည်းကမ်းများ တိုးတက်ကောင်းမွန်လာစေရန် ရှင်းလင်းသောမဟာဗျူဟာကို ရေးဆွဲဆောင်ရွက်ရန်၊ အားလုံးခြုံငုံသောစည်းမျဉ်းမူဘောင် တိုးတက်စေခြင်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ဆောင်ရွက်နေသည့် One Stop Service ကို ခိုင်မာအားကောင်းအောင် ကြိုးစားအားထုတ်နေမှုများကို ဆက်လက်ဆောင်ရွက်ရန်၊ လုပ်ထုံးလုပ်နည်းမဟာဗျူဟာ ဖွံ့ဖြိုးတိုးတက်စေသည့် လုပ်ငန်းစဉ်များဖြစ်သည့် ပန်းတိုင်များ၊ ဘုံရည်မှန်းချက်များ၊ အဓိကဆောင်ရွက်မှုဆိုင်ရာ ညွှန်းကိန်းများ၊ ဘတ်ဂျက်များ သတ်မှတ်ထားရှိခြင်းအပြင် ခိုင်မာသော ကြီးကြပ်ခြင်းနှင့် အကဲဖြတ်ခြင်းစနစ် (Monitoring & Evaluation - M & E System) ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ပုဂ္ဂလိကကဏ္ဍနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများနှင့် ခိုင်မာသော ချိတ်ဆက်မှုများမှတစ်ဆင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ မူဝါဒပိုင်းဆိုင်ရာအကြံပေးသည့် အခန်းကဏ္ဍ အားကောင်းလာအောင်ဆောင်ရွက်ရန်၊ MNE-SME ချိတ်ဆက်မှုများအတွက် အခွင့်အလမ်းများနှင့် လုပ်ဆောင်ချက်များကို ရှာဖွေဖော်ထုတ်ရန် အကြံပြုခဲ့သည်။

ယင်းအပြင် တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းဆိုင်ရာလုပ်ဆောင်ချက် မြှင့်တင်ရေးအတွက် စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံသူများက တာဝန်ယူမှုရှိသော အလေ့အကျင့်များကို လက်တွေ့ကျင့်သုံးဆောင်ရွက်နိုင်စေရန်၊ အထူးသဖြင့် OECD Due Diligence Guidance for Responsible Supply Chains of Minerals from Conflict-Affected and High-Risk Areas နှင့် OECD Due Diligence Guidance for Responsible Supply Chains in the Garment and Footwear Sector တို့ကို ကျင့်သုံးဆောင်ရွက်ရန်၊ တွင်းထွက်သတ္တုတူးဖော်ရေးလုပ်ငန်းများအနေဖြင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်နိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်၊ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများဆောင်ရွက်မှုအတွက် National Action Plan (NAP) ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးရန်နှင့် နိုင်ငံတကာအဆင့်အတန်းမီ အလေ့အကျင့်ကောင်းများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန် စသည်ဖြင့် အကြံပြုခဲ့သည်။

**အခြေခံအဆောက်အအုံဆိုင်ရာ ချိတ်ဆက်မှုတိုးတက်ရေးအတွက်** ပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်စေရန်၊ လက်ရှိအခြေခံအဆောက်အအုံများကို ပြန်လည်၍ ခေတ်မီအောင် ပြုပြင်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကကုန်သွယ်မှုစင်္ကြံများဖြစ်သည့် တရုတ်နိုင်ငံနှင့် ချိတ်ဆက်နေသော Greater Mekong Sub- region North Road corridor နှင့် ထိုင်းနိုင်ငံနှင့် ချိတ်ဆက်နေသည့် GMS East-West Road corridor စသည့် စင်္ကြံနှစ်ခုကို အဓိကထားပြီး ဆောင်ရွက်ရန်၊ ရှိပြီးသား အခြေခံ အဆောက်အအုံများကို ပိုမိုအကျိုးရှိအောင် အသုံးချရန်၊ ကုန်သွယ်မှု အဆင်ပြေချောမွေ့စေခြင်းနှင့် ပြည်သူလူထုကို ဝန်ဆောင်မှုပေးသည့် Soft Infrastructure တို့ကို အားကောင်းစေရန်နှင့် ယင်းသို့ဆောင်ရွက်ရာတွင် ကုန်သွယ်မှုကို အထောက်အပံ့ပေးသည့် လုပ်ငန်းစဉ်များကို အဆင့်မြှင့်ခြင်းနှင့် လုပ်ရိုးလုပ်စဉ်များကို လျှော့ချခြင်းတို့ဖြင့် ဆောင်ရွက်ရန်တို့ကို အကြံပြုခဲ့သည်။

စာမျက်နှာ ၁၁ သို့ ❍

# Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီသို့ အများပြည်သူများမှ အလှူငွေများ ထည့်ဝင်လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ (Pandemic) အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်သူလူထုတစ်ဦးချင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၃၀ ရက်နေ့ (၁၆:၃၀) နာရီအထိ အောက်ဖော်ပြပါအတိုင်း အလှူငွေများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်-

**COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၃၀- ၁၂-၂၀၂၀)ရက်နေ့၊ (၁၆:၃၀)နာရီအချိန်ထိ**

| စဉ် | အလှူရှင်အမည် | ကျပ်(သိန်းပေါင်း) |
|---|---|---|
| ၁။ | မြန်မာနိုင်ငံ တရုတ်ကုန်သည်ကြီးများအသင်းချုပ် | ၅၀၀၀.၀၀ |
| ၂။ | အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန | ၃၀၀၀.၀၀ |
| ၃။ | ဒေါ်စောခင်(၈၆)နှစ်ပြည့်မွေးနေ့အလှူ ကျော်ကျော်စတိုး ညောင်တုန်းမြို့ | ၈၇.၀၀ |
| ၄။ | နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန | ၆၀.၀၀ |
| ၅။ | RIT 1984-93 Friends Foundation (ဒုတိယအကြိမ်) | ၄၆.၀၀ |
| ၆။ | Seinn Lan Shwe Myay Company Ltd | ၂၀.၀၀ |
| ၇။ | အလယ်အလတ်အဆင့် အရာထမ်းစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၅၆) (အထက်မြန်မာပြည်)မှ သူငယ်ချင်းများ | ၁၅.၀၀ |
| ၈။ | (၁၉၈၄) လက်ထောက်မန်နေဂျာ (ရောင်း/စက်) အဖွဲ့ မြန်မာ့သစ်လုပ်ငန်း | ၁၃.၅၀ |
| ၉။ | ဦးစိုးကျော်(ညွှန်ကြားရေးမှူး-ငြိမ်း-MOGE )၏ (၈၄) နှစ်မြောက် မွေးနေ့အထိမ်းအမှတ် | ၁၀.၀၀ |
| ၁၀။ | U Kyi Lin, Kai Lin, Daniel Lin, Eileen family | ၁၀.၀၀ |
| ၁၁။ | အောင်လံခိုင်ဖို့ မဲပေးစို့( နယူးဇီလန် ၂၀၂၀) | ၉.၃၀ |
| ၁၂။ | CSA (5) (Upper Myanmar) သင်တန်းဆင်းအရာရှိများ | ၈.၅၀ |
| ၁၃။ | ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် စီမံခန့်ခွဲရေးဌာန မိသားစုများ | ၈.၀၀ |
| ၁၄။ | Intergrated Trading Co.,Ltd | ၇.၀၀ |
| ၁၅။ | ပါမောက္ခ ဒေါက်တာမေမေရီ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း) ဆေးသုတေသနဦးစီးဌာန | ၅.၀၀ |
| ၁၆။ | ဉာဏ်ထူးတင် မွေးနေ့အလှူအဖြစ် ဒေါ်မြတ်မြတ်မူ၊ သင်းသီရိစွမ်းရည်တင်၊ ရန်ကုန် | ၅.၀၀ |
| ၁၇။ | ဒေါ်ခင်စိန် (ဗန်းမော်) (၉၉)နှစ်ပြည့်မွေးနေ့အလှူ (၇) မိုင် ၊ မရမ်းကုန်း | ၅.၀၀ |
| ၁၈။ | ဦးလှမိုးနိုင် ကထိက အင်္ဂလိပ်စာဌာန ရွှေဘိုတက္ကသိုလ်နှင့် စေတနာအလှူရှင်များ | ၃.၅၀ |
| ၁၉။ | တိရစ္ဆာန်ဆေးကုဆရာဝန်များ | ၃.၀၀ |
| ၂၀။ | ကွယ်လွန်သူဖခင်ကြီး ဦးမောင်မောင်လတ် (၉၉)နှစ် (၃)လ ပြည့်အားရည်စူး၍ ဒေါက်တာမျိုးမင်းမိသားစု | ၃.၀၀ |
| ၂၁။ | ဖခင်ကြီး ဦးစိန်၊ မိခင်ကြီး ဒေါ်လှမြိုင် တို့အား ရည်စူး၍ ဦးဝင်းအောင် + ဒေါ်တင်တင်စိန် သမီး မဆုမြတ်သွယ်၊ မအေးချမ်းဆု၊ ဗဟန်း | ၃.၀၀ |
| ၂၂။ | Dr ရဲညွှန့် + ဒေါ်ယဉ်ယဉ်ရွှေ သားသမီး မြေး မိသားစု ကောင်းမှု | ၂.၀၀ |
| ၂၃။ | ဦးစိန်မောင် + ဒေါ်ချိုချိုမာ ၊ ဗဟိုလမ်း ၊ စမ်းချောင်းမြို့ | ၁.၀၀ |
| | **စုစုပေါင်း** | ၈၃၂၄.၈ |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက် အသိပေးထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019(COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့် ဗဟိုကော်မတီ**

○ စာမျက်နှာ ၁၀ မှ

**အစိမ်းရောင်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက်** ရင်းနှီးမြှုပ်နှံမှုမူဘောင်နှင့်ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများက အဆိုပြု ရင်းနှီးမြှုပ်နှံမှုများကို ကနဦးဆန်းစစ်ရာတွင် ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများကို ထည့်သွင်းစဉ်းစားရန်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ချက်များကို လေ့လာသုံးသပ်ရန်နှင့် ထိုဆန်းစစ်ချက်များကို လေ့လာသုံးသပ်နိုင်မည့် နိုင်ငံတော်အဆင့်နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်ခြင်းအပါအဝင် ပတ်ဝန်းကျင်ထိခိုက်မှုဆိုင်ရာ ဆန်းစစ်ချက်စနစ်များ (ဥပမာ-Environmental Impact Assessment-EIA) ကို အပြည့်အဝ ဆက်လက်ဆောင်ရွက်ခြင်းဖြင့် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ရန်နှင့် လုပ်ငန်းအဆင်ပြေချောမွေ့မှုကို နှောင့်နှေးစေသည့်လုပ်ငန်းစဉ်များကို လျှော့ချရန်၊ စီးပွားရေးလုပ်ငန်းများမှ လိုက်နာမှုအားကောင်းစေရန်နှင့် တာဝန်ယူမှုအားကောင်းလာစေရန်သည် ခွင့်ပြုပြီးသည့် EIA အစီရင်ခံစာများကို Online Database တည်ဆောက်နိုင်ရန် အစိုးရဘက်က စဉ်းစားဆောင်ရွက်ရန်၊ မြန်မာနိုင်ငံက Project Bank ကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ဆိုင်ရာစံနှုန်းများကိုပါ ထည့်သွင်းရန်၊ ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်နှင့် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ စီမံကိန်းများကို Project Bank တွင် ဦးစားပေးကဏ္ဍအဖြစ် ထည့်သွင်း၍ အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ရေအားမှထုတ်လုပ်သည့် စွမ်းအင်မဟုတ်သည့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ၏ အရေးပါပုံကို သိရှိရာမှလည်းကောင်း၊ တစ်ပြေးညီ စံသတ်မှတ်ထားသည့် Power-purchase agreement စာချုပ်ပုံစံကို အသုံးပြုခြင်းဖြင့်လည်းကောင်း၊ မြေအသုံးပြုခွင့် လုပ်ငန်းစဉ်မှာ အဆင်ပြေချောမွေ့စေခြင်းဖြင့် လည်းကောင်း၊ စီးပွားရေးလုပ်ငန်းများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုကို အကျိုးသက်ရောက်မှုရှိစေမည့် အခွင့်အလမ်းများကို မြှင့်တင်ပေးခြင်းဖြင့် Off-grid Renewable Energy Solutions ဖြင့် စွမ်းအင်ထုတ်လုပ်ခြင်းကို နိုင်ငံတော်မှ အထောက်အပံ့ပြုပေးရန်၊ အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုအတွက် စွမ်းရည်မြှင့်သင်တန်းများပေးရန်နှင့် မဟာဗျူဟာကျကျစီမံကိန်းများကို သတ်မှတ်ရန်၊ ရာသီဥတုပြောင်းလဲမှု ဒဏ်ကိုခံနိုင်ရေး ဆောင်ရွက်ရန်စသည်တို့ကို အကြံပြုထားသည်။

**စီးပွားရေးဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက်** အထူးစီးပွားရေးဇုန်နှင့် စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်မှုနှင့် နယ်စပ်ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး မဟာဗျူဟာအပေါ် စီမံအုပ်ချုပ်မှုတို့အကြား ကိုက်ညီမှုရှိစေရေး ဆောင်ရွက်ရန်၊ ဖြစ်နိုင်လျှင် ဗဟိုအစိုးရအာဏာပိုင်တစ်ခုတည်းအောက်၌ တစုတစည်းတည်း ကြီးကြပ်ကွပ်ကဲခြင်းဖြင့် ဆောင်ရွက်နိုင်ရန်၊ အထူးစီးပွားရေးဇုန်တွင် လုပ်ငန်းဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံသူများကို ပေးထားသည့် လုပ်ငန်းခွန်လျှော့ပေးခြင်း (အထူးစီးပွားရေးဇုန်ပြင်ပ ရင်းနှီးမြှုပ်နှံသူများကို ပေးထားသည့် အခွန်ကင်းလွတ်ခွင့်အပြင်) စသည့်ဘဏ္ဍာရေးပိုင်းဆိုင်ရာအကျိုးခံစားခွင့်များကိုတဖြည်းဖြည်း လျှော့ချနိုင်ရေး စဉ်းစားရန်၊ ဇုန်တွင်းနှင့် ဇုန်ပြင်ပရှိ ရင်းနှီးမြှုပ်နှံသူများအကြား တန်းတူအခွင့်အရေးရရှိစေရန်၊ အစိုးရအခွန်ဘဏ္ဍာငွေဆုံးရှုံးမှု လျော့နည်းစေရန်၊ သီလဝါ အထူးစီးပွားရေးဇုန် ကြေညာချက်အမှတ် ၄/၂၀၁၅ ကို စဉ်းစားရန်၊ အခြားအထူးစီးပွားရေးဇုန်များအားလုံး၏ စီမံခန့်ခွဲမှုကော်မတီအားလုံးကိုလည်း အဆိုပါကြေညာချက်မျိုး ချမှတ်သွားရန်အတွက် တွန်းအားပေးရန်၊ အထူးစီးပွားရေးဇုန်ဥပဒေနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ၂၀၁၂ တွင် ပြဋ္ဌာန်းထားသည့်ခွင့်ပြုသော လုပ်ငန်းစဉ်များနှင့် ဝေါဟာရအခေါ်အဝေါ်များနှင့်စပ်လျဉ်းသည့် EIA လိုအပ်ချက်များအကြား ကိုက်ညီမှုမရှိသည့်အချက်များကို ဖြေရှင်းရန်၊ အထူးစီးပွားရေးဇုန်များအတွက် သီးသန့် EIA စနစ်တစ်ခုပြုလုပ်ရန်၊ MIPP တွင် ဖော်ပြထားသည့် စက်မှုကဏ္ဍအတွက် လုပ်ငန်းအစီအစဉ်ကို အကောင်အထည်ဖော်ရန်၊ လိုအပ်သည့် ကျွမ်းကျင်မှုများနှင့်စပ်လျဉ်း၍ ပုဂ္ဂလိကကဏ္ဍနှင့် ညှိနှိုင်းဆွေးနွေးနိုင်မည့် စကားဝိုင်းတစ်ခု တည်ထောင်ရန်၊ အထူးစီးပွားရေးဇုန်မှ ရင်းနှီးမြှုပ်နှံသူများကို အဆိုပါအစီအစဉ်များတွင် ပါဝင်စေရန်၊ MIPP တွင် အဓိကရည်မှန်းထားသည့်ကဏ္ဍများကို အလေးထားဆောင်ရွက်ရန်နှင့် ရင်းနှီးမြှုပ်နှံသူများနှင့် တင်သွင်းသူများအကြား Networking Event များမှတစ်ဆင့် ဆက်သွယ်ချိတ်ဆက်မှုကို မြှင့်တင်ရန် စသည်တို့ကို အကြံပြုထားသည်။

**မြေရာအခွင့်အရေးများနှင့်ပတ်သက်ပြီး** ကောင်းမွန်သည့်ဝန်းကျင်တစ်ရပ် ဖန်တီးနိုင်ရေးအတွက် အကျိုးတူအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဆွေးနွေးတိုင်ပင်ပြီး National Land Use Policy (NLUP) ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ National Land Law ရေးဆွဲရန်၊ လက်ရှိမြေယာဆိုင်ရာဥပဒေများကို National Land Law နှင့်အညီဖြစ်စေရန်၊ မြေယာနှင့်ပတ်သက်သည့် မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ လိုက်လျောညီထွေရှိစေရန် တစ်ခုတည်းသောစီမံခန့်ခွဲရေးစနစ် ထူထောင်ရန်၊ ခွဲခြားဆက်ဆံမှုမရှိသည့် မြေယာသိမ်းယူခြင်းစနစ် ဖြစ်စေရန်နှင့် မူဘောင်ခိုင်မာစေရန် ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် Land Acquisition Resettlement and Rehabilitation Law ကို ပြန်လည်ပြင်ဆင်ရန်၊ အားလုံးလက်ခံနိုင်သည့် လွတ်လပ်မှုရှိသောမြေယာအငြင်းပွားမှုဖြေရှင်းရေးစနစ် ထူထောင်ရန်၊ မြေအသုံးချမှုစီမံကိန်းမူဘောင်ရေးဆွဲရန်၊ ပမာဏကြီးမားသည့် စိုက်ပျိုးမြေခွဲဝေချထားရေးအတွက် ကြီးကြပ်ရေးနှင့် အစီရင်ခံရေးစနစ်ထူထောင်ရန်၊ မြေယာဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ နေသားတကျမရှိမီ အငြင်းပွားမှုဖြစ်နေသည့် နေရာများတွင် ပမာဏကြီးမားသည့် မြေခွဲဝေချထားမှုများကိုရပ်တန့်ထားရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ဆက်စပ်နေသည့် ကိစ္စရပ်များကို စနစ်တကျ ကိုင်တွယ်ဆောင်ရွက်ရန် အကြံပြုထားသည်။


ထိုကဲ့သို့ အကြံပြုချက်များကို သုံးသပ်ကာ တိုင်းပြည်အတွက် အကျိုးဖြစ်ထွန်းနိုင်မည့် မူဝါဒလုပ်ငန်းစဉ်များကိုချမှတ်ပြီး ရင်းနှီးမြှုပ်နှံမှုများကို တိုးတက်ကောင်းမွန်စေနိုင်မည့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်းကျင်ကောင်းများ ဖန်တီးရမည်ဖြစ်သည်။ OECD ၏ ပထမအကြိမ် ရင်းနှီးမြှုပ်နှံမှု မူဝါဒသုံးသပ်ချက်များအရလည်း အဓိကကျသည့် အပြောင်းအလဲများကို ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကောင်းမွန်သော မြန်မာ့ရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို ကမ္ဘာကပါ လက်ခံခဲ့သည့် အတွေ့အကြုံကောင်းရရှိခဲ့ပြီးဖြစ်သည့်အတွက် ဒုတိယအကြိမ် သုံးသပ်ချက်အပေါ်တွင် ကြိုဆိုဆောင်ရွက်ရမည်ဖြစ်သည်။

**ရင်းနှီးမြှုပ်နှံမှုဝန်းကျင် ပိုမိုတိုးတက်ကောင်းမွန်လာမှုမှသည် နိုင်ငံ့စီးပွားပိုမိုခိုင်မာ တောင့်တင်းလာမှုဆီသို့ …**

ယနေ့အချိန်အခါတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် မြန်မာနိုင်ငံသည် အခြားကမ္ဘာ့နိုင်ငံများနည်းတူ စီးပွားရေးဆိုင်ရာ ထိခိုက်နစ်နာမှုများ ရှိနေသည်။ ယင်းအခြေအနေတွင် ရင်းနှီးမြှုပ်နှံမှုသည် ပြန်လည်ထူထောင်ရေးအတွက် အဓိကသော့ချက် ဖြစ်သည်။

ပြောင်းလဲလာသော ခေတ်စနစ်နှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်ရန်နှင့် ပြည်တွင်းရင်းနှီးမြှုပ်နှံမှုများကို အားပေးဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ၊ အတားအဆီးဖြစ်နေမှုများကို သိရှိပြီး ထိရောက်သည့် မူဝါဒများ ချမှတ်၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်းသည် အလွန်အရေးပါလှသည်။

OECD ၏ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု မူဝါဒသုံးသပ်ချက်ပါ အကြံပြုချက်များကို အထူးဂရုပြု၍ ရင်းနှီးမြှုပ်နှံမှုဝန်းကျင် တိုးတက်စေရန် ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်းသည် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများကို တိုးတက်စေကာ မြန်မာပြည်သူလူထု၏ ဘဝများ တိုးတက်စေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များကို ပြည့်မီစေရေးကို တစ်စိတ်တစ်ပိုင်းအားဖြင့် ဆောင်ကြဉ်းပေးနိုင်မည်ဖြစ်သည်။ တစ်နည်းအားဖြင့် ဒုတိယအကြိမ် OECD ၏ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုမူဝါဒသုံးသပ်ချက်သည် စဉ်ဆက်မပြတ် တိုးတက်ရေးဖော်ဆောင်နေသည့် ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်ကောင်းဖြစ်ပေါ်စေရန်အတွက် ရည်ညွှန်းစရာ အကြံပြုချက်များပါဝင်နေသည့် ကျမ်းတစ်ဆူဟုပင် တင်စားလိုက်ချင်သည်။ ။




## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေး ဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

ဇန်နဝါရီလ ၉ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် လောဘ၊ ဒေါသ၊ မောဟကြီးခြင်းသည် အသက်ကိုပင် ရန်ရှာခံရတတ်ကြောင်းကို ကလေးတို့ သင်ခန်းစာယူနိုင်ရန် ရေးဖွဲ့တင်ပြထားသည့် "ပေါ်ဆန်းနှင့် လောဘ၊ ဒေါသ၊ မောဟ" မျက်နှာဖုံးကာတွန်း၊ ကရင်တိုင်းရင်းသားတို့၏ နှစ်သစ်ကူးနေ့အကြောင်းကို ကလေးတို့ ဗဟုသုတဖြစ်စေရန် တင်ဆက်ထားသည့် "ကရင်နှစ်သစ်ကူးနေ့" သုတကဏ္ဍ၊ ကလေးတို့ငယ်စဉ် စကားသင်စအရွယ်၌ မှားတတ်သည့် စကားအသုံးအနှုန်းများကို သတိပြုမိစေရန် ချစ်စဖွယ် တင်ဆက်ထားသည့် "ဖိုးလုံး-'ယူ' နှင့် 'ချီ' " နှစ်မျက်နှာကာတွန်း၊ ရိုးသားဖြောင့်မှန်သူ၏ ရှက်ခြင်း၊ ကြောက်ခြင်းကြောင့် အန္တရာယ်မှ လွတ်မြောက်ရပုံအကြောင်းကို ရေးသားတင်ဆက်ထားသည့် "ရှက်ခြင်း၊ ကြောက်ခြင်း အန္တရာယ်ကင်း" ပုံပြင်ကဏ္ဍ၊ ကလေးတို့ဆော့ကစားရာတွင် မိမိတစ်ဦးတစ်ယောက် ပျော်ရွှင်ရန်အတွက်သာ အဓိကမထားဘဲ အခြားတစ်ယောက်အား ထိခိုက်မှုမရှိစေရန် သတိပြုကစားရမည်ဖြစ်ကြောင်းကို သင်ခန်းစာပေးဖော်ပြထားသည့် "ကလေးများနှင့် ဖားကလေးများ" ပုံပြင်ကဏ္ဍ၊ အသံကြောင့်ဖားသေဟူသည့် မြန်မာစကားပုံကို ဟာသဖြစ်ဖွယ် ရေးဖွဲ့ထားသည့် "ဖိုးလပြည့်"တစ်မျက်နှာကာတွန်း၊ ကလေးတို့ သင်္ချာဉာဏ်စွမ်းရည်ထက်မြက်စေရန် ဖော်ပြပေးထားသည့် "ဝက်ဝံနဲ့ ပျားရည်အိုး" ဉာဏ်စမ်းသင်္ချာကဏ္ဍ၊ ကလေးတို့ပေးပို့သော ကာတွန်းလက်ရာများကို ဖော်ပြပေးထားသည့် "ရွှေသွေးတို့ လက်ရာ" ကဏ္ဍ၊ အင်္ဂလိပ်စကားဝိုင်း၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာ မှတ်စရာများပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

# သံတမန်ဆက်သွယ်ရေး တိုးမြှင့်ရန် မြောက်ကိုရီးယားခေါင်းဆောင် ရည်မှန်း



**ပြုံယမ်း ဇန်နဝါရီ ၈**
မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နိုင်ငံ၏သံတမန်ဆက်ဆံရေးကို တိုးမြှင့်ဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း အလုပ်သမားပါတီညီလာခံ တတိယမြောက်နေ့တွင်ပြောကြားသည့် ခေါင်းဆောင်ကင်ဂျုံအန်၏ မူဝါဒရှင်းလင်းပွဲမိန့်ခွန်းမှ နိုင်ငံပိုင်ရုပ်သံက ကောက်နုတ်ဖော်ပြသည်။

ခေါင်းဆောင်ကင်၏ မူဝါဒပိုင်းဆိုင်ရာ ရပ်တည်ချက်အပြည့်အစုံကို ဖော်ပြခြင်းမရှိဘဲ မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နိုင်ငံတကာနှင့် သံတမန်ဆက်ဆံရေးတိုးမြှင့်မှုကို ဦးစားပေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ဖော်ဆောင်သွားမည်ဖြစ်ကြောင်းသာ ဖော်ပြခဲ့သည်။

ခေါင်းဆောင်ကင်က အချိန်ကာလနှင့် ဖြစ်ပေါ်လာသည့်အနေအထားကြောင့် တောင်ကိုရီးယားနှင့် ဆက်ဆံရေးမြှင့်တင်ရန် လိုအပ်လာပြီဖြစ်ကြောင်း ထည့်သွင်းပြောကြားသည်။ မြောက်ကိုရီးယားသည် လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း နိုင်ငံတကာနှင့် ဆက်ဆံရေးတိုးတက်လာခဲ့ပြီး တရုတ်သမ္မတရှီကျင့်ဖျင်၊ တောင်ကိုရီးယားသမ္မတမွန်ဂျေအင်းနှင့် အမေရိကန်သမ္မတ ထရမ့်အပါအဝင် နိုင်ငံတကာမှ ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့သည်။ ၂၀၂၁-၂၀၂၆ ငါးနှစ်ဖွံ့ဖြိုးရေး စီမံကိန်းတွင် အမေရိကန်၊ တောင်ကိုရီးယား၊ တရုတ်နှင့် ရုရှားနိုင်ငံတို့နှင့် ဆက်ဆံရေးမြှင့်တင်ရန်လည်း ပါဝင်သည်။

သို့ရာတွင် မြောက်ကိုရီးယား၏ ဒုံးကျည်အစီအစဉ်များနှင့် စပ်လျဉ်း၍ နိုင်ငံပိုင်မီဒီယာက ဖော်ပြခြင်းမရှိခဲ့ဘဲ နိုင်ငံ၏ စစ်ရေးအင်အားတောင့်တင်းရေးကို ဖော်ဆောင်မည်ဟုသာ ခေါင်းဆောင်ကင်က ကတိပေးခဲ့ကြောင်း ဖော်ပြသည်။

ညီလာခံကို ယနေ့ ဆက်လက်ကျင်းပလျက်ရှိပြီး ယနေ့သည် ခေါင်းဆောင် ကင်ဂျုံအန်၏ ၃၇ နှစ်ပြည့် မွေးနေ့ဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဘလွန်းဘာ့ဂ်**
**ဘာသာပြန် - မေလှဲ့သင်း**

# ကိုဗစ်- ၁၉ ရောဂါကာကွယ်ဆေးများ အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့မှ အီရန်နိုင်ငံသို့ တင်သွင်းမည့်အရေး ခေါင်းဆောင် အလီခါမီနီ တားမြစ်ပိတ်ပင်

**တီဟီရန် ဇန်နဝါရီ ၈**
အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူအရေအတွက် မြင့်တက်လျက်ရှိစဉ် အီရန်ခေါင်းဆောင် အလီခါမီနီက အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့မှ ကိုဗစ်-၁၉ ကာကွယ်ဆေးများ တင်သွင်းမည့်အရေးနှင့်ပတ်သက်ပြီး တားမြစ်ပိတ်ပင်ခဲ့ကြောင်း ယနေ့ သတင်းများအရ သိရသည်။

အီရန်နိုင်ငံအနေဖြင့် တရုတ်နှင့် ရုရှားကဲ့သို့သော မိတ်ဖက်နိုင်ငံများမှ ကာကွယ်ဆေးများ ရရှိနိုင်သည့်အတွက် အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့မှ ကာကွယ်ဆေးတင်သွင်းခြင်းကို ပိတ်ပင်တားမြစ်ခြင်းဖြစ်ကြောင်း ခေါင်းဆောင် အလီခါမီနီက ရုပ်သံအင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

၁၉၈၀ နှင့် ၁၉၉၀ ပြည့်နှစ်အတွင်း ပြင်သစ်နိုင်ငံက အိတ်ချ်အိုင်ဗွီပိုးရှိသည့် သွေးဖြူဥများကို အီရန်နိုင်ငံသို့ ပေးခဲ့သည့် ဖြစ်စဉ်တစ်ရပ်ရှိခဲ့ခြင်းကြောင့် ပြင်သစ်နိုင်ငံမှ ကိုဗစ်-၁၉ ကာကွယ်ဆေးသည်လည်း ယုံကြည်နိုင်ဖွယ်မရှိကြောင်း ခေါင်းဆောင် အလီခါမီနီက ဆိုသည်။


လွန်ခဲ့သောလနှောင်းပိုင်းမှစပြီး အီရန်နိုင်ငံထုတ် ကိုဗစ်-၁၉ ကာကွယ်ဆေးကို လူသားများဖြင့် စတင်စမ်းသပ်လျက်ရှိသည်။ အဆိုပါစမ်းသပ်လျက်ရှိသည့် ကာကွယ်ဆေး အထမြောက်အောင်မြင်မည်ဆိုပါက ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

၂၀၁၅ ခုနှစ် အီရန်နျူကလီးယားစာချုပ်မှ အမေရိကန်နိုင်ငံ နုတ်ထွက်သွားခဲ့သည့် ၂၀၁၈ ခုနှစ်မှစပြီး အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား တင်းမာမှုများ မြင့်တက်လာခဲ့သည်။ နျူကလီးယားအရေးနှင့် ပတ်သက်ပြီး အမေရိကန်က အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခဲ့သည်။

အဆိုပါ စီးပွားရေးပိတ်ဆို့မှုများကို လက်တုံ့ပြန်သည့်အနေဖြင့် အီရန်က နျူကလီးယားသဘောတူညီမှုစာချုပ်ကို တဖြည်းဖြည်း ချိုးဖောက်လာခဲ့သည်။

အီရန်နိုင်ငံအနေဖြင့် နျူကလီးယားသဘောတူစာချုပ်ပါ အချက်အလက်များကို တိကျသေချာစွာ လိုက်နာကျင့်သုံးမည်ဆိုပါက အမေရိကန်နိုင်ငံကို အီရန်နျူကလီးယားစာချုပ်တွင် ပြန်လည်ပါဝင်စေမည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၀ ရက်တွင် အမေရိကန်သမ္မတအဖြစ် တာဝန်ယူမည့် ဂျိုးဘိုင်ဒင်က ကတိပြုပြောကြားခဲ့သည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အောင်ကျော်ကျော်**





အမေရိကန်ပညာရေးဝန်ကြီး ဒီဗော့စ်

# အမေရိကန် လွှတ်တော်စီးနင်းမှုဖြစ်စဉ်အပြီး အစိုးရအဖွဲ့ဝင်များ ရာထူးမှ နုတ်ထွက်

**ဝါရှင်တန် ဇန်နဝါရီ ၈**
အမေရိကန်ပညာရေးဝန်ကြီး ဒီဗော့စ်သည် ယနေ့တွင် လက်ရှိရာထူးတာဝန်မှ နုတ်ထွက်ခဲ့သဖြင့် ထရမ့်၏ ထောက်ခံသူများ လုပ်ဆောင်ခဲ့သည့် လွှတ်တော်စီးနင်းမှုဖြစ်စဉ်အပြီး ထရမ့် အစိုးရအဖွဲ့ဝင်များအနက် ရာထူးမှ နုတ်ထွက်ခဲ့သည့် ဒုတိယမြောက်ဝန်ကြီး ဖြစ်လာခဲ့သည်။

သမ္မတထရမ့်အနေဖြင့် ပြဿနာကို ကြီးထွားအောင် ဖန်တီးခဲ့ခြင်းကြောင့် ၎င်းအနေဖြင့် ရာထူးမှ နုတ်ထွက်ရန် ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ဒီဗော့စ်က ပြောခဲ့သည်။ ၎င်းသည် သမ္မတထရမ့် အစိုးရအဖွဲ့၌ သက်တမ်းအရှည်ဆုံး တာဝန်ထမ်းဆောင်သည့် ဝန်ကြီးများထဲတွင် တစ်ဦးအပါအဝင်ဖြစ်ပြီး ပို့ဆောင်ရေးဝန်ကြီး ချာအို နုတ်ထွက်ပြီးနောက် ရာထူးမှ ထပ်မံနုတ်ထွက်ခဲ့သည့် အစိုးရအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်လာခဲ့သည်။

လွှတ်တော်စီးနင်းမှုဖြစ်စဉ်အပြီး အထူးသံတမန် မစ်ခ်မားလ်ဗာနေး၊ နိုင်ငံတော်လုံခြုံရေးအကြီးတန်းအရာရှိနှင့် သမ္မတကတော်၏ ကိုယ်ရေးအရာရှိတို့သည်လည်း လက်ရှိတာဝန်များမှ အသီးသီး နုတ်ထွက်ခဲ့ကြပြီးဖြစ်သည်။ နိုင်ငံခြားရေးဌာနမှ အကြံပေးတစ်ဦးကမူ သမ္မတထရမ့်အနေဖြင့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်နိုင်ရန် အခြေအနေမရှိကြောင်း တွစ်တာစာမျက်နှာပေါ်တွင် တင်ခဲ့သဖြင့် ရာထူးမှ ထုတ်ပယ်ခံခဲ့ရသည်။

သို့ရာတွင် ထရမ့်ကို ထောက်ခံသည့် ရီပတ်ဘလီကန်ပါတီဝင် ဝဲလ်သာစ်က ယင်းသို့ နုတ်ထွက်ခြင်းက တာဝန်မဲ့မှုသက်သက်သာဖြစ်ကြောင်း ဝေဖန်ခဲ့သည်။ ၎င်းက “သူတို့က ထရမ့်နဲ့ တစ်ချိန်လုံး တာဝန်တွေ အတူတူထမ်းဆောင်ခဲ့ပြီးတော့ ၁၃ ရက်သာ ကျန်တော့တဲ့ အချိန်မှ ဘာလို့ နုတ်ထွက်တာလဲ။ ဒါက အဓိပ္ပာယ်မဲ့တဲ့လုပ်ရပ်ပါ”ဟု ပြောကြားခဲ့သည်။

ဒီမိုကရက်တို့၏ သမ္မတထရမ့်ကို ရာထူးမှ ဖယ်ရှားရေး တိုက်တွန်းချက်၊ အစိုးရအဖွဲ့ဝင်များနှင့် အိမ်ဖြူတော်မှ တာဝန်ရှိသူများ ရာထူးမှနုတ်ထွက်ခြင်းတို့ကြောင့် လွှတ်တော်စီးနင်းမှုအပြီး သမ္မတထရမ့်မှာ အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသည်။

**ကိုးကား - ဘီဘီစီ၊ ဘာသာပြန် - မေလှဲ့သင်း**

# အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်တာအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၀၆၁၇ ဦး စံချိန်တင်တွေ့ရှိ

**ဂျကာတာ ဇန်နဝါရီ ၈**
အင်ဒိုနီးရှားနိုင်ငံတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၀၆၁၇ ဦး ထပ်မံတွေ့ရှိခဲ့သည့်အတွက် နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ရှစ်သိန်းကျော်အထိ မြင့်တက်လာခဲ့ကြောင်း သိရသည်။

ယနေ့တစ်ရက်တည်းတွင် ၂၃၃ ဦးသေဆုံးခဲ့ရာ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၃၇၅၃ ဦးရှိလာခဲ့သည်။

အစိုးရအနေဖြင့် ဗိုင်းရပ်စ်ကူးစက်မှုနှင့် သေဆုံးမှုနှုန်းများ လျော့ကျစေရန်ရည်ရွယ်ပြီး ဂျာဗားကျွန်းနှင့် ဘာလီအပန်းဖြေကျွန်းအပါအဝင် အနီးဝန်းကျင်ဒေသများတွင် ဇန်နဝါရီ ၁၁ ရက်မှ စတင်ပြီး ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများကို ရက်သတ္တပတ်နှစ်ပတ်အထိ တိုးမြှင့်ချမှတ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားစီးပွားရေးဝန်ကြီး ဟာတာတိုက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အစုလိုက်အပြုံလိုက်ထိုးနှံမှုကို ဇန်နဝါရီ ၁၃ ရက်တွင် စတင်မည်ဖြစ်ပြီး သမ္မတ ဂျိုကိုဝီဒိုဒိုက ကာကွယ်ဆေးထိုးနှံမှုကို ပထမဆုံး ခံယူမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား - စီအင်န်အေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ပြင်သစ်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်မည်

**ပါရီ ဇန်နဝါရီ ၈**
ပြင်သစ်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖြစ်ပွားမှုများ ထိန်းချုပ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံသည့် လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဟု တာဝန်ရှိသူများက ယမန်နေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံအတွင်း ချမှတ်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးကန့်သတ်ချက်များနှင့် ညမထွက်ရအမိန့်ကိုလည်း ဆက်လက်ထုတ်ပြန်ထားမည်ဟု တာဝန်ရှိသူများက ပြောသည်။ “၂၀၂၁ ခုနှစ်ဟာ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ဖို့အတွက် မျှော်လင့်ချက်ရောင်ခြည်သန်းလာတဲ့ နှစ်တစ်နှစ်ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်းတွေကို လျှော့ချမယ်၊ မလျှော့ချဘူးဆိုတာ သေချာမပြောနိုင်သေးပါဘူး”ဟု ပြင်သစ်ဝန်ကြီးချုပ် ယွန်ကက်စ်တက်စ်က သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

ပြင်သစ်နိုင်ငံတွင် လူပေါင်း ၄၅၀၀၀ ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့ပြီးဖြစ်သည်။ နိုင်ငံအတွင်း နေ့စဉ် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ မြင့်တက်လျက်ရှိပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၅၀၀၀ နီးပါး ဆေးရုံတက်ရောက်ကုသနေကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ နိုင်ငံအတွင်းရှိ ပြခန်းများ၊ ရုပ်ရှင်ရုံများနှင့် တေးဂီတဖျော်ဖြေပွဲများကို ယခုလကုန်အထိ ပိတ်ထားမည်ဖြစ်ပြီး စားသောက်ဆိုင်များနှင့် ဘားဆိုင်များကိုလည်း ဖေဖော်ဝါရီလအလယ်အထိ ပိတ်ထားမည်ဟု သိရသည်။ ည ၈ နာရီမှ နံနက် ၆ နာရီအထိ သတ်မှတ်ထားသော ညမထွက်ရအမိန့်ကိုလည်း ဆက်လက်ထုတ်ပြန်ထားဆဲဖြစ်ပြီး ဒေသ ၁၅ ခုတွင် ညမထွက်ရအမိန့်၏ ကန့်သတ်အချိန်ကို ညနေ ၆ နာရီသို့ ပြောင်းလဲသတ်မှတ်သွားမည်ဖြစ်ကြောင်း၊ အခြားဒေသ ၁၀ ခုကိုလည်း မကြာမီရက်များအတွင်း ထိုကန့်သတ်ချက်ကို ဖြည့်စွက်သတ်မှတ်သွားမည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူအရေအတွက် ထပ်မံများပြားလာပါက စာသင်ကျောင်းများ ပိတ်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

အစိုးရအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံသည့်လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပြီး ယခုလကုန်တွင် လူဦးရေတစ်သန်းခန့်အား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် မျှော်မှန်းချက်ထားရှိသည်။ နိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ကောင်းမွန်ပြည့်စုံစွာ ထိုးနှံနိုင်ရေးအတွက် ကာကွယ်ဆေးထိုးစင်တာများ နိုင်ငံတစ်ဝန်း ဖွင့်လှစ်နိုင်ရေး မိမိတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗီယန်က ပြောသည်။

ပြင်သစ်နိုင်ငံမှ တာဝန်ရှိသူများအနေဖြင့် Pfizer ကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံရမည့် အချိန်ကာလကို ရက်သတ္တပတ်သုံးပတ်ခြားပြီး ဆေးထိုးခြင်းအစား ရက်သတ္တပတ်ခြောက်ပတ်ခြားပြီးထိုးရန် သတ်မှတ်ခဲ့သည်။ နိုင်ငံအတွင်း ယမန်နေ့က ဗြိတိန်မှ ပျံ့နှံ့လာသော ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါ အစုလိုက်အပြုံလိုက် နှစ်ကြိမ် တွေ့ရှိခဲ့ပြီး ယခုအချိန်တွင် နိုင်ငံအတွင်း ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စုစုပေါင်း ၁၉ ဦးရှိလာခဲ့သည်။ အာဖရိကမှ ကူးစက်ပျံ့နှံ့လာသော ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ သုံးဦးကိုလည်း တွေ့ရှိခဲ့ကြောင်း သိရသည်။ မိမိတို့အနေဖြင့် နိုင်ငံအတွင်း ဗီဇပြောင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို တားဆီးသွားမည်ဟု ကျန်းမာရေးဝန်ကြီး အိုလီဗီယာဗီယန်က ပြောကြားသည်။

**ကိုးကား - နယူးယောက်တိုင်းစ်၊ ဘာသာပြန် - စိုးသူရ**

## စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူ

**စင်ကာပူ ဇန်နဝါရီ ၈**

စင်ကာပူရှိ ပြည်သူ့ကျန်းမာရေးအဖွဲ့အစည်းမှ ဝန်ထမ်းများကို ယနေ့ ကာကွယ်ဆေးထိုးနှံမှု စတင်ခဲ့ရာ ဝန်ကြီးချုပ် လီရှန်လွန်းကလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု ခံယူခဲ့သည်။

"ဗိုင်းရပ်စ်ကာကွယ်ဆေး ထိုးနှံမှုခံယူတာ နာကျင်မှုမရှိပါဘူး။ စင်ကာပူလူမျိုးတွေ ကာကွယ်ဆေးထိုးနှံမှု ခံယူမယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်" ဟု ကာကွယ်ဆေးထိုးပြီး မိနစ် ၃၀ ကြာ စောင့်ကြည့်ကာလပြီးနောက် လီရှန်လွန်းက သတင်းထောက်များကို ပြောကြားသည်။ လီရှန်လွန်းက ဘယ်သန် ဖြစ်သော်လည်း ညာဘက်လက်မောင်း၌ ဗိုင်းရပ်စ်ကာကွယ်ဆေးထိုးနှံခံခဲ့ပြီး သုံးပတ် အကြာတွင် ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံခံမည်ဖြစ်သည်။

စင်ကာပူ၌ နေထိုင်သူများအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံကြရန် ၎င်းက တိုက်တွန်းခဲ့သည်။ ဗိုင်းရပ်စ်ကာကွယ်ဆေးအပေါ် လူထုယုံကြည်မှုရရှိရန် ၎င်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ကာကွယ်ဆေး ထိုးနှံခံမည်ဟု လီရှန်လွန်းက ပြီးခဲ့သည့်လအတွင်း ပြောကြားခဲ့သည်။

စင်ကာပူက ဒီဇင်ဘာ ၂၁ ရက်တွင် ပထမအသုတ် ကာကွယ်ဆေးများရရှိခဲ့ရာ Pfizer-BioNTech ဗိုင်းရပ်စ်ကာကွယ်ဆေး လက်ခံရရှိသည့် ပထမဆုံးသော အာရှနိုင်ငံ ဖြစ်လာခဲ့သည်။

အမေရိကန်ဆေးဝါးကုမ္ပဏီ Moderna နှင့် တရုတ်နိုင်ငံမှ Sinovac အပါအဝင် လာမည့်လအနည်းငယ်အတွင်း စင်ကာပူသို့ နောက်ထပ် ဗိုင်းရပ်စ်ကာကွယ်ဆေးများ ရောက်ရှိမည်ဟု မျှော်မှန်းရသည်။

**ကိုးကား-စထရိတ်တိုင်းမ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**





အိန္ဒိယနိုင်ငံတွင် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးစဉ်။

## ဗြိတိန်ဗီဇပြောင်းဗိုင်းရပ်စ်ကြောင့် ကိုဗစ်-၁၉ ဆိုင်ရာ ကန့်သတ်ချက်များ တိုးမြှင့်ချမှတ်ရန် ဥရောပနိုင်ငံများအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ တိုက်တွန်း

**ဂျီနီဗာ ဇန်နဝါရီ ၈**

ဥရောပတစ်ဝန်းတွင် ဗီဇပြောင်းကိုရိုနာဗိုင်းရပ်စ်ပျံ့နှံ့မှုနှင့်အတူ ရောဂါကူးစက်မှုနှုန်းများ မြင့်တက်လာခြင်းကြောင့် ပိုမိုတင်းကျပ်သည့်ကန့်သတ်ချက်များ ထပ်တိုးချမှတ်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဥရောပနိုင်ငံများအား ယနေ့ တိုက်တွန်းပြောကြားသည်။

ဗြိတိန်၌ ဗီဇပြောင်း ဗိုင်းရပ်စ်စတင်တွေ့ရှိခဲ့ချိန်တွင် ကမ္ဘာ့နိုင်ငံများက ဗြိတိန်နိုင်ငံသားများ ဝင်ရောက်လာခြင်းကို ပိတ်ပင်ခဲ့သည်။ သို့ရာတွင် ဗိုင်းရပ်စ်တွေ့ရှိပြီး တစ်လအကြာမှာပင် ဥရောပ ၂၂ နိုင်ငံ၌ ဗီဇပြောင်းဗိုင်းရပ်စ်ကို တွေ့ရှိခဲ့ရခြင်းကြောင့် စိုးရိမ်စရာအခြေအနေပင်ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ဥရောပဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ဟန်းစ်ကလုခ်က ဆိုသည်။ ကလုခ်က "ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်နှုန်းက ပိုမြင့်တယ်။ ရောဂါပြင်းထန်မှုကလည်း အရင်ဗိုင်းရပ်စ်လိုဆိုတော့ ဒါက စိုးရိမ်စရာအနေအထားပါပဲ" ဟု ပြောသည်။

လတ်တလောတွင် ဥရောပရှိ လူဦးရေ သန်း ၂၃၀ ကျော်တို့သည် အသွားအလာလုံးဝထိန်းချုပ်မှုဖြင့် နေထိုင်ရလျက်ရှိသော်လည်း ယခုထက်ပိုမိုတင်းကျပ်သည့် အစီအမံများ ထပ်မံချမှတ်ရန် လိုအပ်ဆဲဖြစ်ကြောင်း ကလုခ်က ဆိုသည်။

ယခုရက်သတ္တတစ်ပတ်အတွင်း ဥရောပ၏ ရောဂါကူးစက်မှုနှုန်းမှာ လူဦးရေ တစ်သိန်းလျှင် ၁၅၀ အထိ ရှိခဲ့ကြောင်း သိရသည်။ ဥရောပနိုင်ငံများတွင် ကူးစက်မှုအများဆုံးနိုင်ငံများမှာ ရုရှား ( ၃ ဒသမ ၂ သန်း)၊ ဗြိတိန် ( ၂ ဒသမ ၈ သန်း)၊ ပြင်သစ် ( ၂ ဒသမ ၇ သန်း)နှင့် အီတလီ ( ၂ ဒသမ ၂ သန်း)တို့ဖြစ်ပြီး သေဆုံးမှုတွင် ဗြိတိန်က ၇၈၀၀၀ ဖြင့် နံပါတ် ၁ နေရာတွင်ရှိနေပြီး အီတလီက ၇၇၀၀၀ နှင့် ရုရှားက ၅၉၀၀၀ ဖြစ်ကြောင်း ဂျွန်ဟော့ပကင်းစ်တက္ကသိုလ်၏ အစီရင်ခံစာအရ သိရသည်။

ဗြိတိန်ဗီဇပြောင်းဗိုင်းရပ်စ်ကို ဥရောပပြင်ပနိုင်ငံများဖြစ်သည့် ဂျပန်၊ စင်ကာပူ၊ ကနေဒါ၊ အမေရိကန်၊ ဩစတြေးလျတို့တွင်လည်း တွေ့ရှိခဲ့ရပြီးဖြစ်သည်။

**ကိုးကား-ဘီဘီစီ**
**ဘာသာပြန်-မေလွဲ့သင်း**

## အိန္ဒိယ၌ လာမည့်ရက်ပိုင်းအတွင်း ကိုဗစ်ကာကွယ်ဆေးထိုးနှံမှု စတင်မည်

**နယူးဒေလီ ဇန်နဝါရီ ၈**

အိန္ဒိယအစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို လာမည့်ရက်ပိုင်းအတွင်း စတင်တော့မည်ဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရာတွင် မိမိတို့၏ ကျန်းမာရေးပညာရှင်များကို ပထမဦးစားပေးအနေဖြင့် ထိုးနှံပေးမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရန် ရှေ့တန်းမျက်နှာစာတွင် တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်းများကို ဒုတိယဦးစားပေးအနေဖြင့် ထိုးနှံပေးမည်ဖြစ်ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီး ဟားရှ်ဗာဒန်က နိုင်ငံ၏တောင်ဘက် တမီလ်နာဒူးပြည်နယ်တွင် မီဒီယာများကို ပြောကြားသည်။

ကျန်းမာရေးဝန်ကြီး ဗာဒန်သည် တမီလ်နာဒူးပြည်နယ် ချင်းနိုင်မြို့ရှိ ရာဂျစ်ဂန္ဒီအစိုးရအထွေထွေဆေးရုံကြီးသို့ သွားရောက်လည်ပတ်ခဲ့ပြီးနောက် ယခုကဲ့သို့ မီဒီယာများကို ပြောကြားခဲ့ခြင်းဖြစ်သည်။ ဗာဒန်သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အစမ်းလေ့ကျင့်ထိုးနှံမှု အစီအစဉ်ကို ပြန်လည်သုံးသပ်ရန် အဆိုပါဆေးရုံသို့ သွားရောက်လည်ပတ်ခဲ့ခြင်းဖြစ်သည်။

အိန္ဒိယအစိုးရသည် ဒုတိယအကြိမ်မြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အစမ်းလေ့ကျင့်ထိုးနှံမှုကို နိုင်ငံတစ်ဝန်းရှိ ခရိုင်ပေါင်း ၇၀၀ ကျော်တွင် ယနေ့ပြုလုပ်ခဲ့ကြောင်း သိရသည်။ ကာကွယ်ဆေး အစမ်းလေ့ကျင့်ထိုးနှံမှုအတွင်း ရရှိသည့်အမြင်များနှင့် တုံ့ပြန်ချက်များအရ ကာကွယ်ဆေးသည် ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းစဉ် လမ်းညွှန်ချက်များနှင့် အိုင်တီနည်းပညာတိုးမြှင့်ရေးများကို အထောက်အကူပြုမည်ဖြစ်သလို နိုင်ငံတစ်ဝန်းကာကွယ်ဆေးထိုးနှံမှုအစီအစဉ်များကိုလည်း အားကောင်းစေမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အိန္ဒိယကျန်းမာရေးအာဏာပိုင်များသည် နိုင်ငံအတွင်း အရေးပေါ်သုံးရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်မျိုးကို မကြာသေးမီက အတည်ပြုခဲ့သည်။ ဗာဒန်၏ ပြောကြားချက်အရ အိန္ဒိယအစိုးရသည် ပထမအသုတ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုတွင် ရှေ့တန်း၌ တာဝန်ထမ်းဆောင်နေသည့် ကျန်းမာရေးဝန်ထမ်း သန်း ၃၀ ကို အခမဲ့ထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယအစိုးရသည် ယခုနှစ် ဇူလိုင်လအထိ ပြည်သူ သန်း ၃၀၀ ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် စီစဉ်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-ဂျေတီ**



ပြင်သစ်နိုင်ငံတွင် ဇန်နဝါရီ ၇ ရက်က ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူတစ်ဦးကို အရေးပေါ်ကုသမှုဆောင်ရွက်ပေးနေစဉ်။

## ကူးစက်ရောဂါထိန်းချုပ်ရေးဥပဒေကို ဂျပန်အစိုးရ ပြန်လည်သုံးသပ်မည်

**တိုကျို ဇန်နဝါရီ ၈**

ဂျပန်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း မြင့်တက်လာမှုကို ထိန်းချုပ်ရန်အတွက် လက်ရှိကျင့်သုံးလျက်ရှိသည့် ကူးစက်ရောဂါထိန်းချုပ်ရေးဥပဒေကို ပြင်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

လတ်တလောကျင့်သုံးနေသည့်စနစ်၌ ခရိုင်များတွင် ရောဂါ ထိန်းချုပ်ရေးစင်တာများထားရှိပြီး အကယ်၍ ဒေသခံတစ်ဦး ရောဂါကူးစက်ခံရပါက ၎င်းတို့အား မည်သို့မည်ပုံ လိုက်နာနေထိုင်ကြရမည်ကို အဆိုပါစင်တာများမှ ညွှန်ကြားလေ့ရှိသည်။

သို့ရာတွင် ရောဂါကူးစက်ခံရသူများက လိုက်နာရမည့် စည်းမျဉ်းများကို လျစ်လျူရှုခြင်း၊ တိတိကျကျ မဖော်ဆောင်ခြင်းဖြစ်စဉ်များ ပိုမိုများပြားလာခြင်းကြောင့် အဆိုပါပြဿနာကို ဖြေရှင်းရန် ကူးစက်ရောဂါထိန်းချုပ်ရေးဥပဒေကို ပြန်လည်ပြင်ဆင်ရန် စီစဉ်လာခြင်းဖြစ်သည်။

ပြင်ဆင်မှုတွင် အဓိက ထည့်သွင်းမည့်အချက်တစ်ချက်မှာ ရောဂါကူးစက်ခံရသူများ သီးခြားနေထိုင်သည့်ကာလအတွင်း ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ နေထိုင်ရေးကို ခရိုင်တာဝန်ရှိသူများဘက်မှ မေးမြန်းစစ်ဆေးပြီး အကယ်၍ ၎င်းတို့က စည်းမျဉ်းအတိုင်းလိုက်နာမှုမရှိသည်ကို တွေ့ရှိပါက ဆေးရုံသို့ ရွှေ့ပြောင်းထားရှိပြီး ကုန်ကျစရိတ်အားလုံးကို လူနာဘက်မှ ကျခံရမည်ဖြစ်သည်။

ယင်းအပြင် ဆေးရုံတက်ရောက်ကုသရန် လိုအပ်လျက်ရှိသည့် ရောဂါပြင်းထန်သူများ ဆေးရုံတက်ရောက်မည့်ကိစ္စရပ်ကို ငြင်းဆန်ပါက ပြစ်ဒဏ်ချမှတ်ရန် ဆောင်ရွက်သွားမည်လည်း ဖြစ်သည်။

ဂျပန်အစိုးရသည် ကိုဗစ်-၁၉ ရောဂါထိန်းချုပ်ရေးကို ဆောင်ရွက်ရာ၌ ပြည်သူများ ကိုဗစ်-၁၉ ရောဂါစည်းမျဉ်းများအတိုင်း လိုက်နာနေထိုင်ရန် ပျော့ပျောင်းမှုရှိသော တိုက်တွန်းမှုအခြေပြုအုပ်ချုပ်မှုပုံစံဖြင့် ဆောင်ရွက်ခဲ့သော်လည်း မအောင်မမြင်ဖြစ်ခဲ့ပြီးနောက် တင်းကျပ်သည့် စည်းမျဉ်းအခြေပြုအုပ်ချုပ်မှုပုံစံဖြင့် ပြောင်းလဲထိန်းကျောင်းရန် ဆောင်ရွက်လာခြင်းဖြစ်သည်။

အဆိုပါဥပဒေပြင်ဆင်မှုကို ဇန်နဝါရီ ၁၈ ရက်တွင် လွှတ်တော်သို့ တင်သွင်းသွားမည်ဖြစ်သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-မေလွဲ့သင်း**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

| | |
|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၈၈၆၁၅၃၂၈ ဦး |
| သေဆုံးသူ | ၁၉၀၈၉၄၈ ဦး |
| ပြန်လည်ကျန်းမာလာသူ | ၆၃၇၀၃၀၈၂ ဦး |

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့် တွေ့ဆုံပြီး နိုင်ငံတော်၏ လက်တလောအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား

**နေပြည်တော် ဇန်နဝါရီ ၈**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးသည် ယနေ့ မွန်းလွဲ ၃ နာရီတွင် သတင်းမီဒီယာများနှင့် နိုင်ငံတော်သမ္မတအိမ်တော် Press Briefing Room ၌ Physical Distancing သတ်မှတ်ချက်များနှင့်အညီ တွေ့ဆုံပြီး နိုင်ငံတော်၏ လက်တလောအခြေအနေများနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ ပြုလုပ်သည်။

တွေ့ဆုံစဉ် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပထမအချက်အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များအပြင် NCA လက်မှတ်မရေးထိုးထားသည့်အဖွဲ့များ ပူးပေါင်းပါဝင်ကာ ၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ချဉ်းကပ်မှုအသစ်များနှင့် ဘက်စုံထောင့်စုံ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒုတိယအချက်အနေဖြင့် အများပြည်သူ ပါဝင်ပတ်သက်ခွင့်ရှိရမည့် လူထုအခန်းကဏ္ဍကိုလည်း အလေးထား ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တတိယအချက်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ပြန်လည်ဖော်ဆောင်သည့်အခါ မူဘောင်လမ်းညွှန်မှု၊ လိုအပ်သည့် စုဖွဲ့မှု၊ စနစ်နှင့် ယန္တရားတည်ဆောက်မှု စသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ ဒီဇိုင်းကိုလည်း မိမိတို့ အာရုံစိုက်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စတုတ္ထအချက်အနေဖြင့် လုပ်ငန်းစဉ်ပိုင်း၊ ဒီဇိုင်းပိုင်းနှင့် အားလုံးပါဝင်နိုင်မှု အကျိုးဝင်သည့် အပိုင်းများကိုလည်း လာမည့်ငါးနှစ်တာကာလတွင် လက်တွေ့ကျကျ အသက်ဝင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

### ငြိမ်းချမ်းရေး ဖွဲ့စည်းတည်ဆောက်မှုအသစ်

ပဉ္စမအချက်အနေဖြင့် ပညာရပ်၊ စီမံခန့်ခွဲမှုဆိုင်ရာ အထောက်အကူပြုအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပြည်သူများအပါအဝင် အဓိကအင်အားစုများအဆုံး အကျေအလည်ဆွေးနွေးနိုင်မည့် ပြန်လည်သုံးသပ်ရေးလုပ်ငန်းစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ဘက်စုံစဉ်းစားပြီး ကိုယ်စားပြုမှုနှင့် ထိရောက်မှု ဟန်ချက်ဘက်ညီမျှတစေမည့် ၂၀၂၀ ပြည့်နှစ် အလွန် ငြိမ်းချမ်းရေးဖွဲ့စည်းတည်ဆောက်မှုအသစ် (NEW PEACE ARCHITECTURE) ကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ လက်ရှိကာလတွင် ယင်းအပိုင်းမှာ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပါဝင်ပတ်သက်နေသည့်အဖွဲ့များနှင့် ဆွေးနွေးနေပါကြောင်း၊ ကိုဗစ်ကာလဖြစ်သည့်အတွက် Zoom Meeting များဖြင့် ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့သည်များလည်း များစွာရှိပါကြောင်း၊ ဆက်လက်ပြီး ဆွေးနွေးညှိနှိုင်းမှုများလည်း လုပ်ဆောင်သွားရန်ရှိပါကြောင်း။

ယင်းသို့လုပ်ဆောင်ရခြင်းမှာ ပြီးခဲ့သည့် ၂၀၁၆ ခုနှစ်မှ စတင်၍ ဆောင်ရွက်ခဲ့သည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ အားသာချက်၊ အားနည်းချက်များကို နားထောင်ပါကြောင်း၊ Insight Review နှင့် Outsight Review ရှိပါကြောင်း၊ Insight Review ဆိုသည်မှာ ကိုယ့်အတွင်းထဲမှ လုပ်ငန်းစဉ်၌ ပါဝင်ဆောင်ရွက်သူများ၏ သုံးသပ်ချက်များအပြင် ယင်းလုပ်ငန်းစဉ်ပြင်ပမှ စောင့်ကြည့်နေသည့် ပုဂ္ဂိုလ်များ၏အမြင်များကို မိမိတို့ နားထောင်ပါကြောင်း၊ ယခုလက်ရှိတွင် Insight Review, Outsight Review များကို ဆောင်ရွက်နေသည့်ကာလ ဖြစ်ပါကြောင်း၊ ယင်းအပေါ်မူတည်ပြီး NEW PEACE ARCHITECTURE သစ်ကို ရေးဆွဲနေသည့်အချိန် ဖြစ်ပါကြောင်း၊ ယခုလအတွင်းမှာလည်း NEW PEACE ARCHITECTURE မှာ ပုံစံသစ်ဖြင့် ဖြစ်ပေါ်လာမည်ဟု မျှော်လင့်ထားပါကြောင်း။

သို့သော်လည်း ဆက်လက်ပြီး ညှိနှိုင်းဆွေးနွေးမည့် ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ များစွာကျန်သေးပါကြောင်း၊ ထို့ကြောင့် လာမည့်အပတ်တွင် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆဋ္ဌမအချက်နှင့် သတ္တမအချက်သည် အရေးကြီးပါကြောင်း၊ ဆဋ္ဌမအချက်အနေဖြင့် ပင်လုံစာချုပ်လက်မှတ်ရေးထိုးမှု နှစ်ပေါင်း ၇၅ နှစ်ပြည့်မည့် စိန်ရတုနှစ်ဖြစ်သည့် ၂၀၂၂ ခုနှစ်တွင် ပြည်ထောင်စု၏ပန်းတိုင်ကို မိမိတို့ အတူတကွ ဆက်ပြီး လျှောက်လှမ်းသွားမည့် လမ်းကြောင်းများ ခိုင်ခိုင်မာမာ ထင်ထင်ရှားရှား လှမ်းမြင်နေရသည့် အားတက်ဖွယ်အခြေအနေတစ်ရပ် ရောက်ရှိလာရန် ရည်မှန်းချက်ထားပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၂၀ ပြည့်နှစ် အလွန် ၂၀၂၁ ခုနှစ်မှ စတင်ပြီး လာမည့်တစ်နှစ်တာအတွင်း နောက်ထပ်အဆင့်တစ်ဆင့် မည်သည့်အခြေအနေသို့ ရောက်ရှိမည်ကို ညှိနှိုင်းရန်ရှိပါကြောင်း၊ အစိုးရပိုင်း၌ မည်သည့်အဆင့်ဟု သတ်မှတ်ထားသော်လည်း ကျန်သည့် Stakeholder များနှင့်ညှိနှိုင်း၍ ယင်းအဆင့်ကို ရောက်အောင်သွားမည်ဖြစ်ပြီး မိမိတို့ကြားတွင် ဆက်လက်ညှိနှိုင်းရန်ရှိပါကြောင်း။

သတ္တမအချက်အနေဖြင့် လွတ်လပ်ရေး စိန်ရတုနှစ်ဖြစ်ပါကြောင်း၊ စိန်ရတုနှစ်ပြည့်မည့် ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၄ ရက်ကာလတွင် မိမိတို့နိုင်ငံကို မည်သည့်နိုင်ငံမျိုး ဖြစ်စေချင်သည်၊ မိမိတို့နိုင်ငံမှာ မည်သို့ရှင်သန်နေထိုင်သွားမည်ကို ပုံဖော်ရန်အတွက် စိန်ရတုမရောက်ခင်ကာလအတွင်း နိုင်ငံတော်အစိုးရ၏ အဓိကလုပ်ငန်းစဉ်တစ်ရပ်အဖြစ် သတ်မှတ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ယင်းအချက်များသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံတကာ နှစ်သစ်ကူးအထိမ်းအမှတ်တွင် ပြောကြားသွားခဲ့သည့် မိန့်ခွန်းထဲမှ အဓိကကောက်နုတ်ချက် ခုနစ်ချက်ဖြစ်ပါကြောင်း။

၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေး အစီအစဉ်သစ်ရှိပါကြောင်း၊ ထိုအစီအစဉ်သစ်တွင် လုပ်ငန်းစဉ် သုံးရပ်ပါဝင်ပြီး ယင်းတို့ကိုလည်း ရှင်းလင်းထားပြီးဖြစ်ပါကြောင်း၊ ယင်းလုပ် ငန်းစဉ်များကို အကျိုးဝင်ဖော်ဆောင်သွားမည်ကို ရှင်းလင်းပြောကြားလိုပါကြောင်း၊ နိုင်ငံရေးဆွေးနွေးပွဲများ မည်သည့်ကြောင့် အရေးကြီးသည်ဆိုသည်မှာ ဖဆပလ၊ တော်လှန်ရေးကောင်စီ၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၊ တပ်မတော်အစိုးရ၊ USDP အစိုးရ၊ ယခုလက်ရှိ NLD အစိုးရကာလများတွင် တကယ့်နိုင်ငံရေးပြဿနာများကို ဖြေရှင်းကြသည့်အခါ ဇာစ်မြစ်ဖြစ်သည့် နိုင်ငံရေးစားပွဲဝိုင်းမှာ အရေးကြီးပါကြောင်း၊ ယင်းစားပွဲဝိုင်းကို ဝင်ရောက်နိုင်ခဲ့ပြီး နိုင်ငံရေးဆွေးနွေးပွဲအဆင့်ကို မတက်လှမ်းနိုင်ခဲ့သည့်အတွက်



နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး

ယခုကဲ့သို့ နှစ်ပေါင်းများစွာ တာရှည်ခဲ့သည့် လက်နက်ကိုင်ပဋိပက္ခနှင့် ကြုံတွေ့နေရခြင်းဖြစ်ပါကြောင်း၊ ယင်းအပေါ်တွင်လည်း ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)ကို အခြေခံပြီးသွားမည့်လုပ်ငန်းစဉ် သုံးရပ်ဖြစ်ပါကြောင်း၊ ယင်းအချက်များသည်လည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ငြိမ်းချမ်းရေး ညီလာခံ မိန့်ခွန်းများနှင့် NCA နှစ်ပတ်လည်မိန့်ခွန်းများမှ ကောက်နုတ်ထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ငြိမ်းချမ်းရေးအစီအစဉ်သစ် NEW PEACE ARCHITECTURE ကို အခြေခံပြီး ဆောင်ရွက်သွားမည်ကို ပြောကြားလိုပါကြောင်း၊ တစ်ဖက်တွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၀ ဖွဲ့ရှိပါကြောင်း၊ ၁၀ ဖွဲ့မှာ NCA မှာ လက်မှတ်ရေးထိုးပြီး Union Accord သုံးအထိ ရောက်ရှိပြီဖြစ်ပါကြောင်း။

တစ်ဖက်တွင်လည်း NCA လက်မှတ်မရေးထိုးရသေးသည့် KNPP နှင့် Joint Statement ထိုးပြီးပါကြောင်း၊ ပြီးခဲ့သည့် လပိုင်းတွင် KNPP ဖြင့် Bilateral အွန်လိုင်းမှ ဆွေးနွေးပြီးဖြစ်ပါကြောင်း၊ ဆွေးနွေးသည့်အခါ NCA မထိုးခင် နောက်တစ်ဆင့်အနေဖြင့် KNPP ဘက်မှ ဆောင်ရွက်လိုသည့်အချက်များကို မိမိတို့ကို ပြောပြပါကြောင်း၊ ယခု ဇန်နဝါရီလထဲတွင် နောက်တစ်ကြိမ်အဖြစ် ဆွေးနွေးရန် လျာထားပါကြောင်း။

Bilateral တွင်လေးဖွဲ့ရှိပါကြောင်း၊ “ဝ” ၊ မိုင်းလား၊ SSPP နှင့် KIA/ KIO ဖြစ်ပါကြောင်း၊ ယင်းတွင် တပ်မတော်နှင့် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားသည့်အတွက် Bilateral ပျက်သလိုဖြစ်သွားသည်မှာ KIA တစ်ဖွဲ့ရှိပါကြောင်း၊ အောက်တွင် AA ၊ TNLA ၊ MNDAA သုံးဖွဲ့ရှိပါကြောင်း၊ ယင်းသုံးဖွဲ့နှင့် မိမိတို့ စတင်ဆွေးနွေးစဉ်ကပင် ထုတ်ပြန်ကြေညာချက် ထုတ်ပြန်နိုင်သည့်အဆင့် ကျော်လွန်သွားပြီဖြစ်ပါကြောင်း၊ ယင်းသို့ ကျော်လွန်သွားပြီး Bilateral ဆွေးနွေးနေပါကြောင်း၊ ဆွေးနွေးသည့်အခါတွင် ရှေ့ဆက်၍ NCA မည်သို့သွားမည်ဆိုသည့် process အပေါ်တွင် အကျေအလည် ဆွေးနွေးခဲ့ပါကြောင်း၊ နောက်ဆုံး ကူမင်းတွေ့ဆုံပွဲတွင် အလွတ်သဘောဆွေးနွေးပါကြောင်း၊ ယင်းသို့ဆွေးနွေးပြီးသည့်အချိန်တွင် မိမိတို့မည်သို့သွားမည်ဆိုသည့် process အပေါ်တွင် ၎င်းတို့နှင့် အနည်းငယ် သဘောထားကွဲလွဲခဲ့ပါကြောင်း။

ယင်းကွဲလွဲသည့်အပေါ်တွင် ပြန်လည်ဆွေးနွေးခဲ့ပြီး ယခုနောက်ဆုံးအခြေအနေတွင် အဆင့်သုံးဆင့်ပါသည့် လမ်းကြောင်းအပေါ်တွင် နှစ်ဦးနှစ်ဖက်စာဖြင့် ကတိကဝတ်ရထားပြီဖြစ်ပါကြောင်း၊ ကတိကဝတ် ရထားပြီဖြစ်သည့်အတွက် ၎င်းသုံးဖွဲ့နှင့်ယခုလတွင် တွေ့ဆုံဆွေးနွေးနိုင်ရန် အစိုးရဘက်မှ ကမ်းလှမ်းထားပါကြောင်း၊ ထို့နောက် ယခုသုံးဖွဲ့ အပြင် KIA အပါအဝင် လေးဖွဲ့နှင့် အဆင့်သုံးဆင့်ဖြင့် သွားမည်ဖြစ်ပါကြောင်း၊ “ဝ” ၊ မိုင်းလား၊ SSPP အဖွဲ့များနှင့် NCA case အောက်ရောက်ရန် မျှော်မှန်းထားပါကြောင်း၊ တစ်ဆက်တည်းတွင် NCA ထိုးထားသည့် EAO များနှင့် Union Accord သုံးခုရထားပြီဖြစ်ပါကြောင်း၊ ထူးခြားချက်အနေဖြင့် ပြီးခဲ့သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)တွင် အဓိကအပိုင်းကြီးသုံးပိုင်း ပါဝင်ပါကြောင်း၊ နံပါတ်(၁)အနေဖြင့် NCA အကောင်အထည်ဖော်မှုဆိုင်ရာမူဘောင် သဘောတူညီချက်ဖြစ်ပါကြောင်း။

ဒုတိယပိုင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် လုပ်ငန်းစဉ်နှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများဖြစ်ပါကြောင်း၊ ယင်းအပိုင်းတွင် သဘောတူညီချက်များ ရရှိထားပါကြောင်း၊ အပိုင်း(၃)အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန် အခြေခံမူဖြစ်ပါကြောင်း၊ ယင်းသုံးပိုင်းကို ရထားပြီး တချို့ဆွေးနွေးရန် ကျန်ရှိသည့် အချက်အနည်းငယ်ကျန်သေးပါကြောင်း၊ Union Accord တွင် ထူးခြားချက်အနေဖြင့် ယခု process ကိုသွားသည့်အချိန်တွင် အဆင့်လိုက် သွားပြီး အဆင့်လိုက်အကောင်အထည်ဖော်မည်ဖြစ်ပါကြောင်း၊ ယင်းအနေအထားဖြစ်သွားသည့်အတွက် ယခင်က မျှော်မှန်းထားသကဲ့သို့ ဖက်ဒရယ်မူနှင့် ဒီမိုကရေစီမူများ ဆွေးနွေးရရှိလာသည်များကို အားလုံးပေါင်း၍ အကောင်အထည်ဖော်သည့်အဆင့် မဟုတ်ပါကြောင်း၊ လက်တွေ့ကျကျ တစ်ဆင့်ပြီးတစ်ဆင့် သဘောတူညီချက်များရရှိပါက မည်သို့ဆောင်ရွက်မည်၊ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးကို မည်သို့သွားမည်နှင့် ယင်းအပေါ်တွင် မူတည်ပြီး ပြည်နယ်များ၏ အခြေခံဥပဒေရေးဆွဲခွင့်များကို မည်သို့လုပ်ဆောင်မည်တို့ ဖြစ်ပါကြောင်း။

ယခု ၂၀၀၈ အခြေခံဥပဒေတွင် အာဏာခွဲဝေမှု၌ ပြည်ထောင်စုဥပဒေပြုစာရင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေပြုစာရင်း ပါဝင်ပါကြောင်း၊ နောင်တွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်ပါ ပူးတွဲကျင့်သုံးမည့် ပူးတွဲအာဏာမျိုးကို မည်သို့သတ်မှတ်မည်နှင့် လက်တွေ့တွင်လည်း အစိုးရပိုင်းတွင် ကြုံတွေ့နေသည့် တချို့ကိစ္စရပ်များသည် ပြည်ထောင်စုနှင့်လည်း သက်ဆိုင်ပြီး တိုင်းဒေသကြီး/ပြည်နယ်နှင့်လည်း သက်ဆိုင်ပါကြောင်း၊ ယခုကဲ့သို့ ကိစ္စရပ်များ မည်သို့ခွဲဝေမည်တို့ကို အသေးစိတ်ဆွေးနွေးသွားရန်ရှိပါကြောင်း၊ ယင်းသို့ ဆွေးနွေးသည့်အခါတွင် လက်တွေ့အကောင်အထည်ဖော်နိုင်သည့် အနေအထားတစ်ခုသို့သွားသည့်အတွက် မိမိတို့သွားမည့်လုပ်ငန်းစဉ်သည်လည်း မူလက လုပ်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် များစွာကွဲပြားသွားမည် ဖြစ်ပါကြောင်း၊ ယင်းသို့ ကွဲပြားမှုလည်း လုပ်ဆောင်၍ ရမည်ဖြစ်သည့်အတွက် မိမိတို့၏ နိုင်ငံရေးဆွေးနွေးပွဲတွင်ရှိသည့် ညီလာခံ၊ UPDJC ၊ လုပ်ငန်းကော်မတီ၊ National Dialogue တို့၏လုပ်ငန်းတာဝန်များသည်လည်း ပြောင်းလဲသွားမည်ဖြစ်ပါကြောင်း၊ ပုံစံအသစ်၊ ချဉ်းကပ်မှုအသစ်ဖြင့် လုပ်ငန်းစဉ်အသစ်များသည် မကြာမီကာလတွင် ပေါ်ထွက်လာမည်ကိုလည်း တင်ပြလိုပါကြောင်း။

ယင်းတွင် Union Accord မှ ခွဲထားသည်မှာ ငြိမ်းချမ်းရေးတည်ဆောက်မည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးတည် ဆောက်မည်ဆိုသည်မှာ ပြန်လည်တင်ပြရပါက ပထမလုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ Ceasefire များရရှိရန် လုပ်မည်ဖြစ်ပါကြောင်း၊ မရရှိသေးသည့် အဖွဲ့များနှင့် ရအောင်လုပ်မည်ဖြစ်ပါကြောင်း၊ ရပြီးသား Ceasefire ကို ပိုမိုခိုင်မာစေရန် လုပ်ဆောင်မည်ဖြစ်ပါကြောင်း၊ ခိုင်မာအောင် ဆောင်ရွက်နေသည့် Ceasefire ကို Monitoring လုပ်သည့်ကိစ္စရပ်များကို မည်သို့ ခိုင်မာစေရန် ဆောင်ရွက်မည်နှင့် တစ်ချိန်တည်းတွင် အပစ်ရပ်ဒေသများ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ IDP return program များတို့ကို များစွာ ဆောင်ရွက်ရန် ရှိပါကြောင်း၊ ယင်းသို့ရှိသည့်အတွက် ငြိမ်းချမ်းရေးတည်ဆောက်သည့် အဆင့်အဖြစ် သတ်မှတ်ခြင်းဖြစ်ပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် State Building ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ အားကောင်းစေရန် ဆောင်ရွက်လိုပါကြောင်း၊ ဆိုလိုသည်မှာ တိုင်းဒေသကြီး/ ပြည်နယ်များ၏ လုပ်ပိုင်ခွင့်များပိုမိုတိုးမြှင့်ရရှိလာရန် ဆောင်ရွက်လိုပါကြောင်း၊ ထို့ကြောင့် အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးယန္တရားများကို ပို၍ခိုင်မာအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ပို၍ အာဏာခွဲဝေမှုများ လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

### ယန္တရားများလိုအပ်

ယင်းကို State Building ဟုသတ်မှတ်ပါကြောင်း၊နောက်ဆုံးတစ်ဆင့်မှာ ပြည်ထောင်စုကြွန်အင်လက္ခဏာတည်ဆောက်သည့် Nation Building ဖြစ်ပါကြောင်း၊ ဆိုလိုသည်မှာ မိမိတို့နိုင်ငံအနေဖြင့် Nation Building ကို သွားရန် ယခင်က ဆွေးနွေးခဲ့ပါကြောင်း၊ တချို့နိုင်ငံကြီးများကဲ့သို့ လူမျိုးတစ်မျိုးတည်း၊ Identity တစ်ခုတည်း နိုင်ငံလုပ်၍ မရပါကြောင်း၊ မိမိတို့တွင် မျိုးနွယ်စုပေါင်း ရာကျော်ရှိပါကြောင်း၊ ယင်းမျိုးနွယ်စုများ၏ စုပေါင်းထားသည့် ကြွန်အင်လက္ခဏာကို အားလုံး လက်ခံသဘောတူသည့် အနေအထားကို Nation Building အဆင့်ဟု ခေါ်ခြင်းဖြစ်ပါကြောင်း၊ ထို့နောက် အကောင်အထည်ဖော်မှု နှစ်ဆင့်ရှိပါကြောင်း၊ ယင်းတို့မှာ နိုင်ငံရေးအပိုင်းနှင့် စစ်ရေးအပိုင်းဖြစ်ပါကြောင်း၊ နိုင်ငံရေးအပိုင်းတွင် ပြည်ထောင်စုသဘောတူစာချုပ် အကောင်အထည်ဖော်ရေးနှင့်ပတ်သက်သည့် လုပ်ငန်းစဉ်ရှိပါကြောင်း၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း NCA အပိုဒ် ၃၀ နှင့်အညီ ဆောင်ရွက်မည့်အပိုင်း ရှိပါကြောင်း၊ ယင်း process နှစ်ခုသည် ဟန်ချက်ညီသွားရမည်ဖြစ်ပါကြောင်း၊ ပြီးပါက ယင်းအတိုင်း အကောင်အထည်ဖော်၍မရသည့်အတွက် ယန္တရားများ လိုအပ်ပါကြောင်း၊ ယင်းယန္တရားများကို ဖော်ဆောင်ရမည်ဖြစ်ပါကြောင်း၊ ယန္တရား နှစ်ခုမှ နိုင်ငံရေးအပိုင်းနှင့် တပ်ပိုင်းတို့ကို ဟန်ချက်ညီညီဖော်ဆောင်ပြီးပါက မိမိတို့မျှော်မှန်းသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု Democratic Federal Union ရောက်လာမည်ဆိုသည့်သဘောဖြင့် တင်ပြထားခြင်းဖြစ်ပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် မြောက်ပိုင်းအဖွဲ့ လေးဖွဲ့ဖြင့် ပထမအဆင့် ယာယီပဏာမ ပစ်ခတ်တိုက် ခိုက်မှုရပ်စဲရေးသဘောတူညီချက်ဖြစ်ပါကြောင်း၊ ပဏာမ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူညီချက် မူကြမ်းကို မိမိတို့အနေဖြင့် မြောက်ပိုင်းလေးဖွဲ့ ကိုပို့ထားပြီးဖြစ်ပါကြောင်း။

ယင်းအပေါ်တွင် မြောက်ပိုင်းလေးဖွဲ့၏ သဘောထားကို မြန်မြန်ဆန်ဆန် ပြန်ပို့စေပြီး တွေ့ဆုံဆွေးနွေးမည်ဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးခြင်းကို မြစ်ကြီးနား သို့မဟုတ် ကျိုင်းတုံ၌ ဆောင်ရွက်ရန် ကမ်းလှမ်းထားပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် တစ်ဖွဲ့ချင်းနှင့် Bilateral Ceasefire Agreement ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်များကို တစ်ဖွဲ့ချင်းနှင့်သွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့တစ်ဖွဲ့ချင်းနှင့်သွားသည့် အခါတွင် IDP ကိစ္စရပ်များ၊ ဖွံ့ဖြိုးရေးကိစ္စရပ်များ ပါဝင်မည်ဖြစ်ပါကြောင်း၊ ဥပမာ ရွေးကောက်ပွဲ မကျင်းပရသေးသည့် ဒေသများကိစ္စရပ်လည်း ပါဝင်မည်ဖြစ်ပါကြောင်း၊ နောက်တစ်ချက်အနေဖြင့် ထိရောက်ခိုင်မာသည့် Ceasefire ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေးကို မည်သို့ ဆောင်ရွက်မည်များ ပါဝင်မည်ဖြစ်ပါကြောင်း၊ နှစ်ဖက်တပ်များ ထိပ်တိုက်တွေ့ဆုံမှုမှ ရှောင်ရှားနိုင်ရန် သဘောတူညီချက်များဆွေးနွေးမည်ဖြစ်ပါကြောင်း၊ အကယ်၍ ယင်းသဘောတူညီချက်များကို တစ်ဖက်ဖက်က ချိုးဖောက်မှုများရှိလာပါက မည်သို့ဆောင်ရွက်မည်ဆိုသည့် Conflict resolution ကိုမည်သို့ဆွေးနွေးကြမည်ဆိုသည့်အပိုင်းများ ပါဝင်မည်ဖြစ်ပါကြောင်း၊ တိုက်ပွဲများမဖြစ်ပွားရေးအတွက် တပ်နေရာချထားရေးကိစ္စဖြစ်ပါကြောင်း။

ရွေးကောက်ပွဲရလဒ်အပေါ်တွင် မြောက်ပိုင်းအဖွဲ့သုံးဖွဲ့၊ လေးဖွဲ့၊ FPNCC ခုနစ်ဖွဲ့လုံးက ကြိုဆိုထားပါကြောင်း၊ တက်လာမည့် အစိုးရအသစ်နှင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန်မျှော်လင့်သည်ဆိုသည့် အကြောင်းကိုလည်း အားတက်ဖွယ်ရာ တွေ့ရပါကြောင်း၊ ယင်းအနေအထား၌ လာမည့်ဆွေးနွေးပွဲများတွင် ဆွေးနွေးသည့်ပုံစံများသည် ယခင်နှင့် အနည်းငယ်ကွာသွားနိုင်ပါကြောင်း၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော်အပိုင်းတွင်လည်း Common Position ရအောင် ဆွေးနွေးထားပြီးဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် မြောက်ပိုင်းလေးဖွဲ့နှင့် ဆွေးနွေးရန်အဆင်သင့် ဖြစ်နေပါကြောင်း၊ မြောက်ပိုင်းလေးဖွဲ့ဘက်က တုံ့ပြန်ချက်ကို မိမိတို့စောင့်ဆိုင်းနေသည့် သဘောဖြစ်ပါကြောင်း ပြောကြားသည်။

**စာမျက်နှာ ၁၅ သို့**

❂ စာမျက်နှာ ၁၄ မှ

ထို့နောက် သတင်းမီဒီယာများ မေးမြန်းသည့် နိုင်ငံတော်သမ္မတအား ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ စာချွန်တော်လျှောက်ထားမှုကိစ္စ၊ ကိုဗစ်ကာကွယ်ဆေးဝယ်ယူထားရှိမှု၊ ရောက်ရှိမည့်အချိန်နှင့် အလှူငွေရရှိမှုအခြေအနေ၊ ရွေးကောက်ပွဲမကျင်းပနိုင်သည့် ဒေသများ၌ ရွေးကောက်ပွဲကျင်းပနိုင်ရေးအတွက် တပ်မတော်၏တောင်းဆိုမှုအပေါ် အစိုးရ၏သဘောထား၊ နိုင်ငံရေးအကျဉ်းသားများကိစ္စ၊ အီရန်နိုင်ငံတွင် ဖမ်းဆီးခံထားရသည့် မြန်မာသင်္ဘောသားများကိစ္စ၊ ကရင်ပြည်နယ် ရွှေကုက္ကိုဒေသနှင့်စပ်လျဉ်း၍ ဆောင်ရွက်နေမှုအခြေအနေ၊ ဦးရဲမင်းဦးအနေဖြင့် အစိုးရရာထူးတာဝန်ယူပြီးနောက်ပိုင်း စီးပွားရေးနယ်ပယ်များတွင် ပတ်သက်မှုများရှိနေခြင်းနှင့်ပတ်သက်မှု ရှိ မရှိ၊ နိုင်ငံတော်က အလိုရှိသည့် တရားခံပြေးများ ဖမ်းဆီးရမိရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန၏ ဆောင်ရွက်နေမှုအခြေအနေ၊ အလုပ်သင်ဆရာဝန်များ ခန့်ထားခြင်းကိစ္စ၊ Myanmar Now သတင်းဌာနမှ ကိုဆွေဝင်းကို သေနတ်ဖြင့် ပစ်ခတ်ခံရမှုအပေါ် ပြည်ထဲရေးဝန်ကြီးဌာန၏ စုံစမ်းဖော်ထုတ်နေမှုအခြေအနေ၊ မဲရုံးမှူးများအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် ဆရာ၊ ဆရာမများအား တရားစွဲဆိုခံထားရမှုအား ဆောင်ရွက်ပေးမည့်အခြေအနေ၊ လက်ရှိ အရပ်ဘက်၊ စစ်ဘက်ဆက်ဆံရေးအခြေအနေ၊ တရုတ်-မြန်မာနယ်စပ် ခြံစည်းရိုးကိစ္စ၊ ကိုဗစ်ကာလတွင် တားမြစ်ထားသည့်ပုဒ်မများကို ဖောက်ဖျက်သည့်အတွက် အရေးယူထားသည့် KTV များသည် ဖြစ်စဉ်တူသော်လည်း တရားစွဲသည့် ပုဒ်မအမျိုးမျိုး ကွဲလွဲနေသည့်ကိစ္စ၊ လွှတ်တော်ကိုယ်စားလှယ် ဦးထိုက်ဇော် အသတ်ခံရမှုနှင့်စပ်လျဉ်းပြီး စုံစမ်းဆောင်ရွက်နေသည့်ကိစ္စ၊ တရုတ်နိုင်ငံခြားရေးဝန်ကြီး လာရောက်မည့်ကိစ္စ၊ KNU နှင့် တပ်မတော်တို့ တိုက်ပွဲများ ပြန်လည်ဖြစ်ပွားနေမှုအပေါ် အစိုးရအနေဖြင့် ဆောင်ရွက်နေမှုအခြေအနေ၊ မူလတန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကိစ္စ၊ မြိုင်ကြီးငူဒေသမှ ဒုက္ခသည်များအား ပြန်လည်နေရာချထားရေးကိစ္စ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်ရေးကိစ္စ၊ ကိုဗစ်ထောက်ပံ့ငွေများအား အလွဲသုံးစား ဆောင်ရွက်ခဲ့သည်ဟု တိုင်ကြားခဲ့မှုအပေါ် မည်သို့ဆောင်ရွက်သွားမည်ဆိုသည့်ကိစ္စတို့နှင့်စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**နိုင်ငံတော်သမ္မတအား ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော်လျှောက်ထားမှုကိစ္စနှင့်စပ်လျဉ်း၍** ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက အချက်(၃)ချက်ဖြင့် ရှင်းလင်းပြောကြားလိုပါကြောင်း၊ ပထမဆုံးအချက်အနေဖြင့် ဥပဒေကြောင်းအရ ပြောကြားလိုပါကြောင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ၂၀၁၀ ပြည့်နှစ်၊ အောက်တိုဘာ ၂၁ ရက်တွင် လက်မှတ်ရေးထိုး ထုတ်ပြန်ခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေဖြစ်ပါကြောင်း၊ ယင်းဥပဒေ၏ ပုဒ်မ (၆)၊ ပုဒ်မခွဲ(က)တွင် "ပြည်ထောင်စု အစိုးရအဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည် (၁) နိုင်ငံတော်သမ္မတ၊ (၂) ဒုတိယသမ္မတများ၊ (၃) ပြည်ထောင်စုဝန်ကြီးများ၊ (၄) ပြည်ထောင်စုရှေ့နေချုပ်၊ ပုဒ်မ(၆)၊ ပုဒ်မခွဲ (ခ)တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်သည် ကက်ဘိနက် အတွင်းရေးမှူးဖြစ်သည် ဆိုသည်ကို ပြဋ္ဌာန်းထားပါကြောင်း၊ ယင်းဥပဒေ၏ ပုဒ်မ(၇)၊ ပုဒ်မခွဲ(ခ)တွင် ၎င်းအတိုင်း ပြဋ္ဌာန်းထားပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့ဝင် တစ်ဦးဦးသည် – "၇။ (ခ) နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ဖြစ်လျှင်သော်လည်းကောင်း၊ တစ်သီးပုဂ္ဂလရွေးချယ်ခံခဲ့သူဖြစ်လျှင်သော်လည်းကောင်း သီးခြားခန့်အပ်တာဝန်ပေးခြင်းခံရသည့် နိုင်ငံသားတစ်ဦးဖြစ်လျှင်သော်လည်းကောင်း အဆိုပါပုဂ္ဂိုလ်သည် နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူ ဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၊ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန် အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိသည်။"

## အထင်အရှား တွေ့မြင်နိုင်

ယင်းဥပဒေပြဋ္ဌာန်းချက်များတွင် အထူးပြုရှင်းလင်းစေလိုသည့်စကားရပ်မှာ "နောင်လာမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက" ဆိုသည့် စကားရပ်ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများအနေဖြင့် ပါဝင်ရွေးချယ်ခံမည့်သူများဖြစ်သည့်အတွက် ဥပဒေအရ ပေးအပ်ထားသည့် ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ခွင့်ရှိကြောင်း၊ ဥပဒေနှင့်ညီညွတ်ကြောင်းကို အထင်အရှား တွေ့မြင်နိုင်ပါကြောင်း။

ဒုတိယအချက်အနေဖြင့် ရှင်းလင်းတင်ပြလိုသည်မှာ ဦးတင်အေး ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဦးလှသိန်း ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (၂)ခု၏ ထုတ်ပြန်ကြေညာချက်များဖြစ်ပါကြောင်း၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင် ၈ ရက်တွင် ထုတ်ပြန်ခဲ့သည့် ဦးတင်အေး ကော်မရှင်၏ကြေညာချက်အမှတ်(၃၁/၂၀၁၅)နှင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင် ၁ ရက်တွင် ထုတ်ပြန်ခဲ့သည့် ဦးလှသိန်းကော်မရှင်၏ ကြေညာချက်အမှတ် (၁၁၇/၂၀၂၀) တို့ မည်သည့်အရာကွဲပြားသလဲကြည့်မယ်ဆိုလျှင် အပေါ်ဆုံးက ကြေညာချက် အမှတ်များ၊ ရက်စွဲများ ကွာပါကြောင်း၊ ပထမစာပိုဒ်တွင် ကွာခြားချက်က ရွေးကောက်ပွဲကျင်းပမည့် ရက်စွဲ၊ ပါတီစည်းရုံးရေး၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခွင့်ပြုသည့် ရက်စွဲတို့ ကွာခြားပါကြောင်း၊ ဒုတိယစာပိုဒ်တွင်လည်း ရွေးကောက်ပွဲကျင်းပမည့် ရက်စွဲ၊ ပါတီစည်းရုံးရေး၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ စတင်ဆောင်ရွက်ခွင့်ပြုသည့်ရက်စွဲ ကွာခြားသည်ကို တွေ့ရှိနိုင်ပါကြောင်း၊ အောက်ဆုံးတွင် လက်မှတ်၊ စာအမှတ်။ ရက်စွဲ ယင်းတို့သာ ကွာခြားချက်ရှိသည်ကို တွေ့နိုင်ပါကြောင်း။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် ဦးတင်အေး ဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်ခွင့်ပြုခဲ့သည့်အတိုင်း ထပ်တူထပ်မျှပင် ဦးလှသိန်း ဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဆောင်ရွက်ခွင့်ပြုခဲ့သည်ကို အထင်အရှား သိမြင်စေလိုပါကြောင်း။

တတိယအချက်အနေဖြင့် ရှင်းပြလိုသည်မှာ နိုင်ငံတော်သမ္မတ အပါအဝင် ၄ ဦးကို အာဏာပိုင်မေး စာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်ကို ဦးဇော်ဝိတ်က လျှောက်ထားလာသည့် ကိစ္စဖြစ်ပါကြောင်း၊ စာချွန်တော်အမိန့် လျှောက်ထားမှုဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေများအရ ညွှန်ကြားရေးမှူးချုပ်သည် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန်လျှောက်ထားလွှာနှင့်အတူ စာရွက်စာတမ်းများ ပြည့်စုံမှုရှိလျှင် အထွေထွေ လျှောက်ထားမှုဖွင့်လှစ်ရမည်ဖြစ်ပါကြောင်း၊ ပြီးလျှင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး (၃)ဦး ပါဝင်ဖွဲ့စည်းထားသည့် ကနဦး ကြားနာရေးအဖွဲ့သည် မိမိသဘောအရဖြစ်စေ၊ လျှောက်ထားသူအား ကြားနာ၍ဖြစ်စေ လျှောက်ထားခံရသူကို အကြောင်းပြစေရန် ကနဦး ဆုံးဖြတ်ချက်ချပေးနိုင်ပါကြောင်း၊ သို့မဟုတ် ငြင်းပယ်နိုင်ပါကြောင်း၊ လာမည့် ဇန်နဝါရီ ၂၉ ရက်တွင် Video Conferencing ဖြင့် ကြားနာရန် အမှုခေါ်စာရင်း ထုတ်ထားပါကြောင်း၊ လျှောက်ထားခံရသူ (၄)ဦး စာချွန်တော်ရုံးရှေ့ရောက်ရန် မလိုပါကြောင်း၊ တရားလွှတ်တော်ချုပ်က အမှုကို လက်ခံလိုက်ပြီဆိုသည်မှာ မဟုတ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၅ နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေ ပုဒ်မ ၄၃ အရ နိုင်ငံတော်သမ္မတသည် "ဖွဲ့စည်းပုံအခြေခံဥပဒေအရလည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရလည်းကောင်း၊ မိမိအား အပ်နှင်းထားသည့် တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်မှု သို့မဟုတ် ကျင့်သုံးဆောင်ရွက်သည့်အနေဖြင့် ပြုခဲ့သော ပြုလုပ်မှုအတွက် မည်သည့်လွှတ်တော်၊ မည်သည့် တရားရုံးတွင်မျှ ဖြေရှင်းရန်တာဝန်မရှိ"ကြောင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိနိုင်ပါကြောင်း။

## ❖ နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်။

## ❖ ဥပဒေနှင့် မညီညွတ်သည့်ကိစ္စတစ်ခုမျှ လုပ်ဆောင်ခဲ့ခြင်းမရှိ။

အချုပ်ဆိုရလျှင် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့သည် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဥပဒေနှင့် မညီညွတ်သည့်ကိစ္စ တစ်ခုမျှ လုပ်ဆောင်ခဲ့ခြင်း မရှိပါကြောင်း၊ ပြည်သူများကိုလည်း မီဒီယာကတစ်ဆင့် ယနေ့ရှင်းရှင်းလင်းလင်း အသိပေးလိုပါကြောင်း၊ ရွေးကောက်ပွဲအရှုံးကို မခံယူနိုင်ကြသူများက အမျိုးမျိုးအဖုံဖုံ ဝေဖန်ပြောဆိုနေခြင်းများ ရှိနေသော်လည်း ပြည်သူများကိုယ်တိုင်သိပါကြောင်း၊ အမှန်တကယ်မဲပေးခဲ့ကြသည့်ပြည်သူလူထုက အသိဆုံးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်က မဲရလဒ်များ မထုတ်ပြန်ခင်ကတည်းက မည်သူနိုင်မည်၊ မည်သူရှုံးမည်ဆိုသည်ကို ပြည်သူများက ရွေးချယ်ပြီးသားဖြစ်ပါကြောင်း၊ ပြန်ကြည့်လျှင် ယခုမှ မဟုတ်ပါကြောင်း၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် ယခု ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင်လည်း အပြတ်အသတ်ဖြင့် အနိုင်ရရှိခဲ့ပါကြောင်း၊ လူထု၏ သဘောထား၊ လူထု၏ထောက်ခံမှုက ဒီအတိုင်း ရှိနေပါကြောင်း၊ ယင်းကိုကြည့်လျှင် ရှင်းနေပါကြောင်း၊ ထို့ကြောင့် မဟုတ်မမှန် ဝေဖန်ပြောကြားမှုများ လုပ်နေပါက ကိုယ့်နိုင်ငံရေး ကိုယ်ပြန်သတ်နေသည့် "Political Sucide" လုပ်နေခြင်းသာဖြစ်လိမ့်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## သတင်းအမှားဖြစ်

**အလုပ်သင်ဆရာဝန်များခန့်ထားရေးကိစ္စတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က အထက်သို့ မတင်ပြဘဲ ၎င်းတို့သဘောဖြင့် ဖြတ်ချလိုက်သည်ဆိုသည့်သတင်းများ လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့နေသည့်ကိစ္စနှင့်စပ်လျဉ်း၍** ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီကို တင်ပြသည့်ကိစ္စတွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အမြဲတမ်းအတွင်းဝန်တို့က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကို ဆက်လက်တင်ပြခြင်းမရှိဘဲ ဆောင်ရွက်သည်ဆိုသည့် သတင်းများထွက်ပေါ်ခဲ့ပါကြောင်း၊ ယင်းမှာ သတင်းအမှားဖြစ်ပါကြောင်း၊ ယင်းသတင်းသည် ဌာနဆိုင်ရာများအကြားတွင် ဖြစ်ပေါ်သည့် သတင်းဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာများအကြားတွင်ဖြစ်သည့် ကန့်သတ်သတင်း၊ အပြင်လူများ မသိနိုင်သည့်သတင်းသည် လူမှုကွန်ရက်စာမျက်နှာတွင် ပျံ့နှံ့ခဲ့ပါကြောင်း၊ Office process တွင် မည်သည့်ကိစ္စဆိုလျှင် မည်သည့်ဌာနကို တင်ပြရမည်ဆိုသည့် သဘောသဘာဝရှိပါကြောင်း၊ ဥပမာ သမ္မတရုံးကို တင်ပြရမည့်ကိစ္စ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးကို တင်ပြရမည့်ကိစ္စ၊ ကက်ဘိနက်ကို တင်ပြရမည့်ကိစ္စ စသည်ဖြင့်ရှိပါကြောင်း၊ ထိုသို့ တင်ပြရာတွင် မည်သို့အဆင့်ဆင့်သွားရသည်ဆိုသည်ကို နားမလည်သည့်ကိစ္စဟုမြင်ပါကြောင်း၊ ယင်းကိစ္စကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ တင်ပြပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတရုံးအနေဖြင့်လည်း ၂၀၂၀ ပြည့်နှစ် ဧပြီလ ၂၂ ရက်တွင် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အားလုံးကို ညွှန်ကြားချက် ထွက်ထားပါကြောင်း၊ အစိုးရ၏ သတင်းအချက်အလက်များကို မသက်ဆိုင်သည့်သူများအားမပေးရန်နှင့် အကယ်၍ ပေးပို့ပါက အရေးယူမည်ဟု ပြောကြားထားပြီးဖြစ်ပါကြောင်း။

ယခုဖြစ်စဉ်သည် ရရှိသွားသည့် သတင်းအချက်အလက်အပေါ်မူတည်ပြီး တိုက်ခိုက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုသို့ တိုက်ခိုက်မှုကြောင့် မိမိတို့အချင်းချင်းအကြား၊ ဝန်ကြီးဌာန တစ်ခုနှင့်တစ်ခုအကြား၊ အစိုးရဌာန တစ်ခုနှင့်တစ်ခုအကြား အထင်အမြင် လွဲမှားမှုများ ဖြစ်လာပါကြောင်း၊ ထို့ပြင် ညီညွတ်ရေးကိုလည်း ထိခိုက်ပါကြောင်း၊ ထိခိုက်သည့်အတွက် သမ္မတရုံးက ညွှန်ကြားချက် ထပ်ထွက်ထားပါကြောင်း၊ ယင်းကိစ္စရပ်မျိုးမဖြစ်အောင် အလေးထားဆောင်ရွက်ရန်၊ ဖြစ်လာခဲ့လျှင် တာဝန်ရှိသူအဆင့်ဆင့်ကို ဖော်ထုတ်ပြီး တည်ဆဲဥပဒေနှင့်အညီ ထိထိရောက်ရောက် အရေးယူရန် ညွှန်ကြားချက် ထွက်ရှိထားပါကြောင်း၊ ယခု ဖြစ်ပွားခဲ့သည့်ကိစ္စသည် နားလည်မှုလွဲမှားသည့် ပြဿနာ၊ ရုံးလုပ်ငန်း နားမလည်သည့်ပြဿနာဖြစ်ပါကြောင်း၊ ရုံးလုပ်ငန်းအရ တည့်မတ်ရမည့်ကိစ္စကို မလိုအပ်ဘဲ လူမှုကွန်ရက်တွင် ဖြန့်ချိခဲ့သည့်အတွက် မလိုလားအပ်သည့် တိုက်ခိုက်မှုများ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**KNU နှင့် တပ်မတော်တို့ တိုက်ပွဲများပြန်လည်ဖြစ်ပွားနေမှုအပေါ် အစိုးရအနေဖြင့် ဆောင်ရွက်နေမှုအခြေအနေနှင့်စပ်လျဉ်း၍** အောက်ခြေ၌ တိုက်ပွဲဖြစ်ပွားချိန်တွင် KNU ဘက်က တပ်မတော်မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်အားလိပ်မူကာ စာပေးပို့ခဲ့ပါကြောင်း၊ NRPC ဥက္ကဋ္ဌအား မိတ္တူသာ ပေးပို့ခဲ့ပါကြောင်း၊ မိတ္တူပေးပို့သည့်အတွက် KNU အား မိမိတို့အနေဖြင့် ရှင်းပြပါကြောင်း၊ စာ၏သဘောသဘာဝအရ လိပ်မူဌာနက ပထမဦးစွာ အရေးယူဆောင်ရွက်ရပါကြောင်း၊ NRPC သို့ မိတ္တူပေးပို့သည့်အတွက် အစိုးရအနေဖြင့် တာဝန်ယူဆောင်ရွက်၍ မရပါကြောင်း၊ ထို့ကြောင့် အစိုးရအား တာဝန်ယူဆောင်ရွက်စေလိုပါက အစိုးရကို လိပ်မူပေးပါဟု ပြောကြားခဲ့ပါကြောင်း။

## ရှင်းလင်းဖြေကြား

ယခုဖြစ်စဉ်သည် မည်သို့ဖြစ်ပွားသည်ကို မိမိတို့အနေဖြင့် သိရှိပါကြောင်း၊ သို့သော် မိမိတို့ထံတိုင်တည်ထားသည့် လိပ်စာမဟုတ်သည့်အတွက် ဆောင်ရွက်မရပါကြောင်း၊ ထို့ကြောင့် KNU မှ NRPC ဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ထံ လိပ်မူပြီး စာထပ်မံ ပြန်လည်ပေးပို့ခဲ့ပါကြောင်း၊ ထိုသို့ တင်ပြစာထပ်မံပေးပို့သည့်အတွက် ၎င်းကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမည့် အကြောင်းအရာများအား တပ်မတော်နှင့် အလွတ်သဘောညှိနှိုင်းပြီး KNU ဘက်သို့ စာပို့ထားပါကြောင်း၊ ယင်းစာအား ခရစ္စမတ်မတိုင်မီကတည်းက ပေးပို့ထားပါကြောင်း၊ သို့သော် ခရစ္စမတ်၊ New Year ကာလဖြစ်သည့်အတွက် တွေ့ဆုံရန် အဆင်မပြေပါကြောင်း၊ ယခုကာလတွင်လည်း KNU ဘက်က ခရိုင်အလိုက် ရှင်းလင်းမှုများရှိပါကြောင်း၊ ယင်းသို့ သိရသည့်အတွက် ဇန်နဝါရီ ၅ ရက်မှ ၈ ရက်အတွင်း တွေ့ဆုံရန် အဆိုပြုပါကြောင်း၊ NRPC နှင့် KNU တွေ့ကြမည်ဟု ပြောပါကြောင်း၊ ယင်းသို့တွေ့ရာတွင် နောက်တစ်ဆင့် တပ်မတော်နှင့် KNUတို့ သီးသန့်ဆွေးနွေးမည်၊ KNU ဘက်မှ မည်သည့်အကြောင်းအရာများ ဆွေးနွေးမည်ဆိုသည်ကို Agenda တောင်းပါကြောင်း၊ Agenda အား မိမိတို့ဘက်မှ ပေးပို့ခဲ့ပါကြောင်း၊ ယင်းသို့ပေးပို့ခဲ့သည့်အတွက် ယမန်နေ့က KNU ဒုတိယဥက္ကဋ္ဌနှင့် အဆက်အသွယ်ရပါကြောင်း၊ ၎င်းတို့ဘက်မှ မိမိတို့ဘက်မှပေးပို့ခဲ့သည့် Agenda နှင့်ပတ်သက်၍ ဆွေးနွေးနေသည်ဟု ပြောပါကြောင်း၊ မိမိတို့အနေဖြင့် အမြန်ဆုံး တွေ့ဆုံလိုသည်ဟု ပြောကြားခဲ့ပါကြောင်း၊ KNU ဘက်က လက်ခံပါကြောင်း။

အစိုးရဘက်မှပြင်ဆင်ထားသည်မှာ ဘောဂလိ ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ KNU နှင့် ဆွေးနွေးရန် လျှပ်စစ်မှ တာဝန်ရှိသူများနှင့် အကြိုဆွေးနွေးထားရပါကြောင်း၊ ထို့ပြင် KNU က အဆိုပြုထားသည့် အဆိုပြုချက်များ ရှိပါကြောင်း၊ ယင်းအဆိုပြုချက်များအပေါ် မိမိတို့အနေဖြင့် မည်သို့ဖြေရှင်းဆောင်ရွက်ပေးရမည်ကို ဆွေးနွေးထားပြီးဖြစ်ပါကြောင်း၊ အစိုးရဘက်မှ အမြန်ဆုံး တွေ့ဆုံဆွေးနွေးရန် မျှော်မှန်းပါကြောင်း၊ ဆွေးနွေးမည့်ပုံစံမှာလည်း NRPC နှင့်တွေ့ဆုံသကဲ့သို့ တပ်မတော်နှင့်လည်း တွေ့ဆုံရန်ဖြစ်ပါကြောင်း၊ KNU ဘက်မှ တရားဝင်အကြောင်းပြန်ကြားချက်ကို စောင့်ဆိုင်းနေပါကြောင်း၊ ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းအရ အဆင်ပြေစေရန် အစိုးရဘက်မှ အဆင်ပြေအောင် လုပ်ဆောင်ပေးမည်ဟု ပြောကြားပြီးဖြစ်ကြောင်း၊ KNU ဘက်မှ အကြောင်းပြန်ကြားချက်အား စောင့်နေသည့်အနေအထားဖြစ်ပါကြောင်း၊ ဖြစ်နေသည့် ပြဿနာ ပိုကြီးမလာအောင် အမြန်ဆုံးတွေ့ဆုံဆွေးနွေးရန် ဆန္ဒရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

**ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ပြန်လည်ရွေးချယ်ရေးကိစ္စနှင့်စပ်လျဉ်း၍** ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးသည် အရေးကြီးပါကြောင်း၊ အုပ်ချုပ်ရေးယန္တရား၏ အောက်ခြေဖြစ်သည့်အတွက် အဓိကကျသည့် ရွေးချယ်မှုဖြစ်ပါကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရွေးကောက်ပွဲလုပ်ရမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးမှူးများ၏ သက်တမ်းသည် နိုင်ငံတော်သမ္မတ သက်တမ်းနှင့်တူညီပါကြောင်း၊ လာမည့် ဧပြီလ ၁ ရက်နေ့တွင် အုပ်ချုပ်ရေးမှူးအသစ်များကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ခန့်အပ်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး ရွေးချယ်ရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း။

လုပ်ငန်းစဉ် (၃) ရပ်ဖြင့် ဆောင်ရွက်နေပါကြောင်း၊ နည်းဥပဒေကို ပြင်ဆင်ပြီး ထုတ်ပြန်ထားပါကြောင်း၊ နည်းဥပဒေပါ လုပ်ငန်းစဉ်များနှင့်အညီ လုပ်ငန်းစီမံချက်ရေးဆွဲထားပြီး ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးမှူးများ ခန့်အပ်သည့်လုပ်ငန်းစဉ် ပြီးသည်နှင့် ၎င်းတို့ကို လုပ်ငန်းခွင်ဝင်သင်တန်းပို့ချပေးသွားမည်ဖြစ်ပါကြောင်း၊ အုပ်ချုပ်ရေးမှူးတစ်ဦးလုပ်ဆောင်ရမည့် တာဝန်များကို ယခုအစိုးရလက်ထက်တွင် အုပ်ချုပ်ရေးမှူးလက်စွဲကို ထုတ်ထားပြီးဖြစ်ပါကြောင်း၊ ကိုဗစ်ကာလတွင် ပုံမှန်ဝင်ငွေမရှိသည့် မိသားစုများကို ထောက်ပံ့သည့်အချိန်တွင် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍတွင် အငြင်းပွားစရာများ ဖြစ်ပွားခဲ့ပါကြောင်း၊ ထို့ကြောင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်ရာတွင် လူထုကို စိတ်ဝင်စားစေလိုပါကြောင်း။

ယခုပြင်ဆင်လိုက်သည့် နည်းဥပဒေသည် ယခင်နည်းဥပဒေထက်ပွင့်လင်းမြင်သာမှုရှိလာပါကြောင်း၊ ရွေးချယ်သည့်ပုံစံကိုလည်း ပို၍စနစ်တကျ ဆောင်ရွက်လာနိုင်ပါကြောင်း၊ ကိုဗစ်ကာလတွင် ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ အဓိကဆောင်ရွက်ရပါကြောင်း၊ လူစာရင်းကောက်ခြင်း၊ စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းခြင်းစသည်ဖြင့် အမှန်တကယ်လက်တွေ့ လုပ်ရသည့်အဖွဲ့များ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ၎င်းတို့ကို နည်းစနစ်ကျကျ ပိုပြီးအရည်အသွေးရှိရှိ ဆောင်ရွက်နိုင်ရန် စီစဉ်နေပါကြောင်း၊ အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်လိုသူများအတွက် လိုအပ်သည့်အချက်အလက်များကို ဖြန့်ဝေရန်ရှိပါကြောင်း၊ ပြည်သူလူထုအားလုံးအနေဖြင့် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး ရွေးချယ်ရေးလုပ်ငန်းစဉ်များကို စိတ်ဝင်စားစေလိုပါကြောင်း၊ ယင်းမှာ ကိုယ်ပိုင်အခွင့်အရေးဖြစ်ပါကြောင်း၊ ကိုယ်တိုင် ရွေးချယ်တင်မြှောက်ရမည့် အခွင့်အရေးဖြစ်သည့်အတွက် ယင်းကို လက်လွှတ်မခံသင့်ပါကြောင်းဖြင့် ပြောကြားသည်။

သတင်း-မျိုးမင်းနိုင်၊ ဓာတ်ပုံ- အေးသန်း

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

## (၈-၁-၂၀၂၁) ရက်နေ့၊ ညနေ (၆)နာရီ

၁။ (၂၃-၃-၂၀၂၀)ရက်နေ့မှ (၇-၁-၂၀၂၁) ရက်နေ့အထိ တွေ့ရှိရသော **ဓာတ်ခွဲအတည်ပြုလူနာ (၁၂၈,၇၇၂) ဦး၏** မြို့နယ်အလိုက် တွေ့ရှိရမှု အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | မြို့နယ် | (၂၃-၃-၂၀) မှ (၇-၁-၂၁) အထိ | (၂၅-၁၂-၂၀၂၀) ရက်နေ့မှ (၇-၁-၂၀၂၁) ရက်နေ့အထိ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ၂၅-၁၂-၂၀ | ၂၆-၁၂-၂၀ | ၂၇-၁၂-၂၀ | ၂၈-၁၂-၂၀ | ၂၉-၁၂-၂၀ | ၃၀-၁၂-၂၀ | ၃၁-၁၂-၂၀ | ၁-၁-၂၁ | ၂-၁-၂၁ | ၃-၁-၂၁ | ၄-၁-၂၁ | ၅-၁-၂၁ | ၆-၁-၂၁ | ၇-၁-၂၁ |
| [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] | [illegible] |

စာမျက်နှာ ၁၈ သို့ ❖








# တာချီလိတ်မြို့နယ်၌ ငွေကျပ် ၃ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

တာချီလိတ်မြို့နယ်၌ ငွေကျပ် ၃ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၆ ရက် ညနေ ၆ နာရီခန့်တွင် တာချီလိတ်မြို့နယ် ဖန်မင်-ဇေလေလန်ကျေးရွာသွား ကားလမ်းတွင် စိုင်းရွက်မောင်းနှင်လာသည့် ယာဉ်ကိုရှာဖွေရာ အိုက်စ်(မက်အဖက်တမင်း) တစ်ကီလို၊ ပစ္စတိုသေနတ် တစ်လက်၊ ကျည်အိမ်တစ်ခု၊ ယင်းကျည်ငါးတောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့နောက် စစ်ဆေးပေါ်ပေါက်ချက်အရ ည ၇ နာရီတွင် ဖန်မင်ကျေးရွာအုပ်စု ဝမ်ကျောက်လုံကျေးရွာနေ အိုက်ခေါက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ ၎င်းအားမတွေ့ရှိဘဲ နေအိမ်ခြံဝင်းအတွင်းရပ်တန့်ထားသည့် ယာဉ်၏ နောက်ခန်းအတွင်းနှင့် နေအိမ်မြေအောက်ခန်းအတွင်းတို့မှ ငွေကျပ် ၃ ဒသမ ၂ ဘီလီယံကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၆ ဒသမ ၉ သိန်း၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၅၈ ကီလို၊ အိုက်စ် (မက်အဖက်တမင်း) ၈၆ ဒသမ ၅ ကီလို၊ ဘိန်းဖြူ ၂၃ ဒသမ ၁ ကီလို၊ လက်ပစ်ဗုံးတစ်လုံး၊ ကျည်မျိုးစုံ ၅၄ တောင့်နှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသော ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သဖြင့် စိုင်းရွက်၊ အိုက်ခေါက်(ဖမ်းမမိ)တို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**



စိုင်းရွက်အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများ၊ ဆက်စပ်ပစ္စည်းများ၊ လက်နက်၊ ခဲယမ်းများနှင့်အတူ တွေ့ရစဉ်။

# မိုးကုတ်၊ မိုင်းဆတ်၊ မိုးမိတ်၊ မိုင်းဖြတ်နှင့် ကျောက်မဲမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၆ ရက်က မိုးကုတ်မြို့နယ် လယ်ကြီးကျေးရွာအနီး၌ ကျန်ကျီယန့် မောင်းနှင်ပြီး အိုက်ဆွေ၊ အိုက်ဂွန်းနှင့် အိုက်လူတို့ လိုက်ပါလာသည့်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဆီခဲ ကီလို ၃၀ စုစုပေါင်း ငွေကျပ်သိန်း ၁၂၀၀ တန်ဖိုးရှိ ဘိန်းဆီခဲများကိုလည်းကောင်း။

ထို့အတူ ယမန်နေ့ နံနက် ၉ နာရီတွင် မိုင်းဆတ်မြို့ ဝိန်းနေ-ဝိန်းကောင်ရပ်ကွက်



ကျန်ကျီယန့်၊ အိုက်ဆွေ၊ အိုက်လူ၊ အိုက်ဂွန်းတို့အား သိမ်းဆည်းရမိသည့် ဘိန်းဆီခဲများနှင့်အတူ တွေ့ရစဉ်။

သွားလမ်း သဇင်လမ်းထောင့်အနီးတွင် လော်နော်မောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၀ ကိုလည်းကောင်း၊ အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် မိုးမိတ်မြို့နယ် ရွှေကျောက်မောကျေးရွာအနီး မိုးမိတ်-တွင်းငယ်သွားကားလမ်းတွင် ရဲလင်းဦးမောင်းနှင်ပြီး ရွှေစင်ဦး(ခ)ရွှေစင် လိုက်ပါလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၄၀၀ ကိုလည်းကောင်း။

ဆက်လက်၍ ထိုနေ့ ညနေ ၄ နာရီခွဲတွင် မိုင်းဖြတ်မြို့နယ် ဆိုက်ခေါင်ကျေးရွာအနီး တာချီလိတ်-မိုင်းဖြတ်သွားကားလမ်းတွင် အားကာမောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ တို့ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကျောက်မဲမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ကျောက်မဲမြို့ အမှတ် (၂)ရပ်ကွက် မင်းရဲကျော်စွာလမ်းတွင် အောင်ဆွေ မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၃ နာရီခွဲတွင် ကျောက်မဲမြို့ အမှတ်(၂)ရပ်ကွက်နေ အောင်ဇော်ဟိန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၃၉ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**

# ကော့ကရိတ်မြို့နယ်၌ လူသုံးဦးအား စကေဘာဖြင့် ထိုးသူကို ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၈**

ကော့ကရိတ်မြို့နယ် ကော့ဘိန်းဈေးအတွင်း၌ လူသုံးဦးကို စကေဘာဖြင့် ထိုးသူကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယမန်နေ့နံနက် ၆ နာရီခွဲက ကော့ကရိတ်မြို့နယ် ကော့ဘိန်းကျေးရွာ ဈေးအတွင်း ဈေးရောင်းသူ ဒေါ်နွဲ့ကြည်၊ ဦးမင်းရန်ကင်းနှင့် ကိုဝင်းလှိုင်တို့အား ကော့ကရွတ်ကျေးရွာနေ နွေဦးက စကေဘာဖြင့် လိုက်ထိုး၍ ၎င်းတို့သုံးဦးတွင် ဒဏ်ရာများရရှိခဲ့သည်။

ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ပြည့်ဖြိုးအောင်နှင့် ကော့ဘိန်းနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူကို လိုက်လံဖမ်းဆီးခဲ့ရာ နွေဦးအား ယင်းနေ့နံနက် ၁၀ နာရီတွင် သက်သေခံ စကေဘာနှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

# ထီးချိုင့်မြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ထီးချိုင့် ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ်တွင် ယမန်နေ့နံနက် ၁၁ နာရီခွဲက မူးယစ်ဆေးဝါးသတင်းအရ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သန့်ဇင်ဖြိုး၊ တပ်ဖွဲ့ဝင်များနှင့် အသိသက်သေများ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ထီးချိုင့်မြို့နယ် ကျောက်မှော်အုပ်စု ကျောက်မှော်ကျေးရွာနေ ဝေဝေလွင်၏ နေအိမ်အားရှာဖွေရာ WY စာတန်းပါဆေးပြား စုစုပေါင်း ၂၈၂ ပြား တွေ့ရှိသိမ်းဆည်းရမိသဖြင့် မူးယစ်ဆေးဝါးများအား ရောင်းချရန် လက်ဝယ်ထားရှိသူ ဝေဝေလွင်အား ထီးချိုင့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ရဲလင်းထွန်း**

**မူးယစ်ကိုပစ် ပန်းတိုင်သစ်**
**စိတ်သစ်လူသစ် ဘဝသစ်**

# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်၊ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂ နှင့် ၂/၂၀၁၂ တို့ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် "ဝဏ္ဏကျော်ထင်ဘွဲ့" ချီးမြှင့်ခြင်းခံရသော

**အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးဇော်မိုးနိုင်**

**CEO & Managing Director, Pacific-AA Group**

နှင့်

လူပုဂ္ဂိုလ်ဆိုင်ရာအမြင့်ဆုံးသာသနာနုဂ္ဂဟဘွဲ့ဖြစ်သည့် **"အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီဘွဲ့"** ချီးမြှင့်ခြင်းခံရသော

**ဒေါက်တာစောနေနွယ်**

**Deputy Managing Director, Pacific-AA Group**

တို့အား အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ အမျိုးဘာသာသာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**AA Medical Products Ltd., Success & Success International Ltd.**

**AA Marketing Co.,Ltd., Pacific Medical Industries Ltd.**

**(Pacific-AA Group)**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၂ခုနှစ် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၂)ဖြင့်

၁။ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ဦးတင်မောင် (စန္ဒီပရဆေး) (လူမှုထူးချွန်)
၂။ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ဒေါက်တာငွေငွေရီ (ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
၃။ အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ဒေါ်သန်းသန်းစိန် (UKK Longyi)
၄။ သီရိသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော အကယ်ဒမီ ခန့်စည်သူ
၅။ သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ဒေါ်အေးမော်စီ (အောင်သမာဓိရွှေဆိုင်)
၆။ သီဟသုဓမ္မ မဏိဇောတဓရ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ကိုမျိုးမင်းစိုး (Designer) နှင့်
၇။ စေယျာစက်မှုစီးပွားထူးချွန်ဆု(ဒုတိယဆင့်) ချီးမြှင့်ခံရသော ကိုကျော်သက်နိုင် (ရုပ်ပျိုတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)
၈။ စေယျာစက်မှုစီးပွားထူးချွန်ဆု(ဒုတိယဆင့်) ချီးမြှင့်ခံရသော ဦးမြင့်ဇော် (MD အေးငြိမ်းသီတာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

တို့အား မိသားစုနှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောင်တွင်လည်း ယခုကဲ့သို့ လူမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ပိုမိုထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သီရိသုဓမ္မမဏိဇောတဓရ မုံရွာဆရာမိုး
သား ဗိုလ်မှူးကျော်ကိုကိုရှိန်း + သမီး သီရိသုဓမ္မသိင်္ဂီ ဒေါ်မိုးပြည့်ပြည့်ဖြိုး
မြေး မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်း၊ မောင်မိုးပြည့်စုံဟိန်း
မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်
KS DIAMOND Diamonds & Jewellery စိန်ရတနာဆိုင်နှင့် ရွှေသု By KS DIAMOND ရတနာရွှေဆိုင်မိသားစု

ဝန်ထမ်းအလိုရှိသည်။
အိမ်အကူ မ(၁) ဦး
ကလေးထိန်း (၁) ဦး
နေစားငြိမ်း ၁၆၀၀၀၀ကျပ်
09 974396398
09 421134766

**ပတ်စ်ပို့ပျောက်**

ကျွန်တော် ဦးနေဦး[၁/မကန(နိုင်)၀၀၀၅၇၆]၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၆၂၄၄၅၈၅

သဘာဝ ပျားရည် ရမည်။
[illegible]
မန်းသုခ ဆေးဆိုင် အမှတ်(၁၀၂)(၃၈)လမ်းအောက်၊ [illegible]

**နေရာကောင်းငှါးမည်**
* (၂၀×၅၀) ပေ၊ မြေညီထပ်၊ ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ်။
* (၂၀×၅၀) ပေ၊ ပထမထပ်၊ ကုန်သည်လမ်း ဗိုလ်တထောင်မြို့နယ်။
* (၈၀×၆၀) [illegible]
ရွှေအိမ် အိမ်ခြံမြေ 09-965155106
09-5155106

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

မကြာမီ တိုးတက်လာတော့မည်။ လှည်းကူးမြို့အနီးတွင် မြေနေရာ ကျယ်ကျယ်နှင့် စီးပွားရေးလုပ်လိုသူများ ဆက်သွယ်ပါ။ အမြန်ရောင်းမည်။

နေရာ - လှည်းကူးစခန်းကြီးရွာနှင့် ဂန့်ဂေါ်ကျွန်းသွားလမ်းဘေး၊ တစ်ဧက ၂၃၀သိန်း(ညှိနှိုင်း)
(၉.၂၆)ဧက(ခွဲမရောင်းပါ)
ဖုန်း-၀၉-၄၄၂၂၆၄၁၂၃

# လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

(၇၃)နှစ်မြောက် (လွတ်လပ်ရေးနေ့) အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် သာသနာတော်ချီးမြှင့်ထောက်ပံ့ခြင်းဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သည့် **“အဂ္ဂမဟာသီရိသုဓမ္မမဏိ ဇောတဓရ”** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော **ဦးသက်လင်း ဥက္ကဋ္ဌ** (T.Z.T.M Group of Companies) နှင့် **“အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ”** ဘွဲ့တံဆိပ်တော်ကိုထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော **ဒေါ်သီသီတင်** Director (T.Z.T.M Group of Companies) တို့အား အတိုင်းထက်အလွန် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတော်နှင့် သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

နန်းတော်ကြီးကုမ္ပဏီလီမိတက် ပိုးထည်နှင့်စိန်ရွှေရတနာ မြတ်ဘုန်းသခင်ကုမ္ပဏီလီမိတက် HOTEL BALMI BUILDIKO Co.,Ltd.

# လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

(၇၃)နှစ်မြောက်(လွတ်လပ်ရေးနေ့) အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် သာသနာတော်ချီးမြှင့်ထောက်ပံ့ခြင်းဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သည့် **“အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ”** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော **ဦးသက်လင်း ဥက္ကဋ္ဌ** (T.Z.T.M Group of Companies) နှင့် **“အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ”** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော **ဒေါ်သီသီတင် Director** (T.Z.T.M Group of Companies) တို့အား အတိုင်းထက်အလွန် ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နိုင်ငံတော်နှင့် သာသနာအကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဦးမြင့်နိုင် – ဒေါ်လှဲ့လှဲ့ဝင်း မိသားစု**
**Three Seasons Hotel၊ မအူပင်မြို့။**

## လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

(၇၃)နှစ်မြောက်(လွတ်လပ်ရေးနေ့) အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် သာသနာတော်ချီးမြှင့်ထောက်ပံ့ခြင်းဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သည့် **“အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ”** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော **ဦးသက်လင်း ဥက္ကဋ္ဌ** (T.Z.T.M Group of Companies)နှင့် **“အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ”** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရပါသော **ဒေါ်သီသီတင် Director** (T.Z.T.M Group of Companies)တို့အားအတိုင်းထက်အလွန်ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့်နိုင်ငံတော်နှင့်သာသနာအကျိုးတို့ကိုဆတက်ထမ်းပိုးတိုး၍ ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

**ဦးမင်းမော်ထွန်း–ဒေါ်နီနီတင် မိသားစု**
**မအူပင်မြို့။**

**ဦးရဲစိုးမိုး – ဒေါ်ချိုချိုတင် မိသားစု**
**မအူပင်မြို့။**

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

၂၀၂၁ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် **သီဟသုဓမ္မမဏိဇောတဓရဘွဲ့** ထိုက်တန်စွာချီးမြှင့် ပေးအပ်ခြင်းခံရသော **ဦးမောင်မောင်လေး (ဦးမောင်မောင်လေးနှင့်ညီများ အိမ်ဆောက်ပစ္စည်းမျိုးစုံ ရောင်းဝယ်ရေးလုပ်ငန်းစု)**အား အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုးတိုး၍ လျှူနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

| | |
|---|---|
| ၁။ ဦးတင်လတ် | စိန်ဒိုင်းမွန်းသဘော်ဆေးကုမ္ပဏီလီမိတက် |
| ၂။ ဦးစိန်မြင့် | ဗန္ဓုလ ကားပစ္စည်းရောင်းဝယ်ရေး |
| ၃။ ဦးသိန်းလွင် | ဒို့မိတ်ဆွေ စိန်ရွှေရတနာဆိုင် |

# “ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း ”

**Myo Naing-Nine Group of Companies** ၏ အုပ်ချုပ်မှုဒါရိုက်တာ ဦးမျိုးမြင့်နှင့် ဒါရိုက်တာဒေါ်သန္တာဝင်းတို့ ဇနီးမောင်နှံအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး အမိန့် ကြော်ငြာစာအမှတ် ၁/၂၀၂၁ ဖြင့် လူပုဂ္ဂိုလ်များအတွက် ပေးအပ်သည့် “**သီရိသုဓမ္မမဏိဇောတဓရ**” ဘွဲ့တံဆိပ် နှင့် “**သီရိသုဓမ္မသီရိ**” ဘွဲ့တံဆိပ် အားထိုက်ထိုက်တန်တန် ချီးမြှင့်ခံရသည့်အတွက် အတိုင်းမသိ ဝမ်းသာပီတိ ဖြစ်ရပါသည်။

အသက်ရာကျော်တိုင်အောင် ကျန်းမာစွာဖြင့် အမျိုးဘာသာ သာသနာ အကျိုးအတွက် ဆတက်ထမ်းပိုးတိုး၍ သယ်ပိုးဆောင်ရွက်နိုင်သောသာသနာ ပြုပုဂ္ဂိုလ်ထူး ဇနီးမောင်နှံ ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါ သည်။

ဦးမျိုးမင်းဦး နှင့် ဒေါ်ဝတ်ရည်ဝင်း

**Xenon Company Limited**

**Covid ဈေးမြင့် ကွန်ဒို အမြန်ရောင်းမည်**

၁။ ရန်ကင်း။ The Central Condo (၁၂၈၆)စတုရန်းပေ
အကျယ်ရှိ M-1,B-1[ကားပါကင်ပါ] ဈေးနှုန်း –၃၈၀၀ သိန်း
၂။ စမ်းချောင်း။ Twin Centro Condo (၁၅၅၀)စတုရန်းပေ
အကျယ်ရှိ M-2,B-1 [ပြင်ပြီး] ဈေးနှုန်း –၃၅၀၀ သိန်း
၃။ အလုံ၊ Orchid Condo (၂၀၅၀)စတုရန်းပေ
အကျယ်ရှိ M-3 [ပြင်ဆင်ပြီး] ဈေးနှုန်း – ၂၃၀၀ သိန်း
၄။ ကမ္ဘာအေး–ဂမုန်းပွင့်ကွန်ဒို (၁၇၀၀)စတုရန်းပေ
အကျယ်ရှိ M-1,B-2 [ပြင်ပြီး] ဈေးနှုန်း – ၂၀၀၀ သိန်း
၅။ စမ်းချောင်း။ ဦးဝိစာရလမ်းကွန်ဒို (၁၅၀၀)စတုရန်းပေ
အကျယ်ရှိ M-1,B-2 [ပြင်ပြီး] ဈေးနှုန်း – ၁၈၀၀ သိန်း
၆။ သဃ်န်းကျွန်း။ ဇဝနကွန်ဒို (၁၄၂၀)စတုရန်းပေ
အကျယ်ရှိ M-1,B-2 [ပြင်ဆင်ပြီး] ဈေးနှုန်း–၁၃၀၀ သိန်း

09-422888893, 09-422888894, 09-422888892,09-409999627

★STAR★

ဒဂုံမြို့သစ် အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊ ဆိပ်ကမ်းရှိမြေကွက်များ ဝယ်လိုသည်။

09-43088052
09-260660405
09-421067330

သွေးသည် အသက်

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၂၀)၊ မြေအမျိုးအစား (နှစ်–၆၀)ဂရန်၊ မြေအကျယ်အဝန်းပေ(၄၁x၆၀) ရှိသည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၁–ရပ်ကွက်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ်(၂၀) ဟုခေါ်သော မြေကွက်နှင့်ယင်းမြေပေါ်ရှိ လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စီမံခန့်ခွဲရောင်းချနိုင်သည်ဟု အဆိုပြုသူ ဒေါ်စောမြတ်ခိုင် [၁၁/စတန(နိုင်)၀၅၂၂၇၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးငြိမ်းသူ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၃၂၃၉)**

**ဦးထွန်းနိုင်အောင်(LL.B,C.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၁၃၆)**
**အခန်း(၅၀၂)၊ တိုက်(၃)၊ သမိုင်းဘူတာရုံလမ်း၊**
**ရွှေထီးအိမ်ရာ၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**ဖုန်း–၀၉–၅၁၂၅၆၀၂၊ ၀၉–၄၄၃၀၈၈၀၈၄**

## အများသိစေရန်ကြေညာချက်

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးကြည်ဆွေ(C/RGN–012457)အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၃၉/A)၊ မြေကွက်အမှတ်(၃၇၄)၊ အကျယ်အဝန်း ပေ(၄၀x၆၀) ရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း **ဦးမြင့်သောင်း[၁၃/ကခလ(နိုင်)၀၃၇၁၅၇]**က ဝန်ခံကတိပြုလျက် ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေကအရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့် ပစ္စည်း၏ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာလုံလောက်သည့် စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရန်ပိုင်စိုး**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၅၉၁)**
**ရုံးခန်း–အမှတ်(၁၃၇၇)၊ အခန်း(B)၊ ဘုရင့်နောင်လမ်း၊ (၄၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဖုန်း–၀၉–၂၆၂၉၄၉၉၇၅**

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံးမှ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် "သီဟသုဓမ္မသင်္ဂဟ" ကို ဒေါ်အေးအေးမော်(စိန်ပင်လယ်စိန်ရွှေရတနာဆိုင်) မှ သာသနာရေးဘွဲ့ကိုချီးမြှင့်ခံရသည့်အတွက် သားသမီးများမှ ထပ်တူလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့်အတူ မိခင်ကြီးအသက်ရှည်ကျန်းမာ၍ အလှူရေစက် လက်နှင့်မကွာ လှူဒါန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

စိန်ပင်လယ်၏သားသမီးများဖြစ်ကြသော

၁။ ဒေါက်တာသန်းထိုက်ပိုင်+ဒေါက်တာအိသဉ္ဇာလွင် (ရတနာပင်လယ် စိန်ရွှေရတနာဆိုင်)

၂။ ဗိုလ်ကြီးကျော်ဇင်မျိုးထွဋ်+မလဲ့လဲ့ဂျွန်ထွန်း (Royal စိန်ပင်လယ် စိန်ရွှေရတနာဆိုင်)

၃။ ဒေါက်တာပြည့်ဖြိုးအောင်+ဒေါက်တာဇင်သူဇာအေး (ရွှေပင်လယ် စိန်ရွှေရတနာဆိုင်)



# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁) အရ

## ဦးသိန်းဌေး

(HTAY ONE SERVICES AGENT Co.,Ltd) ၏ မန်နေဂျင်းဒါရိုက်တာသည်

## သီရိသုဓမ္မမဏိဇောတဓရဘွဲ့

တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသဖြင့် အထူးပင် လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။ နောင်တွင်လည်း သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက် ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

Board Of Directors

(HTAY ONE SERVICES AGENT Co.,Ltd)



### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘောင်ရပ်ကွက်၊ ငါးထပ်ကြီးဘုရားလမ်း၊ Kan Kaw Myaing Luxury Residence၊ တိုက်အမှတ်(၁၀၉)၊ အခန်းအမှတ်(7D)၊ (၇)လွှာ၊ (၁၇၆၅)စတုရန်းပေအကျယ်ရှိသော ကွန်ဒိုတိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်၍ အပြီးအပိုင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သော ဒေါ်တင်တင်ဝင်း(၁၂/ဗဟန(နိုင်)၀၂၇၆၉၃)+၁ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မေရည်ရီဦး L.L.B., D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၁၂)

ဒေါ်ဝင်းသီတာမော် L.L.B အထက်တန်းရှေ့နေ (စဉ်-၄၅၉၅၈)

Fb Page: Aung Myay Saytanar RealestateCo.,Ltd, E-mail: aungmyayrealestate@gmail.com

☎ : 09- 5080073 , 09- 76 5080073 , 09- 69 5080073 , 09- 50 577 14

အမှတ်(၈၈၈)၊ အခန်း(၃)၊ မြေညီထပ်၊ ကျွန်းနီ ၊ မြေညီလမ်းမ(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။



### ထက်အောင်သျှိုင်း ကုမ္ပဏီမှ ရောင်းမည်

| | | | |
|---|---|---|---|
| ရကာ၊ ပါရမီလမ်းမ၊ ဘိုးဘွား။ | 40'x80' | 2RC | 8500L |
| ရကာ၊ ဘောက်ထော်၊ ဂရံ။ | 60'x60' | PT | 8000L |
| ရကာ၊ မိုးကောင်းလမ်းအနီး၊ ဂရံ။ | 30'x68' | 2RC | 5800L |
| Grand Sayar San Condo၊ ပြင်ပြီး။ | 2160sqft | Lift | 3100L |
| စခ၊ မင်္ဂလာလမ်း၊ ပြင်ဆင်ပြီး။ | 18'x55' | 1F | 870L |
| မရကာ၊ အောင်စေတီလမ်း၊ ဂရံ။ | 45'x90' | 2RC | 4500L |
| မရကာ၊ အောင်သိဒ္ဓိလမ်း၊ ဂရံ။ | 0.75 ဧက | 1sqft | 1.2L |
| ဒဂုံ၊ "United Condo" ပြင်ပြီး။ | 1300sqft | Lift | 1800L |
| မ/ဥ၊ သုနန္ဒာလမ်းမ၊ ဂရံ။ | 40'x60' | 1BN | 2500L |
| မ/ဒဂုံ၊ (၃၄)ရပ်ကွက်၊ ပြင်ပြီး။ | 40'x60' | 1RC | 3200L |
| မ/ဒဂုံ၊ (၄၄)ရပ်ကွက်၊ ဂရံ။ | 40'x60' | 1RC | 1200L |
| မ/ဒဂုံ၊ (၃၃)ရပ်ကွက်၊ ပြင်ပြီး။ | 40'x60' | 2RC | 1900L+- |
| Sony မြယမုံအိမ်ရာ၊ ဂရံ(Lကွက်)။ | 88'x66' | မြေ | 3700L |
| တ/ဒဂုံ၊ (၂၅)ရပ်ကွက်၊ ဂရံ။ | 48'x60' | 2BN | 1700L |

09 4430 86254, 09 4430 33261, 01 8430 991/990



### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/ရှေ့ရပ်ကွက်၊ ၉၄-လမ်း၊ အမှတ်(၁၁၅)၊ ၄-လွှာ (ခေါင်းရင်းခန်း)၊ (တိုက်ကိုမျက်နှာမူလျှင်-ဘယ်ဘက်)၊ အကျယ်အဝန်း (၁၅ပေx၅၀ပေ) ရှိတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆက်အစပ် အရောင်းအဝယ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ရီရီလေး [၇/တငန(နိုင်)၀၉၆၅၃၄] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်နိုင်ဦး [LL.B,LL.M, MRes(Law), D.B.L]

အထက်တန်းရှေ့နေ (စဉ်-၃၆၉၃၃)

အမှတ်(၆)၊ ၅-လွှာ၊ အထက်မန္တလေးလမ်းသွယ်(၃)၊ ကန်/မြောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်။ ရန်ကုန်မြို့။ ဖုန်း-၀၉-၉၇၅၀၂၁၈၄၁



# “အထူးကြည်ညို ဂုဏ်ယူဝမ်းမြောက်မိပါသည် အရှင်ဘုရား”

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၂)ဖြင့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ဆက်ကပ်ရာ၌ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့တံဆိပ်တော်ကို ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၃)ရပ်ကွက်၊ ဈေးလမ်း၊ အောင်မင်္ဂလာမိုးကုတ်ရိပ်သာကျောင်းတိုက်ကြီးနှင့် လေးမိုင်ပေါ်တော်မူအောင်မင်္ဂလာမိုးကုတ်ရိပ်သာကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနနာယကဆရာတော် **ဘဒ္ဒန္တစန္ဒေသာရ** သာသနဓဇဓမ္မာစရိယ (တိပိဋက)၊ ဥဘတောဝိဘင်္ဂဓရ၊ နိုင်ငံတော်အစိုးရ ကမ္မဋ္ဌာနာစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင်သူမြတ်အား ဆက်ကပ်ချီးမြှင့်ပူဇော်ခံရသည့်အတွက် တပည့်သာဝကများမှ အတိုင်းမသိ ဝမ်းမြောက်ဂုဏ်ယူဖြစ်ရပါကြောင်း ထပ်ဆင့်ပူဇော်အပ်ပါသည်။

(ဦးတင်မြင့်)–ဒေါ်ခင်မြမွန် (သား)(မောင်ကျော်စွာမြင့်)
(ဦးကျင်ကမ်း)–ဒေါ်မြဝင်း မိသားစု
ဘုရင်မဆပ်ပြာတိုက် မိသားစု
(ဦးကြည်)–ဒေါ်ကျင် (သမီး) မမြင့် မိသားစု
ဦးမြင့်စိုး–ဒေါ်နီ မိသားစုများနှင့်တကွ
မိုးကုတ်ယောဂီတပည့် ဒါယကာ၊ ဒါယိကာမများ၊ တောင်ငူမြို့။



# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုလွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂) အရ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်ဖြစ်သည့် သုဓမ္မသိင်္ဂီဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရပါသော **ဒေါ်စန်းမြိုင် (ခ) ဒေါ်စန်းစန်းမြိုင်** အား အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါသည်။ နောင်တွင်လည်း သက်ရှည်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုးတိုး၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

| ချစ်ခင်ပွန်း | ချစ်သား/သမီးများ | ချစ်မြေးများ |
|---|---|---|
| ဦးအောင်မင်း | ကိုကြံထွန်းအောင် – မစံပယ်အောင် | မောင်စည်သူဖုန်းတင့် |
| | ကိုမျိုးမင်းဦး – မချယ်ရီအောင် | မစန္ဒီတင့်လွင် |
| | ကိုတင့်လွင်အောင် – မခင်မာလာဝင်း | မောင်ဖုန်းမင်းဟန် |
| | ကိုဇေယျာဟန် – မအင်ကြင်းအောင် | |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–(သကတ–၁)၊ စိန်ပန်းမြိုင်လမ်း၊ မြေကွက်အမှတ်(စ–ခ)ဟုခေါ်တွင်သည့် (၂၀ပေ x ၆၀ပေ)အကျယ်ရှိခေါ်အေးရွှေအမည်ပေါက်မြေချပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသူ ဦးမောင်မောင်စန်း (၁၂/သမတ(နိုင်)၀၁၄၂၁၂)ထံမှကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ အချို့ကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါကပိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ယနေ့မှစ၍(၁၄)ရက်အတွင်းကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ရက်ထက်ကျော်လွန်ပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီပြီးဆုံးသည်အထိဆောင်ရွက်သွားမည်ဖြစ်ပါသည်။

| ဒေါ်မေချောစိုးဦး | ဒေါ်မေရည်စိုးဦး | ဒေါ်မေစွန်စိုးဦး |
|---|---|---|
| LL.B,D.B.L | LL.B,D.B.L | LL.B,D.B.L,D.I.R |
| (စဉ်–၇၇၅၇) | (စဉ်–၈၁၁၂) | (စဉ်–၁၃၂၃၅) |

တရားလွှတ်တော်ရှေ့နေများ
ခြံအမှတ်(၅၀၅/၆ခ)၊ ပြည်ရိပ်သာလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉–၅၀၅၇၇၁၃၄၊ ၀၉၉၅–၅၀၅၇၇၁၃၄၊ ၀၉၇၆–၅၀၅၇၇၁၃၄

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်း(၂)ရပ်ကွက်၊ ဦးပိုင်/မြေကွက်အမှတ်(ဒ–၄၈၄၇၊ ၄၈၄၈) အကျယ်အဝန်း အလျား(၆၀)ပေ x အနံ(၆၀)ပေစီ ကျယ်ဝန်းသောမြေကွက်(၂)ကွက်၏ အကျိုးခံစားခွင့်အရပ်ရပ် တို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူထံမှ အဆင့်ဆင့်စာချုပ် ချုပ်ဆိုဝယ်ယူထားသူ ဒေါ်အုန်းမြင့် [၉/လဝန(နိုင်)၀၁၅၈၆၉] ကိုင်ဆောင်သူမှ ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်သောကြောင့် ရောင်းချလိုကြောင်း အဆိုပြု ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေများ၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေတချို့အား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ ဝိုင်းခြံမြေကွက်များအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်နိုင်ဝင်း LL.B, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၉၄)
အမှတ်(၈/၈၂)၊ ပန်းခင်း(၁)၊ စံပယ်လမ်း၊ ရွာကောက်ရပ်ကွက်၊
ပျဉ်းမနားမြို့၊ နေပြည်တော်။
ဖုန်း ၀၉–၄၀၁၅၃၄၆၆၈၊ ၇၉၇၇၀၄၄၅၇

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ရွှေအင်ကြင်း(၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ ဦးပိုင်/မြေကွက်အမှတ်(ဒ–၄၆၆၈၊ ၄၆၇၀)၊ အကျယ်အဝန်း အလျား(၆၀)ပေ x အနံ(၆၀)ပေ စီ ကျယ်ဝန်းသောမြေကွက်(၂)ကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ဖြစ်သူထံမှ အဆင့်ဆင့်စာချုပ် ချုပ်ဆိုဝယ်ယူထားသူ ဦးသန်းစိုး [၉/ပမန(နိုင်)၁၂၂၉၉၇] ကိုင်ဆောင်သူမှ ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်သောကြောင့် ရောင်းချလိုကြောင်း အဆိုပြု ကမ်းလှမ်းလာရာ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေများ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေတချို့အား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ ဝိုင်းခြံမြေကွက်များအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ်ကိစ္စရပ်များကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်နိုင်ဝင်း LL.B, WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၉၄)
အမှတ်(၈/၈၂)၊ ပန်းခင်း(၁)၊ စံပယ်လမ်း၊ ရွာကောက်ရပ်ကွက်၊
ပျဉ်းမနားမြို့၊ နေပြည်တော်။
ဖုန်း ၀၉–၄၀၁၅၃၄၆၆၈၊ ၇၉၇၇၀၄၄၅၇

သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွှေ တိုက် ကို စိုး



## အထူးဝမ်းမြောက်ဂုဏ်ပြုချီးကျူးပူဇော်လွှာ

အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ အနန္တဂုဏ်ရည် ပရိယတ္တိစာသင်တိုက် ဦးစီးပဓာန နာယက ဆရာတော် **ဘဒ္ဒန္တဃောသိတ** သည် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၄)ရက် (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)ဖြင့် **မဟာသဒ္ဓမ္မဇောတိကဓဇ** ဘွဲ့တံဆိပ်တော်ဆက်ကပ် လှူဒါန်းအပ်နှင်းခြင်း ခံရသည့်အတွက် အထူးဝမ်းမြောက် ဂုဏ်ပြုချီးကျူး ပူဇော်အပ်ပါသည် ဘုရား။

ထန်းပင်ကုန်းရပ်မိရပ်ဖအဖွဲ့
ထန်းပင်ကုန်းဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့
ထန်းပင်ကုန်းမိသားစုသာသနာ့ရုံသီအဖွဲ့
ဒါယကာ၊ ဒါယိကာမများ

## အထူးလေးစားကြည်ညိုဂုဏ်ယူဝမ်းမြောက်ခြင်း



၁၃၈၂ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၆)ရက် (၄-၁-၂၀၂၁)ရက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)ဖြင့် နိုင်ငံတော်အစိုးရမှ ဆက်ကပ်လှူဒါန်းသော **အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ**ဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူသော ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ လိပ်ပြာကန်တိုက်နန္ဒာအောင်မြေကျောင်း ဦးစီးပဓာနနာယကဆရာတော် **ဒေါက်တာဘဒ္ဒန္တနိမလ(မဟာသဒ္ဓမ္မဇောတိကဓဇ)**အရှင်သူမြတ်အား ဂျပန်နိုင်ငံ အိုဆာကာမြို့နေ ဦးမျိုးမင်း-ဒေါ်ခင်လဲ့လဲ့စိုးမိသားစုမှ အထူးပင်လေးစားကြည်ညိုကြောင်းနှင့် ဆရာတော် ကျန်းမာချမ်းသာ ဝမ်းသာလန်းဖြာ၍ အသက်ရာကျော်ရှည်ပြီး သာသနာပြုလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်ပါစေကြောင်း လှိုက်လှဲဝမ်းသာစွာဖြင့် လေးမြတ်ရိုသေစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မိဘမေတ္တာ**
အုံမြူးသစ်ဆိပ်ကမ်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
အရှေ့ပိုင်း(4)မြို့နယ်ရှိ
မြေကွက်များဝယ်လိုသည်။
(ပွဲခပေးရန် မလိုပါ။)
09-407080736
09-794949736

## ပြင်ဆင်ဖတ်ရှုပါရန်

၇-၁-၂၀၂၁ ရက်စွဲပါ ကြေးမုံသတင်းစာ၏ စာမျက်နှာ (၂၁)ပါ ဒေါ်စုစုငြိမ်း၊ တရားလွှတ်တော် ရှေ့နေ၏ အများသိစေရန် ကြေညာချက်ခေါင်းစဉ်ပါ ကြေညာချက်၏ စာကြောင်းရေ တတိယစာကြောင်း၌ အမှတ်(၂၆၆+၂၂၇)အစား အမှတ် (၂၂၆+၂၂၇) ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန် ကြေညာအပ်ပါသည်။

# ဝမ်းမြောက်ဂုဏ်ပြု - တောင်းဆုဝေဖြာ, စာသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၂၁)အရ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်များဖြစ်ကြသည့် **အဂ္ဂမဟာသီရိသုဓမ္မဓဇဇောတဓရဘွဲ့နှင့် အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ** ဘွဲ့တံဆိပ်တို့ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရပါသော **ဦးသက်လင်း-ဥက္ကဋ္ဌ (Managing Director) T.Z.T.M Construction Co.Ltd(Chairman)**မင်္ဂလာသီရိဟိုတယ်၊ နေပြည်တော်နှင့် **ဒေါ်သီသီတင် ဒု-ဥက္ကဋ္ဌ(Managing Director) T.Z.T.M Construction Co.Ltd** အမှတ်(၁၂)၊ AA-အင်းလျားလမ်း၊ အမှတ်(၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့ တို့အားအထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုအပ်ပါသည်။ ရှေ့အနာဂတ်တွင်လည်း သက်ရှည်ကျန်းမာ စိတ်ချမ်းသာစွာဖြင့် မိသားစုများနှင့်အတူ နိုင်ငံတော်အကျိုး၊ သာသနာတော်အကျိုး ဆတက်ကိုး၍ ပွံ့ပိုးချီးမြှောက်ဆောင်ရွက်နိုင်ပါစေကြောင်း တောင်းဆုဝေဖြာ စာသဝဏ်လွှာပါးအပ်ပါသည်။

**ဇေယျာသိဒ္ဓိကျောင်းတိုက်ကြီးများ၏ ပဓာနနာယကဆရာတော်အမှူးပြုသော**
**ပရိယတ္တိ၊ ပဋိပတ္တိသာသနဥပတ္ထမ္ဘကအဖွဲ့၊ ဇေယျာသိဒ္ဓိစာသင်တိုက်နှင့်ပဋိပတ္တိရိပ်သာ**
**ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်**

# "အထူးဂုဏ်ယူဝမ်းမြောက်ခြင်း"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတက ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊ (၇၃)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် ပေးအပ်ချီးမြှင့်သော **"သီရိသုဓမ္မဇောတဓရ"** ဘွဲ့တံဆိပ်ကို ရရှိခဲ့သည့်အတွက် **"အကယ်ဒမီ ခန့်စည်သူ"** အား ဝမ်းမြောက်ဂုဏ်ယူပါကြောင်းနှင့် နောင်တွင်လည်း ယခုလို ဗုဒ္ဓသာသနာကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းနိုင်တဲ့ သားကောင်းရတနာ ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မိဘများ** - ဦးဝင်းဆွေ - ဒေါ်မင်းသွယ်နု
**မောင်နှမများ** - မနှင်းမြတ်ဝင်း
- ကိုလင်းထက်ဖြိုး - မမြကေသွယ်
**တူ/တူမများ** - မောင်ဖြိုးမြတ်သံလွင်ထက် @ William
- မမြလွန်းယသော်ထက် @ Emily

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ တမီလ်ဟိန္ဒူဖောင်ဒေးရှင်းဗဟို၏ ဥက္ကဋ္ဌ၊ စိန်မြင့်မိုရ်သံထည်ပစ္စည်း ရောင်းဝယ်ရေး ဥက္ကဋ္ဌဖြစ်သူ **ဦးသိန်းလွင်** သည် နိုင်ငံတော်မှချီးမြှင့်သည့် **သီဟသုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်အား ချီးမြှင့်ခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုးတိုး၍ လှူဒါန်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**စိန်ဒိုင်းမွန်းသဘော်ာဆေးကုမ္ပဏီလီမိတက်**
**ဦးတင်လတ် - DR. စန်းစန်းဝင်း**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)ဖြင့် ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါးတို့ဖြင့် ထူးခြားစွာ ထောက်ပံ့လှူဒါန်းသာသနာပြုခဲ့သည့် မဟာစည်သာသနာ့ရိပ်သာ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် ဥက္ကဋ္ဌ **ဒေါက်တာတင့်စိုးလင်း** (မန်နေဂျင်းဒါရိုက်တာ ရွှေပုစွန်ကုမ္ပဏီလီမိတက်၊ ပွင့်ကောင်းနှင့်ခင်နွဲ့ရီကုမ္ပဏီလီမိတက်) အား သာသနာတော်ချီးမြှင့်ထောက်ပံ့ခြင်းဆိုင်ရာ အမြင့်ဆုံးဘွဲ့ဖြစ်သည့် "အဂ္ဂမဟာသီရိသုဓမ္မမဏိဓဇောတရေ"ဘွဲ့တံဆိပ်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် အမျိုး၊ ဘာသာ၊ သာသနာအကျိုးကို ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း စိန်ပန်းမဟာစည်ရတနာပုံ သာသနာ့ရိပ်သာ၊ ရတနာပုံဝိပဿနာအသင်းနှင့် ဝိသာခါအမျိုးသမီးအသင်းတို့မှ ဝမ်းမြောက်ဂုဏ်ယူစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ရတနာပုံဝိပဿနာအသင်းနှင့်
ဝိသာခါအမျိုးသမီးအသင်း
မဟာစည်ရတနာပုံ သာသနာ့ရိပ်သာ
စိန်ပန်း၊ မန္တလေးမြို့

# အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း

မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသက်လွင်သည် နိုင်ငံတော်မှ ချီးမြှင့်သည့် သိပ္ပံပညာထူးချွန်တံဆိပ် (ပထမဆင့်) ပညာရပ်ဆိုင်ရာ ချီးမြှင့်ခံရသည့်အတွက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆတက်ထမ်းပိုးတိုး၍ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

စိန်ဒိုင်းမွန်းသင်္ဘောဆေးကုမ္ပဏီလီမိတက်
ဦးတင်လတ် - DR. စန်းစန်းဝင်း

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၂ ခုနှစ် (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ ဖြင့်

၁။ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ဦးတင်မောင် (စန္ဒီပရဆေး) (လှူမှုထူးချွန်)

၂။ အဂ္ဂမဟာသီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ဒေါက်တာဒွေးဒွေးရီ (ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

၃။ သီရိသုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်ချီးမြှင့်ခံရသော ဒေါ်မိုးပြည့်ပြည့်ဖြိုး (မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

၄။ စေးယျာစက်မှုစီးပွားထူးချွန်ဆု (ဒုတိယဆင့်) ချီးမြှင့်ခံရသော ကိုကျော်သက်နိုင် (ရှပ်ပို့တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

၅။ စေးယျာစက်မှုစီးပွားထူးချွန်ဆု (ဒုတိယဆင့်) ချီးမြှင့်ခံရသော ဦးမြင့်ဇော် (အေးငြိမ်းသီတာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)

တို့အား မိသားစုနှင့်ထပ်တူ ဝမ်းမြောက် ဂုဏ်ယူပါကြောင်းနှင့် နောင်တွင်လည်း ယခုကဲ့သို့ လူမျိုး၊ ဘာသာ၊ သာသနာ၏ အကျိုးကို ပိုမိုထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်း
ရန်ကုန်တိုင်းဒေသကြီး


သစ် တော မှန် လျှင် အ သုံး ဝင်၊ အ စဉ် ထာ ဝ ရ ထိန်း သိမ်း ကြ

# ဂုဏ်ယူဝမ်းမြောက်စွာ ဆုမွန်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ မဟာသုဝဏ္ဏကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော် **ဘဒ္ဒန္တဇနိန္ဒ (သာသနဓဇဓမ္မာစရိယ-မဟာအကျော်)**အား (၇၃)နှစ်မြောက် (လွတ်လပ်ရေးနေ့)တွင် နိုင်ငံတော်သမ္မတက ဂန္ထဓုရပရိယတ္တိဝန်ဆောင်အမြင့်ဆုံး ပထမစာချဘွဲ့ဖြစ်သော **"အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်ကြည်နူးပီတိဖြစ်ရပါကြောင်းနှင့် သက်ရှည် ကျန်းမာချမ်းသာစွာဖြင့် ဆရာအရှင်၏ သစ်တစ်ပင်မှ တောတစ်အုပ်သို့ ဖန်တီးခြင်းလုပ်ငန်းစဉ်များ အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်ဘုရား။

ဟင်္သာတမြို့ ၊ အမတဒါယီစာသင်တိုက်၊ တပည့်များ (၁၃၄၇ – ၅၃)
ဒီပဲယင်းမြို့ ၊ ကြူတောအ.လ.က(တွဲ)၊ တပည့်များ(၁၃၅၅ – ၆၇)
သုဝဏ္ဏ၊ မဟာသုဝဏ္ဏကျောင်းတိုက်၊ တပည့်များ(၁၃၆၈ – ၈၂)

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်၏ နာယက ဝဏ္ဏကျော်ထင်စည်သူ **ဦးအောင်ကိုဝင်းသည်** ၂၀၂၁ခုနှစ် ဇန်နဝါရီလ (၄)ရက် (၇၃)နှစ်မြောက် (လွတ်လပ်ရေးနေ့)၌ ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်ခြင်းအခမ်းအနားတွင် ပြည်ထောင်စုစည်သူ သင်္ဂဟဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် **"သရေစည်သူ"**ဘွဲ့ကို ပေးအပ်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးပင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

**ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းချုပ်**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် သမ္မတရုံး၏ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့ တွင် အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၂၁) ဖြင့် ဦးတင်ကိုကို (ဥက္ကဋ္ဌ အထက်မြန်မာပြည်ဂေါက်သီးအဖွဲ့ချုပ်ဆပ်ကော်မတီ)၊ Shining Star Gems & Jewellery နှင့် Top Star Car Showroom ၏ ဇနီးဖြစ်သူ ဒေါ်အေးသီတာအား သီရိသုဓမ္မသိင်္ဂီဘွဲ့ကို ထိုက်ထိုက်တန်တန် ချီးမြှင့် အပ်နှင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါသည်။

နာယကများ၊ ဥက္ကဋ္ဌနှင့်
ဗဟိုအလုပ်အမှုဆောင်များ
မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်

MYANMAR GOLF FEDERATION

ရတနာ

သစ်တော

ပြည့်

သွေးကြော

သစ်တော

ရတနာ

ထိန်းသိမ်း

ပါ

ဥ တု ရာ သီ တော ကို မီ ၏

## ကျေးဇူးအထူးတင်ရှိခြင်း
## ဗိုလ်မှူးကြီးခင်မောင်လင်း (ငြိမ်း) [O.T.S-58]

၁၄-၁၁-၂၀၂၀ ရက် (စနေနေ့)တွင် ကွယ်လွန်သွားခဲ့သော ဗိုလ်မှူးကြီးခင်မောင်လင်း (ငြိမ်း)၏ နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ ကူညီပေးခဲ့ကြသော နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးချုပ်ညီထွန်း(ငြိမ်း)၊ ဗိုလ်လောင်းသင်တန်းအပတ်စဉ်(၅၈)မှ သူငယ်ချင်းများနှင့်ဇနီးများ၊ မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အကောက်ခွန်ဝန်ထမ်းဟောင်းများနှင့် နေပြည်တော်မှ ဗိုလ်မှူးခင်မောင်ဝင်း(ငြိမ်း)နှင့် အကောက်ခွန်ဝန်ထမ်းများ၊ ငယ်သူငယ်ချင်းမိတ်ဆွေများ၊ ဝမ်းနည်းကြောင်းအားပေးစကား ပြောကြားပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများကို အထူးကျေးဇူးတင်ရှိပါသည်။

**ဇနီး ဒေါ်အိအိလွင်**
**သား မောင်ပြည့်ဖြိုး**
**သမီး မပြည့်မိုမို**
**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒုဗိုလ်မှူးကြီးညီစိုး (ငြိမ်း) (ကြည်း-၁၂၆၁၆)
### ညွှန်ကြားရေးမှူး(ပြည်ထဲရေးဝန်ကြီးဌာန)
### ဥက္ကဋ္ဌ ပုလဲမွန်အိမ်ရာ စီမံခန့်ခွဲရေးကော်မတီ
### အသက်(၇၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ (၆၅)ရပ်ကွက်၊ ပုလဲမွန်အိမ်ရာ၊ တိုက်အမှတ်(၁၄)၊ အခန်းအမှတ်(၀၀၄)နေ ဒေါ်တင်တင်ယု၏ခင်ပွန်း ဦးညီစိုး (ဥက္ကဋ္ဌ၊ ပုလဲမွန်အိမ်ရာ စီမံခန့်ခွဲရေးကော်မတီ) အသက်(၇၀)သည် ၅-၁-၂၀၂၂ (အင်္ဂါနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ဥက္ကဋ္ဌကြီး ကောင်းရာသုဂတိလားပါစေ။

**ပုလဲမွန်အိမ်ရာ စီမံခန့်ခွဲရေးကော်မတီနှင့်**
**ပုလဲမွန်အိမ်ရာနေထိုင်သူများ**

## (၂၃)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဒုတိယဗိုလ်ချုပ်ကြီးစိန်အောင် (ငြိမ်း)

တုနှိုင်းမမှီသော အနန္တကျေးဇူးရှင် ဖခင်ကြီးကွယ်လွန်ခဲ့တာ ယနေ့ ၉-၁-၂၀၂၂ နေ့မှာ (၂၃)နှစ်တိတိ ပြည့်ခဲ့ပါပြီ။ ကြီးမားလှသော ဖေဖေ့ရဲ့ကျေးဇူးတရားများကို ယနေ့ထက်တိုင် တစ်နေ့မှ မေ့မရပါ။ ပေးဆပ်၍ မကုန်နိုင်တဲ့ ဖေဖေရဲ့အေးမြလှသော မေတ္တာတရားကျေးဇူးများကို ရည်စူးပြီးနေ့စဉ်၊ လစဉ်၊ နှစ်စဉ်ပြုလုပ်ခဲ့သည့် အလှူဒါနများ၊ ယနေ့(၂၃)နှစ်ပြည့်မှာ နှင်းဆီကုန်းဘိုးဘွားရိပ်သာနှင့်သဃ်န်းကျွန်းရတနာပုံရိပ်ငြိမ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင်ပြုလုပ်သည့် အလှူဒါန၊ ကောင်းမှုကုသိုလ် အစုစုများကို ဖေဖေ့အား အမျှပေးဝေပါသည်။

မြင့်မြတ်အေးချမ်းသော ဘုံဘဝမှာ သာစုခေါ်ပါဖေဖေ---

**ချစ်ဇနီး သီရိသုဓမ္မသိင်္ဂီ ဒေါ်ခင်သိန်းနှင့်**
**ချစ်သားသမီး၊ မြေးတစ်စု**

### ရေဒီယို၊ ရုပ်ရှင်၊ ရောင်းတမ်းခေတ်ပြား
## တေးသံရှင် ဒေါ်ကြည်ကြည်ဝင်း (Rosie Ohn)
### (St. Francis)
### မြန်မာ့မီးရထား (ငြိမ်း)
### အသက်(၇၄)နှစ်

ဖျာပုံမြို့နေ [နယ်ပိုင်ဝန်ထောက်မင်း ဦးဘအုန်း (A.T.M)-ဒေါ်သိန်းညွန့်]တို့၏ သမီးထွေး၊ ရန်ကုန်မြို့နေ (ပဒေသာဦးမျိုးလှိုင်-ဒေါ်တင်တင်လှိုင်)တို့၏ သမီးချွေးမ၊ (ဦးထွေးအုန်း-ဒေါ်သန်းရီ)၊ (ဒေါ်ခင်သီတာ-ဦးခင်ဝင်း)တို့၏ ညီမထွေး၊ မော်လမြိုင်မြို့နေ ဦးသန်းဦးလှိုင်-ဒေါ်သီသီချိုတို့၏ ခယ်မ၊ ရန်ကုန်မြို့၊ ၅ မိုင်ခွဲ၊ မြကန်သာ(၁)လမ်းနေ ဒေါ်မြင့်မြင့်လှိုင် (ဒေါက်တာဦးချစ်ညီညီ)တို့၏ ယောက်မ၊ ရန်ကုန်မြို့၊ (၂၃၈/ဘီ)၊ (၅/အေ၊ ပြည်လမ်း၊ မြေနီကုန်း(တောင်)စမ်းချောင်းမြို့နယ်နေ စန္ဒရားတင်ဝင်းလှိုင်၏ ဇနီး၊ ဒေါ်ဝင်းလဲ့လဲ့၊ ဒေါ်ဝင်းသွဲ့သွဲ့တို့၏ မိခင်သည် ကိုဗစ်ရောဂါဖြင့် ၃၀-၁၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁၂-၂၀၂၀ ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြင့်
## အသက်(၈၅)နှစ်

ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊ သုမင်္ဂလာအိမ်ရာ၊ သုနန္ဒာ (၄)လမ်း၊ ခြံအမှတ်(၅၅/A)နေ ဦးခင်လှိုင်၏ ဇနီး၊ ဒေါက်တာ ဉာဏ်သစ်လှိုင်-ဒေါက်တာသန်းသန်းခိုင်တို့၏မိခင် ဒေါ်ခင်မြင့် အသက်(၈၅)နှစ်သည် ၇-၁-၂၀၂၂(ကြာသပတေးနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် ၉၆ ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ **Proven Group of Companies**

## အထူးကျေးဇူးတင်ရှိခြင်း
## ဦးသာမြ (B.P.I)
### အသက်(၈၇)နှစ်

၂၆-၁၂-၂၀၂၀ (စနေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားသော ဖခင်ကြီး ဦးသာမြအား နာမကျန်းဖြစ်စဉ် ဆေးကုသခွင့်ပေးခဲ့ပါသော အမှတ်(၂)တပ်မတော်ဆေးရုံ၊ ဆေးရုံအုပ်ကြီး ဗိုလ်မှူးချုပ်စိန်လင်း၊ အထူးကြပ်မတ်ဆောင်နှင့် သာမန်အဆောင်တွင် ပြုစုကုသပေးခဲ့ပါသော ပါမောက္ခဆရာမကြီး ဒေါ်ဥမ္မာစောနှင့် ဆေးဝန်ထမ်းများ၊ အချိန်ပြည့် အနီးကပ်ပြုစုပေးခဲ့ပါသော မိသားစုဆရာဝန် ဦးတင်မောင်အေး၊ နေ့ညမရွေးပြုစုပေးခဲ့ပါသော သူနာပြုဝန်ထမ်းများ၊ လိုအပ်သောအောက်ဆီဂျင်အိုးများ စဉ်ဆက်မပြတ် ကူညီပေးခဲ့သော (မာဃ)အောက်ဆီဂျင် ဇီဝိတဒါနကုသိုလ်ပြုအဖွဲ့ (အခမဲ့)ကုသိုလ်ဖြင့် ကူညီရေး၊ ဖခင်ကြီးအားရည်စူး၍ လှူဖွယ်ပစ္စည်းများပေးပို့ခြင်း၊ နာရေးသတင်းမေးမြန်းခြင်း၊ လူကိုယ်တိုင်မလာရောက်နိုင်သော်လည်း၊ ဖုန်းဖြင့် သတင်းမေးမြန်းကြသူ ဆွေမျိုးမိတ်သင်္ဂဟများ၊ မေတ္တာဖြင့် ကူညီပေးပါသော လူမှုရေးအသင်း(ဗဟန်း)နှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်မြင့်
## အသက်(၈၅)နှစ်

အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်မှ ဒုဥက္ကဋ္ဌ ဦးစိန်သစ်နှင့် အထွေထွေအတွင်းရေးမှူး ဒေါက်တာဉာဏ်သစ်လှိုင်တို့၏ မိခင် ဒေါ်ခင်မြင့်သည် ၇-၁-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒေါက်တာခင်ရွှေနှင့် ဒါရိုက်တာအဖွဲ့**
**အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၁၁-ခ)နှင့် (၅၁၉-က)၊ လှည်းကူးမြို့နယ်၊ ကြာအင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၈၇)၊ ကလီထော်အနောက်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၉၇၇)တွင်ရှိသော ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်/ငါး မွေးမြူ ရေး အထူးဇုန်(၃)၊ မြေကွက်ကြီးအမှတ်(၁၂၅)၊ မြေဧရိယာ(၅)ဧက (တစ်ယူနစ်)ရှိ အမှတ် (၁၂၅)၊ C.8 လမ်း၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံများ၊ သီးပင်စားပင်စိုက်ပျိုးပြီး အပင်များ၊ ပါဝါမီတာ အပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဒေါ်အိအိဖြိုး [၁၂/ဥကမ(နိုင်)၂၀၇၁၂၅]ထံမှ အထူးကိုယ်စားလှယ်လွှဲစာ လက်ခံရရှိထားသူ ဒေါ်နီ[၁၂/မရက(နိုင်) ၁၄၁၇၃၇]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)**
**LL.B.,DBL,DML,DIL, DLP, WIPO (Switzerland)**
**ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)**
**B.Sc,Hon (IC),HGP,R.L.,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel 294766 HP:09-5017044**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ခင်မြင့်
### အသက်(၈၅)နှစ်

1985-95 Batch ဆေးတက္ကသိုလ်(၁)မှ သူငယ်ချင်း ဒေါက်တာဉာဏ်သစ်လှိုင်၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ခင်မြင့်သည် ၇-၁-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ သူငယ်ချင်းတို့ရဲ့ မိသားစုနှင့် အတူ စာနာစွာဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဆေးတက္ကသိုလ်(၁)85-95 Batch မှ သူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးပါပိတ်(ခ)ဦးကျော်လှိုင်
### ကန်ဟာတုန်ဘုံကျောင်း ဥက္ကဋ္ဌဟောင်း
### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံလမ်း၊ အမှတ်(၆၆)နေ ဒေါ်လှလှကြည်(ခ)ဒေါ်ချန်ခွန်တီ၏ ချစ်လှစွာသောခင်ပွန်း ဦးပါပိတ်(ခ)ဦးကျော်လှိုင်သည် ၁၈-၁၂-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးရွှေလှိုင်-ဒေါ်တင်အေး**
**ရွှေထီး ပုံနှိပ်တိုက်**

# ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုနန္ဒာ(၄)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ အမှတ်(၅၅/A)နေ Dr.ဦးဉာဏ်သစ်လှိုင်-Dr.သန်းသန်းခိုင်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မဝင့်ဖူးပန်(ခ)ခရစ္စတီးနားချန်၊ မောင်ဖြိုးဇေသစ်(ခ) အင်ဒရူးချန်တို့၏ ချစ်လှစွာသောအဘွား ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ခင်မြင့် အသက်(၈၅)နှစ် သည် ၇-၁-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၄၀ နာရီတွင် (၉၆)ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဉာဏ်ထွန်း**
**ရောင်းဝယ်ရေး**

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

ဘုရား၊ ကျောင်း ဒါယကာကြီး

## ဦးလှမြင့် (BE.Mech–72)

**Myanmar Ocean View Co.,Ltd**

### အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချို (၁)ရပ်ကွက်၊ ဗိုလ်ချိုလမ်း၊ ခြံအမှတ်(၁၁)နေ ဒေါ်မေရီ၏ ခင်ပွန်း၊ မောင်မောင်ကြီး၊ မမြတ်သဇင်၊ မောင်မောင်လေး–မသင်းသင်းကြည်တို့၏ ချစ်လှစွာသောဖခင်၊ မဆုပြည့်ရတနာ၏ ချစ်လှစွာသောအဘိုးသည် ၈–၁–၂၀၂၁ (သောကြာနေ့) နံနက် ၆:၃၀ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀–၁–၂၀၂၁ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးယူနန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၄–၁–၂၀၂၁ (ကြာသပတေးနေ့) နံနက် ၅နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ကြူးဝိုးမှိန်(ခ)ဦးကျော်စိန်

### အသက်(၆၃)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ သံလမ်း၊ အမှတ်(၁၆၉)၊ အခန်း(၆/က)နေ (ဦးတန်ဟိုချင်း–ဒေါ်လင်ငွေကြူး)တို့၏ သား၊ (ဦးဇော်–ဒေါ်ငုတ်ရှိန်)တို့၏ သားသမက်၊ ဒေါ်မေနွေး၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုဝင်းထက်–မသူဇာမိုး၊ ကိုအောင်ကျော်ဖြိုးတို့၏ ဖခင်၊ မောင်အောင်ပိုင်ဖြိုး၏ အဘိုးသည် ၇–၁–၂၀၂၁ ရက် နံနက် ၁၂:၅၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ကြည်ကြည်လွင်

**ရုံးအုပ် (ငြိမ်း)**

**အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ ငွေစာရင်းဌာနခွဲ**

### အသက်(၆၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်သစ်ရပ်ကွက်၊ အောင်ဇေယျ(၄)လမ်း(ယာ)၊ အမှတ်(၃၂/ခ)နေ (ဦးထွန်းစိန်)–ဒေါ်စန်းရီတို့၏ သမီး၊ ဒေါ်သီသီလွင် (နတခ–ငွေ–ငြိမ်း)၊ ဦးခင်မောင်လွင်–ဒေါ်မြနှင်းဆီ၊ ဦးခင်မောင်ထွန်း–ဒေါ်ကြည်ကြည်လွင်တို့၏ အစ်မ၊ မမေသူငြိမ်းချမ်း၊ မကြည်ဖြူစင်တို့၏ ချစ်လှစွာသောအဒေါ်သည် ၈–၁–၂၀၂၁ (သောကြာနေ့) နံနက် ၁:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၁–၂၀၂၁ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ခင်မြင့်

### အသက်(၈၅)နှစ်

Myanmar Japan Thilawa Development Limited (MJTD)၏ ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာဦးဉာဏ်သစ်လှိုင်၏မိခင်ဖြစ်သူ ဒေါ်ခင်မြင့်သည် ၇–၁–၂၀၂၁ (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ အမှုဆောင်နှင့် ဝန်ထမ်းများ**

**Myanmar Japan Thilawa Development Limited (MJTD)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဒေါ်သန်းညွန့်

### အသက်(၆၉)နှစ်

ဗိုလ်မှူးဇော်မျိုးထိုက်(ငြိမ်း) – ဒေါ်သွယ်သွယ်ညွန့် (Rainbow Bridge Distribution Co.,Ltd.)တို့၏ မိခင် ဒေါ်သန်းညွန့်သည် ၆–၁–၂၀၂၁ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**MD နှင့် ဝန်ထမ်းများ**

**Rainbow Bridge Distribution Co.,Ltd.**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးဝင်းအောင်

### အသက်(၆၄)နှစ်

ဒေါ်သန်းသန်းလွင်၏ခင်ပွန်း ဦးဝင်းအောင်သည် ၆–၁–၂၀၂၁ ရက်နေ့ နံနက် ၅:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**Famous Group Of Companies**

---

## ဦးကိုကိုလေး

**ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)**

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဌာန**

### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၃)ရပ်ကွက်၊ ရွှေဝါထွန်း (၁)လမ်း၊ အမှတ် (၁၇၃)နေ (ဦးဘိုးအင်–ဒေါ်သန်း)တို့၏ သားငယ်၊ ဦးကိုကိုကြီး၏ ညီ၊ (ဒေါ်အမာ)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးမောင်မောင်ဇော်လေး)– ဒေါ်နီနီကျင်၊ ဦးလှထွဋ်လေး–ဒေါ်အေးမြင့်ရီ၊ ဦးမောင်မောင်နိုင်လေး၊ (ဦးချိုဦး)–ဒေါ်မြတ်မြတ်ချိုလေး၊ (ဦးထွန်းလွင်)–ဒေါ်ဝါဝါချိုလေးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးရှစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘိုးသည် ၇–၁–၂၀၂၁ (ကြာသပတေးနေ့) နံနက် ၉:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၅ နာရီတွင် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

## ဦးလှိုင်နယ်ဝင်း

**အငြိမ်းစားမြန်မာစိုက်ပျိုးရေးလုပ်ငန်း (မြေအသုံးချရေးဌာန)**

### အသက်(၈၄)နှစ်

ညောင်လေးပင်မြို့နေ (ဖခင်စောဦးဝင်းထိန်–ဒေါ်ဖီး)တို့၏ သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက်(၈/၄)၊ အခန်း(၁၄)၊ ရန်အေးအိမ်ရာနေ (ဒေါ်ဂျက်နက်)၏ ခင်ပွန်း၊ ဒေါ်နန်းစီ–(ဦးစီအိုလာ)တို့၏ မောင်၊ ဦးရှူးဖက်၊ ဒေါ်အဲလစ်စဘက်၊ ဦးခဲနေ–ဒေါ်စန်းမြင့်၊ ဦးထားပိုး၊ ဒေါ်အိုင်းရစ်–ဦးဘောဘောတို့၏အစ်ကို၊ ဦးစောပယ်ရီဝင်း–ဒေါ်စကားဝါ၊ ဦးစောကယ်ရီဝင်း–ဒေါ်အမ်ဆင်း၊ နော်အောလစ်ဝင်းတို့၏ ဖခင်၊ မဆင်းလပြည့်ဝင်း၊ မောင်ထက်လင်းတို့၏ အဘိုးသည် ၇–၁–၂၀၂၁ (ကြာသပတေးနေ့) ညနေ ၃:၄၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၉–၁–၂၀၂၁ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံသုသာန်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်ဆွေအားလုံးအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူခြင်း

## ဟာဂျီဦးဘချို(ခ)ဂိုလမ်ဟူစိန်

**ဆရာဦးဘချို (သင်္ချာနည်းပြ)**

### အသက်(၇၄)နှစ်

**B.Sc (Physics), H.G.P,R.L, D.B.L**

**ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့**

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နေ (ရှေ့နေဦးဘဇီ–ဒေါ်ခင်လေး)တို့၏ သား၊ (ဦးဟူစိန်–ဒေါ်စောရီ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ အမှတ်(၁၅၈)နေ ဟာဂျီမဒေါ်လီလီမာ(ခ)ဒေါ်သင်းသင်းခိုင်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးခင်မောင်ဆွေ–ဒေါ်မင်းမင်းချို)၊ ဟာဂျီဦးသက်နိုင်ဦး–ဟာဂျီမဒေါ်ခင်မာလာ၊ ဒေါ်ချိုချိုလွင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ခင်မောင်ဦး–မဂျူလိုင်မိုးပွင့်၊ မောင်နိုင်ရဲမင်း၊ မောင်ကောင်းမြတ်နိုင်၊ မောင်ဟိန်းထက်တို့၏ ချစ်လှစွာသောအဘိုး၊ မြစ်နှစ်ယောက်တို့၏ ဘိုးဘိုးသည် ၇–၁–၂၀၂၁ ရက်တွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ဒါဖနာပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**အဘဒေါက်တာမင်းသိခ်၏တပည့်အရင်း**

**တဲရော့ဗေဒလက္ခဏာ ပညာရှင်**

## ဆရာကြီး အာကာမိုး(ခ)ဦးဝင်းစိန်

### အသက်(၆၇)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ (၁၀)လမ်းနေ ဦးသီဟဇော်–ဒေါ်အိစံ၊ အမှတ်(၄၃)၊ ဘုရင့်နောင်လမ်းသွယ်၊ (၃)ရပ်ကွက်နေ မောင်ကောင်းထက်၏ ဖခင်၊ မမေမွန်သိခ်၏ အဘိုး၊ ဒေါ်ရီရီတင့်၏ ခင်ပွန်းသည် ၇–၁–၂၀၂၁ (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် ၉၆ ပါးသောရောဂါဝေဒနာဖြင့် ကွယ်လွန်သွားပါသဖြင့် ၉–၁–၂၀၂၁ (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃–၁–၂၀၂၁ (ဗုဒ္ဓဟူးနေ့) နံနက်ပိုင်းတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၃)ရပ်ကွက်၊ (၁၀)လမ်း၊ တိုက်(၃)၊ အခန်း(၄) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## မခင်မြန်မာသွေး

**UEC Private School Yangon**

**Grade –3**

### အသက်(၁၁)နှစ်

ရန်ကုန်မြို့၊ အမှတ်(A–1)၊ အခန်း(3)၊ အနော်ရထာအိမ်ရာ၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်နေ [ဦးမင်းအောင်(ခ)ဦးမြင့်လွင်]–ဒေါ်ဝေဝေတင်တို့၏ ဒုတိယမြေး၊ ဒေါ်ဝေရည်မင်းအောင်၏ သမီး၊ ကိုအာကာဟိန်း–မရည်မွန်မင်းအောင်တို့၏ တူမ၊ မခင်မြတ်နိုး၏ ညီမ၊ သားသား၏ အစ်မသည် ၇–၁–၂၀၂၁ (ကြာသပတေးနေ့) နံနက် ၉ နာရီတွင် ရန်ကင်းကလေးဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉–၁–၂၀၂၁ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း

## ဘဒ္ဒန္တခေမိန္ဒ (ဦးမောင်ကျော်မြ)

**သိက္ခာတော်(၂၉)ဝါ၊ သက်တော်(၉၅)နှစ်**

**မင်္ဂလာသီရိ၊ မဟာသတိပဋ္ဌာန်ကျောင်းတိုက်**

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ပုလဲမြို့သစ်၊ ဉာဏရပ်ကွက်၊ မြတ်လေးလမ်း၊ မင်္ဂလာသီရိ မဟာသတိပဋ္ဌာန်ကျောင်းတိုက်တွင် သီတင်းသုံးလျက်ရှိသော (ခမည်းတော်ဦးဘိုးလှ–မယ်တော်ဒေါ်ငွေဇာဦး)တို့၏သားတော်၊ (ဦးမောင်ကျော်သာ–ဒေါ်ဦးသောင်းစိန်)၊ ဒေါ်ရူပမာလာ(ဒေါ်ရွှေသိန်း)၊ ဦးထွန်းလှိုင်–ဒေါ်မလှအေး၊ ဦးကျော်ဝင်း–ဒေါ်လှနုစိန်၊ ဦးဘသန်း–ဒေါ်သန်းသန်းအေး၊ ဦးကျော်လှိုင်–ဒေါ်ဖြူဖြူ၊ ဦးလှမောင်သိန်း–ဒေါ်တင်တင်ကျော်တို့၏ ဖခမည်းတော်၊ မကြည်ကြည်မြိုင်၊ မောင်သိန်းအေး–မလှကျော့သိန်း၊ မောင်ကျော်နိုင်စိုး–မရီရီဝင်း၊ မောင်ဇော်ထွန်းဦး–မမြတ်အေးသွယ်၊ မောင်သိန်းထိုက်ဦး၊ မောင်သန်းထိုက်ဦး၊ မောင်မင်းမင်းထိုက်၊ မောင်မင်းသီဟထွန်း–မယုယုဝေ၊ မောင်အောင်ကျော်မင်း၊ မဝင်းယမင်း၊ မောင်ဖွဲ့မင်းအောင်တို့၏ အဘိုးရှင်၊ မအေးပြည့်စုံ၊ မောင်သားထူးတို့၏ အဖီးရှင်သည် ၇–၁–၂၀၂၁ (ကြာသပတေးနေ့) ည ၉:၁၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ၈–၁–၂၀၂၁ (သောကြာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်မွေး(ခ)KHAW KIM POAY

### အသက်(၉၂)နှစ်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်–အင်းစိန်လမ်း၊ တိုက်(၂)၊ အခန်း(6–B)နေ (KHAW KENG HOCK–TAY KIM HONE)တို့၏ သမီး၊ [ဦးကျော်ခင်(ခ)ရှောင်ဘိန်ရှူး]၏ ဇနီး၊ ဦးဇော်ဝင်း–ဒေါ်သန်းနွဲ့(မင်္ဂလာဈေး)၊ ဦးတင်ဝင်း–ဒေါ်အေးအေးမြင့် (USA)၊ (ဦးလှဝင်း)–ဒေါ်ခင်စောညို၊ ဦးမောင်နီ–ဒေါ်မြမြစန်း (USA)၊ ဦးမျိုးအောင်–ဒေါ်ခင်အေးဟန်တို့၏ မိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၇–၁–၂၀၂၁ (ကြာသပတေးနေ့) နံနက် ၁၂:၂၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၉–၁–၂၀၂၁ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေး(ဖူကျင့်)သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ညိမ်း

### အသက်(၈၇)နှစ်

မိတ္ထီလာမြို့၊ မလှိုင်မြို့နယ်၊ ဖျောက်ဆိပ်ကုန်းကျေးရွာနေ (ဦးမြ–ဒေါ်ညိုလုံး)တို့၏ သား၊ (ဦးအောင်မြ–ဒေါ်ရွှေဝိုင်း)၊ (ဦးညီပု–ဒေါ်ကြင်မြိုင်)တို့၏ ညီ/မောင်၊ (ဦးအောင်ချစ်–ဒေါ်ခင်လေး)တို့၏ အစ်ကို၊ ဦးခင်ဇော်–ဒေါ်နန်းခမ်းစု၊ ဦးနေဝင်းထွန်း–ဒေါ်အေးအေးမြင့်၊ ဦးထွန်းဦး–ဒေါ်ငွေငွေမြင့်၊ ဦးဝင်းမြင့်–ဒေါ်ခင်မိုးကြည်၊ ဦးမောင်မောင်နိုင်–ဒေါ်ချိုချိုလွင်၊ (ဦးမျိုးမြင့်)၊ ဒေါ်ခိုင်ခိုင်ဝင်း၊ ဦးဇော်ဝိတ်–ဒေါ်မြင့်မြင့်အေး၊ ဦးမျိုးဇော်–ဒေါ်ငယ်ငယ်ထွေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး ၂၆ ယောက်၊ မြစ် ၁၀ ယောက်တို့၏ အဘိုး၊ တောင်ကြီးမြို့၊ ညောင်ပင်သာရပ်ကွက်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အမှတ်(ည/၆)နေ [ဒေါ်ခင်ရီ(ခ)ဒေါ်နန်းမြရီ]၏ ချစ်လှစွာသောခင်ပွန်းသည် ၈–၁–၂၀၂၁ (သောကြာနေ့) နံနက် ၁၁:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀–၁–၂၀၂၁(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့၊ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## အနိစ္စ

**သင့်**

**သွေးဖြင့်**

**အသက်ကယ်ပါ**

---

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းညွန့်

### အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၅)ရပ်ကွက်၊ ဖိုးရာဇာလမ်း၊ အမှတ်(၃၆)နေ ဆရာဦးညွန့်ဟံ (ညွန့်ဟံ–ကြူတော)တာဝန်ခံစာတည်း(ငြိမ်း)၊ စာပေဗိမာန်ရုံး၏ ဇနီးဖြစ်သူ ဒေါ်သန်းညွန့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်နှင့်**

**စာပေဗိမာန်ရုံးမိသားစု**

---

ဘုရား၊ ကျောင်း ဒါယကာကြီး

## ဦးအောင်ငွေး

### အသက်(၆၂)နှစ်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ အနောက်မန်ကျည်းကန်ကျေးရွာနေ (ဦးထွန်းတင်)–ဒေါ်စောဆင့်(ခ)ဒေါ်ဖွားတို့၏ သား၊ (ဦးအုန်းမောင်)–ဒေါ်အေးစောတို့၏ သားသမက်၊ ဦးကျော်ငွေး၏ညီ၊ ဦးကျော်အောင်–ဒေါ်နန်းစန္ဒာအေး၊ ဦးသိန်းငွေး–ဒေါ်ခင်ချိုဝင်း၊ ဦးသိန်းထွေး၊ ဦးသိန်းထူး–ဒေါ်ဆွေဆွေဦးတို့၏ အစ်ကိုကြီး၊ ကိုအာကာအောင်–မငွေးလွင်လွင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မောင်ဉာဏ်လင်းထက်၏ အဘိုး၊ လှိုင်သာယာ(အနောက်)မြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၃၀၈/ခ)နေ ဒေါ်ခင်တုတ်၏ ချစ်လှစွာသောခင်ပွန်း ဦးအောင်ငွေးသည် ၆–၁–၂၀၂၁ ရက် နံနက် ၀၀:၁၅ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်အား ၇–၁–၂၀၂၁ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၂–၁–၂၀၂၁ (အင်္ဂါနေ့) နံနက်တွင် လှိုင်သာယာမြို့နယ်၊ (၁၃)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၃၀၈/ခ) ဒေါ်ခင်တုတ်၏ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဇန်နဝါရီ ၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၇၁၁ ဦး တွေ့ရှိ

**COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၈-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၇-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၂၀,၁၆၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၁၁)ဦး တွေ့ရှိရပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၈-၁-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) | (၁,၀၇၁) ခု | (၆၅) ဦး |
| ဆေးသုတေသနဦးစီးဌာန (ရန်ကုန်) | (၄၀၀) ခု | (၂၀) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) | (၄၄၇) ခု | (၆၁) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) | (၂၀၀) ခု | (၄) ဦး |
| ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (တောင်ကြီး) | (၂၁၀) ခု | (၆) ဦး |
| ဆေးတက္ကသိုလ် (၁) (ရန်ကုန်) | (၉၁) ခု | (၂၅) ဦး |
| ရန်ကုန်မြို့ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၅၄၁) ခု | (၁၇) ဦး |
| စစ်တွေမြို့ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၇) ခု | (၃) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၂) ခု | (၈) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃) ခု | (၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၃၈) ခု | (၁၁၁) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၁၆၄) ခု | (၃၈၉) ဦး |
| **စုစုပေါင်း** | **(၂၀,၁၆၄) ခု** | **(၇၁၁) ဦး** |

စာမျက်နှာ ၁၆ ကော်လံ ၄ သို့ ✻

# ဖျားနာကုအခမဲ့ဆေးခန်းများသို့ လာရောက်ပြသူ သိသိသာသာလျော့နည်း

**ရန်ကုန် ဇန်နဝါရီ ၈**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၉ မြို့နယ်၌ ဖွင့်လှစ်ထားသော လူထုအခြေပြု ဖျားနာကုအခမဲ့ဆေးခန်းများသို့ လာရောက်ပြသသည့် လူနာဦးရေမှာ ပြီးခဲ့သည့် ရက်သတ္တသုံးပတ်အတွင်း သိသိသာသာလျော့နည်းသွားကြောင်း ဖျားနာကုဆေးခန်းများကွန်ရက်(ရန်ကုန်)မှ သိရသည်။

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ❍



**ကြေးမုံ ယနေ့ ဖတ်စရာ**


ရခိုင်ပြည်နယ် ဘက်စုံလွှမ်းခြုံသော ပညာရေးစီမံကိန်း (မူကြမ်း)နှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ » ၈

- - - - - - - - - - - - -

ရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်ကြောင့် ရေရှားပါးလာမှုကို ဖြေရှင်းနိုင်ရန် ရေရရှိရေးဆောင်ရွက်နေသည့် လုပ်ငန်းများ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

စာမျက်နှာ » ၉

- - - - - - - - - - - - -

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေး သတင်းမီဒီယာများနှင့် တွေ့ဆုံပြီး နိုင်ငံတော်၏ လတ်တလောအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြား

စာမျက်နှာ » ၁၄


# စပါးအသင်းက တိုက်စစ်မှူး ပါရီဆစ်ကို အငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆွေးနွေးလျက်ရှိ

ပရီမီယာလိဂ်ကလပ် စပါးအသင်းဟာ အီတလီ စီးရီးအေကလပ် အင်တာမီလန်အသင်းရဲ့ တိုက်စစ်မှူး ပါရီဆစ်ကို အငှားစာချုပ်နဲ့ ခေါ်ယူ စာချုပ်ဖို့ ဆွေးနွေးလျက်ရှိတယ်လို့ သိရပါတယ်။

စပါးအသင်းအသင်းနည်းပြ မော်ရင်ဟို အနေဖြင့် အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး ပါရီဆစ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့အပြင် ယခုအပြောင်းအရွှေ့ကာလအတွင်းမှာ ခေါ်ယူနိုင်ဖို့လည်း စီစဉ်နေတယ်လို့ သိရပါတယ်။




တိုက်စစ်မှူး ပါရီဆစ်ဟာ ဖေဖော်ဝါရီလအတွင်းမှာ အသက် ၃၂ နှစ်ပြည့်တော့မှာဖြစ်တာကြောင့် အတွေ့အကြုံရင့်ကျက်တဲ့ တိုက်စစ်ကစားသမားတစ်ဦးကို ခေါ်ယူဖို့ စီစဉ်နေတဲ့ စပါးအသင်းအတွက်လည်း အကောင်းဆုံး ရွေးချယ်မှုဖြစ်လာဖို့လည်းရှိနေတာ ဖြစ်ပါတယ်။

ခရိုအေးရှားတိုက်စစ်မှူး ပါရီဆစ်ဟာ ရုရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ နိုင်ငံအသင်းအတွက် အကောင်းဆုံး ခြေစွမ်းပြကစားခဲ့တာ ဖြစ်ပါတယ်။ တိုက်စစ်မှူး ပါရီဆစ်ဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းမှာ အငှားစာချုပ်နဲ့ သွားရောက်ကစားခဲ့တဲ့အပြင် ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ချန်ပီယံလိဂ်ဖလားကိုလည်း ရယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

တိုက်စစ်မှူး ပါရီဆစ်ဟာ အခုနှစ် နွေရာသီကာလအတွင်းမှာ အင်တာမီလန် အသင်းဆီ ပြန်လည်ရောက်ရှိလာခဲ့ပြီး အင်တာမီလန်အသင်းနဲ့အတူ အခုနှစ်ဘောလုံးရာသီအတွင်းမှာ ၂၁ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့တဲ့အပြင် တခြားကစားသမားများ ဂိုးသွင်းနိုင်ဖို့လည်း သုံးကြိမ်အထိ ဖန်တီးပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ငွေကြယ်



# ဝန်းသိုမြို့နယ်၌ နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှု ဆောင်ရွက်

**ဝန်းသို ဇန်နဝါရီ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုကို ကြိုတင်ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် နှာခေါင်းစည်းဝတ်ဆင်ရေးလှုပ်ရှားမှုကို ယနေ့နံနက် ၇ နာရီခွဲက လူစည်ကားရာနေရာများတွင် ဆောင်ရွက်ခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

# လှိုက်လှဲစွာ အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၁ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်၊

(၇၃)နှစ်မြောက် (လွတ်လပ်ရေးနေ့) အခါသမယတွင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၏

အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၁)ဖြင့်

မဟာစည်သာသနာ့ရိပ်သာ၊ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်ဥက္ကဋ္ဌ

**ဒေါက်တာတင့်စိုးလင်း**

မန်နေဂျင်းဒါရိုက်တာ

ရွှေပုစွန်ကုမ္ပဏီလီမိတက် နှင့် ပွင့်ကောင်းနှင့်ခင်နွဲ့ရီကုမ္ပဏီလီမိတက် အား

သာသနာတော်ချီးမြှင့်ထောက်ပံ့ခြင်းဆိုင်ရာအမြင့်ဆုံးဘွဲ့ဖြစ်သည့်

"**အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ**" ဘွဲ့တံဆိပ်ကို

ထိုက်ထိုက်တန်တန် ချီးမြှင့်ခြင်းခံရသည့်အတွက် အတိုင်းထက်အလွန်

ဝမ်းမြောက်ရပါကြောင်းနှင့် သာသနာတော်၏အကျိုး၊

တိုင်းပြည်နှင့် လူမျိုးအကျိုးကို ဆတက်ထမ်းပိုး တိုး၍

ဆောင်ရွက်နိုင်ပါစေကြောင်း

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊ ဟိတေသီအဖွဲ့၊

အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့ တို့မှ

ဝမ်းမြောက်ဂုဏ်ယူစွာ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**မဟာစည်သာသနာ့ရိပ်သာ**

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်၊

ဟိတေသီအဖွဲ့၊

အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့။

# အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၁ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်၊ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
သမ္မတရုံးအမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၁ နှင့် ၂/၂၀၂၁ တို့ဖြင့်
ဂုဏ်ထူးဆောင်ဘွဲ့ဖြစ်သည့် "ဝဏ္ဏကျော်ထင်ဘွဲ့" ချီးမြှင့်ခြင်းခံရသော
**သား–အဂ္ဂမဟာသီရိသုဓမ္မဓဇောတဓရ ဦးဇော်မိုးခိုင်**
**CEO & Managing Director, Pacific-AA Group**

နှင့်

လူမှုဝန်ထမ်းဆိုင်ရာအမြင့်ဆုံးသာသနာနုဂ္ဂဟဘွဲ့ဖြစ်သည့်
"အဂ္ဂမဟာသီရိသုဓမ္မသီဂီဘွဲ့" ချီးမြှင့်ခြင်းခံရသော
**သမီး–ဒေါက်တာဇော်နေနွယ်**
**Deputy Managing Director, Pacific-AA Group**

တို့အား အထူးလိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နောင်တွင်လည်း သက်ရှည်၊ ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် မိသားစုနှင့်အတူ နိုင်ငံတော်အကျိုး၊ အမျိုးဘာသာသာသနာတော်အကျိုးတို့ကို ဆထက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းများတောင်းအပ်ပါသည်။

| | |
|---|---|
| ဖေဖေ၊မေမေ | ဦးမောင်မောင်အေး–ဒေါ်မြမြဝင်း |
| မကြီး | ဦးစိုးဝင်းလှိုင်–ဒေါ်နှင်းလဲ့လဲ့အေး |
| ကိုကို | ဦးထူးအောင်ကျော်–Mrs. Christina Koh |
| ညီမ | မသက်စု |

---

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၂၁ခုနှစ်၊ (၇၃)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတက ပေးအပ်ချီးမြှင့်သော
အရပ်ဘက်ဆိုင်ရာ စီးပွားရေးလုပ်ငန်းရှင်များတွင် ပထမဆုံးနှင့်အမြင့်ဆုံးဘွဲ့ဖြစ်သည့်
ပြည်ထောင်စုစည်သူသင်္ဂဟဂုဏ်ထူးဆောင်ဘွဲ့ "သရေစည်သူဘွဲ့" ကို
KBZ Bank နာယက နှင့် KBZ Group ကို တည်ထောင်သူ
ဝဏ္ဏကျော်ထင်၊ စည်သူ ဦးအောင်ကိုဝင်း

မှ

ချီးမြှင့်အပ်နှင်းခံရသည့်အတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်ရပါကြောင်းနှင့် နိုင်ငံအကျိုးပြုဆိုင်ရာ ကဏ္ဍအသီးသီး၌ စွမ်းစွမ်းတမံ ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း ဂုဏ်ပြုအပ်ပါသည်။

အဂ္ဂမဟာသီရိသုဓမ္မဓဇောတဓရ
ဦးကိုကိုထွေး(လူမှုထူးချွန်ပထမဆင့်)
ဥက္ကဋ္ဌ
တော်ဝင်မိသားစုကုမ္ပဏီလီမိတက်

---

### ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဗလ္လိက(၁၂)လမ်း၊ တိုက်အမှတ်(၃၀၄)ရှိ နှစ်ခန်းတွဲ ခြောက်ထပ်တိုက်၏မြေညီထပ် (တိုက်မျက်နှာမူလျှင် ဘယ်ဘက်ခြမ်း)အကျယ်အဝန်း ပေ(၁၇x၅၄)၊ ထပ်ခိုးတစ်ဝက်ပါအမြင့်(၁၇ပေ)ခန့်ရှိ တိုက်ခန်းနှင့်ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်နိုင်ပါကြောင်း

အထက်ဖော်ပြပါ တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမျိုးမင်းမင်းဦး[၃/ဘအန(နိုင်)၁၉၉၅၀၇]ထံမှ ဦးအောင်သူဟိန်း[၁၀/သတန(နိုင်)၂၁၃၈၈၄]က အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**တရားလွှတ်တော်ရှေ့နေများ–**

| | | | |
|---|---|---|---|
| ဒေါ်ဆွေဆွေ | ဦးမြင့်သန်း | ဒေါ်သီရိလှိုင် | ဦးအောင်ဇော်မိုး |
| (စဥ်–၃၀၀၃) | (စဥ်–၆၉၆၃) | (စဥ်–၁၅၂၆၀) | (စဥ်–၁၆၃၅၆) |

**Zaluckpwint Real Estate & Law Firm 2013@gmail.com**
**အမှတ်(၅၅/၅၆)၊ ကျိုက်ဝိုင်းဘုရားလမ်းမ၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။**
**Ph:09-5018076**

---

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အမှတ်–C–၁၄/၃၄၊ နေကြာ ၆လမ်း၊ ၄ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်တွင် ကျွန်ုပ်ဦးဘလင်းမှ အောက်ဖော်ပြပါ အမည်တံဆိပ်(၃)မျိုး

(၁) SWT
(၂) SWY
(၃) KSSL

အနက်မှ သင့်လျော်သော အမည်တံဆိပ်တစ်ခုဖြင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိသော သောက်ရေသန့်စက်ရုံများမှ အမည်တူရှိပါက ခိုင်လုံသော အထောက်အထားများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ဦးဘလင်းထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ၊ Viber ဖြင့်ဆက်သွယ်၍ ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ လာရောက်ကန့်ကွက်ခြင်းမပြုလုပ်ပါက သတင်းစာကြေညာချက်နှင့်အတူ အသုံးပြုလိုသော အမှတ်တံဆိပ်အမည်ဖြင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသို့ အမည်တူထောက်ခံချက်အား ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဘလင်း**
**ဖုန်း–၀၉–၅၁၃၄၃၈၇**

---

### ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ ဦးလှမောင်လမ်း၊ ကွင်းအမှတ်(၇)၊ အကွက်အမှတ်–အညာစု၊ ဦးပိုင်အမှတ် (၁၀၂/က–၁)၊ ဧရိယာ (၀.၂၂၁)ဧကရှိ မြေအမျိုးအစား–၃(ခ)ရရှိပြီး မြေကွက်သည် သန်လျင်မြို့ မြေစာရင်းဦးစီးဌာနရုံးတွင် ယခုရောင်းချသူဖြစ်သော ဒေါက်တာကြည်ကြည်ခိုင် [၁၂/သကတ(နိုင်)၀၂၀၇၆၃] အမည်ဖြင့်တည်ရှိပြီး ၎င်းမှယင်းမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မိမိတစ်ဦးတည်းသာ တရားဝင်အမည်ပေါက်လက်ရောက်ပိုင်ဆိုင်၍ ပြန်လည်ရောင်းချ ပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ပိုင်းကို ပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီး မြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဥမ္မာဖြိုး LL.B**
**အထက်တန်းရှေ့နေ (စဥ်–၄၀၇၁၄)**
**အမှတ်(၁၈)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၀၅၁၆၉၈၀၊ ၀၉–၉၆၀၇၇၃၈၃၃**

